မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၁၁၃)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလိုက ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ပေးအပ်စဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့က ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလို ဦးဆောင်သော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့(ICOE)သည် ကော်မရှင်၏ အပြီးသတ် အစီရင်ခံစာကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လာရောက်ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလိုအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အား လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အား သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလို ဦးဆောင်သော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ (ICOE)သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ - ၉

မြန်မာ့အလင်း

မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး

လူတို့အပေါ် ကျရောက်နိုင်သည့် အန္တရာယ်အမျိုးမျိုးတို့အနက် မီးဘေးသည် ကြီးမားစွာ ဒုက္ခပေးနိုင်သော အန္တရာယ်ကြီးတစ်ခု ဖြစ်ပါသည်။ 'သူခိုးခိုးလျှင် ကျန်ပေဦးမည်၊ မီးခိုးလျှင်မူ ကုန်ပါလေရော' ဟူသည့် စကားရပ်အတိုင်း မီးလောင်ပြီဆိုလျှင် ပစ္စည်းဥစ္စာ ထိခိုက်ဆုံးရှုံးမှုမှာ အတိုင်းမသိဖြစ်ပြီး လူ၏အသက် အန္တရာယ်ကိုပါ ထိခိုက်စေနိုင်သည့် သင်ခန်းစာများသည် မြန်မာနိုင်ငံတွင်မက နိုင်ငံတကာတွင်ပါ များစွာရှိပါသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလမှ စတင်လောင်ကျွမ်းသည့် သြစတြေးလျှနိုင်ငံ တောမီးကြီးမှာ ဧကပေါင်း သန်းနှင့်ချီအောင် ပျံ့နှံ့ခဲ့သည်။ သစ်တောဧရိယာ သန်းပေါင်း ၁၆ ဒသမ ၃၂ ဧကအထိ လောင်ကျွမ်းသွားခဲ့သည်ဟု ပြည်နယ်တရားဝင်ထုတ်ပြန်ချက်များကို ၂၀၂၀ ပြည့်နှစ် ဧနီလ ၀၂ရက် ၆ ရက်က ထုတ်ပြန်ပါသည်။

ထိုထုတ်ပြန်ကြေညာချက်များတွင် အဆိုပါတောမီးကြောင့် တစ်နိုင်ငံလုံးအနေဖြင့် အိုးအိမ် ၁၅၀၆ အိမ် ပျက်စီးဆုံးရှုံးခဲ့ပြီး လူ ၂၄ ဦး ဆုံးပါးခဲ့သည်ဟု သိရသည်။ ကိုအားလား ဝက်ဝံကောင်ရေ ချည်းပင် ၈၀၀၀ ခန့်အပါအဝင် သန်းငါးရာထက် မနည်းသော တောကောင်ကြီးငယ် တိရစ္ဆာန်မျိုးစုံ သေကျေပျက်စီးခဲ့ရလေသည်။

ယင်းဧရိယာပမာဏမှာ ဘယ်လ်ဂျီယံနှင့် ဒိန်းမတ် နှစ်နိုင်ငံ ပေါင်းထက်ပင် ပိုမိုကြီးမား၏။ မန္တလေးတိုင်းဒေသကြီး၏ ဧရိယာမှာ ဧက ၉ ဒသမ ၃ သန်းကျော်ရှိသည်နှင့် နှိုင်းယှဉ်ကြည့်လျှင် မည်မျှ ကြီးမားကျယ်ပြန့်မည်ဆိုသည်ကို ခန့်မှန်းနိုင်ပါလိမ့်မည်။

နိုင်ငံတကာသတင်းဌာနများ၏ ထိုရက်နောက်ပိုင်း သတင်း များအရ အထက်ပါစာရင်းများထက် ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။ ထိုသတင်းများအရဆိုလျှင် မီးလောင်ကျွမ်းသည့် ဧရိယာမှာ ၁၇ ဒသမ ၉ သန်းအထိ ရှိသည်ဟူ၏။

ထိုတောမီးလောင်မှုတွင် မီးစတင်ဖြစ်ပွားမှုသည် တမင် ပြုလုပ်ခြင်းဖြစ်နိုင်သည်၊ လူအချို့၏ ပယောဂမကင်းဟူသော သံသယဖြင့် လူ ၂၄ ဦးကို စုံစမ်းစစ်ဆေးနေသည်ဟု နိုင်ငံတကာသတင်းအချို့အရ သိရ၏။ အဓိကအားဖြင့်မူ သြစတြေးလျှနိုင်ငံ၏ ရာသီဥတုက စက်တင်ဘာလ လောက်က စတင်ပူပြင်းသည့် နွေဦးရာသီရောက်ရှိလာပြီး ဒီဇင်ဘာလတွင် နွေရာသီစကာ ဧန်နဝါရီလ၊ ဖေဖော်ဝါရီလများသည် အပူဆုံးကာလ များဖြစ်လာလေရာ ရာသီဥတုပူပြင်းမှုနှင့် ခြောက်သွေ့မှုတို့ကြောင့် ဤမျှလောက် ကြီးကြီးကျယ်ကျယ်ဖြစ်ပွားခဲ့ရသည်ဟု ယေဘုယျအားဖြင့် ကောက်ချက်ချထားသည်။

မီးခိုးငွေ့များ နိုင်ငံအနှံ့လိုလို ပျံ့နှံ့ရောက်ရှိလာခြင်းကြောင့် လေထုညစ်ညမ်းမှုပမာဏကလည်း အန္တရာယ်ရှိသည့်အဆင့်ထက် ဆယ်ဆမကမြင့်တက်လာနေသည်ဟုဆိုပါသည်။ မီးလောင်ကျွမ်းမှုက သစ်တော ဧရိယာများတွင် ဖြစ်ပွားသည်ဆိုသော်လည်း မဲလ်ဘုန်း၊ ဆစ်ဒနီ စသည့် မြို့ကြီးများကိုပါ များစွာထိခိုက်စေခဲ့ပါသည်။

ကမ္ဘာတစ်လွှားဖြစ်ခဲ့ဖူးသော တောမီးများသမိုင်းအရဆိုလျှင် ၂၀၁၉ ခုနှစ်က လောင်သည့် အမေဇုန်သစ်တောမီး ၁၇ ဒသမ ၅ သန်း ဧက (ဘရာဇီးအစိုးရ၏ သတင်းထုတ်ပြန်ချက်)၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောမီးတွင် ၂၀၁၈ ခုနှစ်တွင် မြေဧရိယာ ဧက တစ်သန်း၊ ၂၀၁၉ ခုနှစ်တွင် မြေဧရိယာဧက နှစ်သိန်းကျော် လောင်ကျွမ်းခဲ့သည်ဟု ဆိုပါသည်။ မီးဘေးအန္တရာယ်သည် ကမ္ဘာမြေကို မည်မျှလောက် ထိခိုက်ဆုံးရှုံးစေသည်ကို သတိချပ်သင့်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိမြို့များသည်လည်း နွေပေါက်လာပြီဆိုသည်နှင့် များစွာ သတိထားနေသည့်ကြားကပင် မီးလောင်မှုက ဖြစ်ပွားတတ်နေလေ့ရှိ၏။ ပေါ့ပေါ့ဆဆနှင့် ကောင်းစွာဂရုမစိုက်နေခဲ့မှုများကြောင့် အလွန်ဝမ်းနည်းဖွယ်များနှင့် ကြုံခဲ့ကြရသည့် အတွေ့အကြုံများ မြန်မာနိုင်ငံတွင် ရှိပါသည်။

မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန၏ မီးဘေးအန္တရာယ်နှင့် ပတ်သက်သည့် သတိပေးချက်မှာ မီးဘေးရှောင် မလောင်ခင်တား ဟူ၏။ ကြိုတင်ကာကွယ်ခြင်း၊ မီးနှင့်ပတ်သက်လျှင် မှတ်မှတ်သားသားနှင့် ဂရုတစိုက် သုံးစွဲခြင်းတို့ ပြုလုပ်ကြရန် ဖြစ်ပါသည်။ ကြိုတင်ကာကွယ်ရာတွင်လည်း အဆောက်အအုံများ အသုံးပြုမှုအလိုက်၊ အထပ်အမြင့်အလိုက် မီးသတ်ပိုက်ခေါင်း၊ မီးခိုးငွေ့အချက်ပေးစနစ်၊ ရေဖျန်းစနစ်၊ အရေးပေါ်လှေကားစနစ်စသည့် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း ပြင်ဆင်ထည့်သွင်းထားရန်နှင့် လျှပ်စစ်မီးအသုံးပြုပြီးသည်နှင့် သတိထားကာ ပြန်ပိတ်ကြရန်ကအစ အရေးကြီးပါသည်။

အကယ်၍ ဖြစ်လာခဲ့လျှင်လည်း မည်သို့လွတ်မြောက်ရမည်၊ မည်သို့ စုဝေးရမည် အစရှိသည့် ထွက်ပြေးလွတ်မြောက်နည်း စသည်တို့ကို လေ့လာပြင်ဆင်ထားရန်လည်း လိုပါမည်။

တောနယ်မြို့ပြမဟူ နွေရာသီဖြစ်နေသည့်အတွက် မီးဘေးအန္တရာယ်မှာ အခြားအချိန်များထက် ပိုမိုဂရုထားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း နှိုးဆော်လိုက်ရပါသတည်း။ ။

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅)မှုကို စီရင်ချက်ချမှတ်၊ (၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဧန်နဝါရီ ၂၀

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးခင်မောင်ကြည်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားပြတိုက်(ရန်ကုန်) ၌ မြန်မာပန်းချီပညာရှင် ၁၇ ဦး၏ နှင်းစက်နဲ့လမ်း မြန်မာ့အလှပုံရိပ် ပန်းချီပြပွဲကျင်းပ

ရန်ကုန် ဧန်နဝါရီ ၂၀

မြန်မာပန်းချီပညာရှင် ၁၇ ဦး၏ ရေဆေး၊ အခရိုင်းလစ်၊ မစ်စ်မီဒီယာ စသည့် ပန်းချီကားချပ် ၆၅ ကား ပါဝင်သည့် နှင်းစက်နဲ့လမ်း မြန်မာ့အလှ ပုံရိပ်ပန်းချီပြပွဲကို အမျိုးသားပြတိုက်(ရန်ကုန်)၌ ယနေ့မှ စတင်ခင်းကျင်းပြသသည်။

နှင်းစက်နဲ့လမ်း မြန်မာ့အလှပုံရိပ်ပန်းချီပြပွဲ၌ ခင်းကျင်းပြသထားသည့် ပန်းချီကားများအား ကြည့်ရှုလေ့လာကြစဉ်။
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

အဆိုပါပန်းချီပြပွဲကို မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်းက စီစဉ်တင်ဆက်ပြီး ဧန်နဝါရီ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း သုံးရက်တာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်း ပန်းချီပြပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ပန်းချီ နိုပိုဦးက မြန်မာ-တရုတ် သမိုင်းကြောင်းရှည်လျားစွာ ရင်းရင်းနှီးနှီးဆက်ဆံလာခဲ့သည်မှာ နှစ်ပေါင်းကြာပြီဖြစ်ပါကြောင်း၊ သူ့တိုင်းပြည်တွင် သူ့လူမျိုး၏ ယဉ်ကျေးမှုများရှိသလို ကိုယ့်တိုင်းပြည်တွင်လည်း ကိုယ့်ယဉ်ကျေးမှုက ခိုင်မာတည်တံ့ခဲ့ပါကြောင်း၊ ထိုယဉ်ကျေးမှုများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်သူများ အပြန်အလှန် တန်ဖိုးထားပြီး ချစ်ကြည်ရင်းနှီးရန်၊ အခွန့်ရှည်ရန် အတွက် အလေးထားပါကြောင်း၊ အဆိုပါ ပြပွဲများလုပ်ရင်း နှစ်နိုင်ငံ ပြည်သူများ ပိုမိုနွေးထွေးလာမည် ဖြစ်ပြီး ယဉ်ကျေးမှုများလည်း အပြန်အလှန် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ အနုပညာများကို ဖော်ထုတ်သည့်အခါ ပန်းချီတစ်မျိုးတည်းမှ မဟုတ်ဘဲ စာပေ၊ ရုပ်ရင်၊ ဂီတ၊ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုများကိုပါ နှစ်နိုင်ငံ အပြန်အလှန် အတူတကွ လက်တွဲပြီး ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ရိုးရာယဉ်ကျေးမှု အသီးသီးကို နှစ်နိုင်ငံ ပြည်သူများ ပိုမိုနားလည်သိရှိခံစားနိုင်ရေး အပြန်အလှန် လေးစားတန်ဖိုးထား အကောင်အထည်ဖော်နိုင်ရေးနှင့် လူမှုအကျိုးစီးပွားများ လက်တွဲဖော်ဆောင်နိုင်ရေး စသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးလှိုင်ဝင်းက မြန်မာ-တရုတ် ယဉ်ကျေးမှုကို မြှင့်တင်ရန်နှင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြပွဲကို ပြီးခဲ့သည့်နှစ်ပိုင်းက ပြသရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုပွဲသည် ပထမဆုံးခြေလှမ်း ပြပွဲဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်အနေဖြင့် အသင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှပ်ရှင်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းပြီး ရိုက်ကူးရန် ပြင်ဆင်နေပါကြောင်း ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒါရိုက်တာ Mr. Hu Billy က မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်းက မြန်မာနိုင်ငံတွင် ပုဂံဒေသနောက်ခံထားပြီး ယဉ်ကျေးမှုဆိုင်ရာ ရင်းနှီးမှုကို အခြေခံသည့် ရုပ်ရှင်ဇာတ်ကားကို တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ရိုက်ကူးသွားမည် ဖြစ်ပါကြောင်း၊ မကြာခင်တွင် ရိုက်ကူးရန် စီစဉ်နေပါဖြစ်ကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံမှ သရုပ်ဆောင်များပါဝင်ပြီး အချစ်၊ အလွမ်း၊ ဟာသနှောထားသည့် ဇာတ်ကားကို ရိုက်ကူးရန် စီစဉ်နေကြောင်း ပြောကြားသည်။

အလားတူ မြန်မာ-တရုတ် ယဉ်ကျေးမှု အသင်းအနေဖြင့် ယဉ်ကျေးမှုကိစ္စရပ်များအပြင် ပုဂံခေတ် လေးခေတ်ကိုအခြေခံပြီး ပုဂံဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းသည့် ဓာတ်ပုံပြပွဲ တစ်ခုကိုလည်း ပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နှင်းစက်နဲ့လမ်း မြန်မာ့အလှပုံရိပ် ပန်းချီပြပွဲကို မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးလှိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်အေးနှင့် ဒါရိုက်တာ ပန်းချီ ဦးစိုးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဝင်းဝင်းမော်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလို ဦးဆောင်သော လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့(ICOE) အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

● *ရှေ့ဖုံးမှ*

ပေးအပ်ပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဗိုအိုရှီးမားနှင့် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်တို့ တက်ရောက်ကြသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၈ ခုနှစ်သြဂုတ်လ ၁၅ရက်ရက်စွဲပါနိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် ကော်မရှင်၏သက်တမ်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၀ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက် အထိ ခြောက်လ တိုးမြှင့်ခဲ့သည်။

ကော်မရှင်ကို ARSA အဖွဲ့က ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက်ပိုင်း ဖြစ်ပွားလာသည့် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့် ယင်းနှင့်ဆက်စပ်သောကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်၊ ကော်မရှင်အနေဖြင့် တာဝန်ရှိမှုကို စုံစမ်းဖော်ထုတ်ရန်နှင့် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စပ်လျဉ်း၍ အကြံပြုချက်များပေးရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃/၂၀၂၀) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၃/၂၀၂၀)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဥာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်ဆောင်ရွက်သွားမည်

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပြင်ဆင်ရေးပူးပေါင်းကော်မတီ အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းအခန်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲများအပေါ် အခြေပြု ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှစ်ခု အပေါ်တွင် အတည်ပြုခဲ့ကြသည်။ အဆိုပါဥပဒေကြမ်းနှစ်ခုကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမကျင်းပမီ လွှတ်တော်သို့ အချိန်မီတင်သွင်းသွားနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၃/၂၀၂၀) ကျင်းပစဉ်။

သတင်းစဉ်

အသီးတစ်ရာ အညှာတစ်ခု ဒို့ညီနောင်ထု ဒို့တည်ထောင်မှု ဒို့ပြည်ထောင်စု။

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

❑ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမားနှင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အား သံအမတ်ကြီး မစ္စရိုဆာရီယို မယ်နာလို ဦးဆောင်သော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့(ICOE)က လာရောက်တွေ့ဆုံစဉ်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ၁၅၁ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၁၅၁ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုံဓာတ်အားပေးစက်ရုံအစည်းအဝေးခန်းမ၌ အလုံဓာတ်အားပေးစက်ရုံ စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ တင်ဒါခေါ်ယူထားသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကုမ္ဗဏီများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အလုံဓာတ်အားပေးစက်ရုံမှူးက ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှု အခြေအနေနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက် ပို့လွှတ်၍ ဓာတ်အား ဖြန့်ဖြူးပေးထားမှုအခြေအနေ၊ Consortium of MCM & Posco ကုမ္ဗဏီမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် စတင် ဓာတ်အားထုတ်နိုင်မည့် ရွှေတောင် ၂၈ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Consortium of CEEC, CIC and NSRD ကုမ္ဗဏီမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် မတ်လကုန်တွင် စတင် ဓာတ်အားထုတ်နိုင်မည့် အလုံ ၁၅၁ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Consortium of CNTIC & VPower ကုမ္ဗဏီမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် မတ်လ၊ ဧပြီလနှင့် မေလတို့တွင် စတင် ဓာတ်အားထုတ်နိုင်မည့် ကျွန်းချောင်း မဂ္ဂါဝပ် ၂၀ ၊ ကျောက်ဖြူ မဂ္ဂါဝပ် ၁၅၀ ၊ သန်လျင်မဂ္ဂါဝပ် ၃၅၀ နှင့် သာကေတ မဂ္ဂါဝပ် ၄၀၀ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံအတွင်း ၁၅၁ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ **သတင်းစဉ်**

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်များ စက်စွမ်းအားပြည့် မောင်းနှင်ထုတ်လုပ်နိုင်ရေးအတွက် စက်များ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် အချိန်မီ စစ်ဆေးဆောင်ရွက်သွားကြရန်၊ မိမိတို့ လုပ်ဆောင်နေသည့် လုပ်ငန်းများသည် တိုင်းပြည်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နေသည်ဖြစ်သဖြင့် မိမိတို့၏ လုပ်ငန်းကျွမ်းကျင်မှုကို အခြေခံ၍ စေတနာထားပြီး မိမိတို့တာဝန်ယူရသည့် ကျရာတာဝန်ကို ဝိုင်းဝန်း ဆောင်ရွက်သွားကြရန်၊ ဓာတ်အားပေးစက်ရုံများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံကြီးများဖြစ်သည့် အတွက် စက်ရုံရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ဓာတ်အားပေးစက်ရုံစီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စက်ပစ္စည်းများ၊ မြို့ပြပိုင်းဆိုင်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်တပ်ဆင်မှုလုပ်ငန်းများကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီ စွာဖြင့် လာမည့်နွေရာသီအမီ ပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၁၅၁ မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ တင်ဒါခေါ်ယူ ဆောင်ရွက်ထားသည့် မကွေး၊ ရွှေတောင်၊ ကျွန်းချောင်း၊ အလုံ၊ ကျောက်ဖြူ၊ သန်လျင်နှင့် သာကေတတို့တွင် ဓာတ်အားပေးစက်ရုံ စီမံကိန်းအသစ် ခုနစ်ခုမှ စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ မကွေးမြို့ ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ **သတင်းစဉ်**

ထူးခြားသည့် အနိမ့်ဆုံး ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၀

ထူးခြားသည့် အနိမ့်ဆုံး ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့၊ ကျောက်မဲမြို့၊ တီးတိန်မြို့၊ ရမ်ကလောင်းနှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ပူတာအိုမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။ **မိုး/ဇလ**

ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။

နိုင်ငံတော်သမ္မတအနေဖြင့် ထိခိုက်ခံစားခဲ့ရသူများအားလုံးအတွက် စာနာဝမ်းနည်းကြောင်းဖော်ပြခဲ့ပြီး တာဝန်ခံမှုနှင့် တရားမျှတမှုရှိစေရေးအတွက်လည်းကောင်း၊ အဆင့်မီ လုံခြုံရေးတပ်ဖွဲ့များ ဖြစ်လာစေရေးအတွက်လည်းကောင်း ဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်
၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧရန်နဝါရီလ ၂၁ ရက်)

၁။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry–ICOE) ၏ အပြီးသတ်အစီရင်ခံစာကို လက်ခံရရှိပြီး ဖြစ်သည်။ နိုင်ငံတော်သမ္မတရုံးသည် ၂၀၁၆–၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်နှင့် ARSA အကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု ဖြစ်စဉ်များအတွင်း ရခိုင်ပြည်နယ်၌ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် ယင်းကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။

၂။ နိုင်ငံတော်သမ္မတက ယင်းကော်မရှင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့နှင့် ကူညီပံ့ပိုးပေးခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိသည်။ အဆိုပါကော်မရှင်တွင် ဥက္ကဋ္ဌ အဖြစ် သံအမတ်ကြီး ရိုဆာရီယို မယ်နာလို (ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်)၊ အဖွဲ့ဝင်များအဖြစ် သံအမတ်ကြီး ကင်ဇိုအိုရိုးမား (ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်းနှင့် ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြတမ်း ကိုယ်စားလှယ်ဟောင်း)၊ ဦးမြသိန်း (ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ဥက္ကဋ္ဌဟောင်း) နှင့် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

၃။ အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာသည် ကျယ်ပြန့်ပြည့်စုံမှုရှိပြီး နောက်ဆက်တွဲ (၃၁)ခု အပါအဝင် စုစုပေါင်း စာမျက်နှာ (၄၅၀) ကျော်ပါရှိသည်။ ကော်မရှင်သည် ထိုဖြစ်စဉ်ကာလများအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ သက်သေများ၏ထွက်ဆိုချက် စုစုပေါင်း (၁၅၀၀)ခန့်တို့အား သေချာစွာစုဆောင်းခဲ့ပြီး ယင်းထွက်ဆိုချက်များအပေါ်အခြေခံ၍ အစီရင်ခံစာတွင် လေ့လာသုံးသပ်ချက်များဖြင့် ပြုစုတင်ပြထားသည်။ နိုင်ငံတော်သမ္မတက ကော်မရှင်သို့ လာရောက်ထွက်ဆို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသူများကို ကျေးဇူးတင်ရှိသည်။

၄။ တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း ARSA အဖွဲ့ဝင်များနှင့် ၎င်းတို့၏ အလိုတူပူးပေါင်းပါဝင်ခဲ့သူများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အရပ်သားများက စစ်ရာဇဝတ်မှုများ ကျူးလွန်မှုများရှိခဲ့သည်ဟု ကော်မရှင်မှ တွေ့ရှိခဲ့သည်။ အရပ်သားများအား သတ်ဖြတ်ခြင်း၊ အင်အားမမျှမတသုံးစွဲခြင်း၊ လုယက်မှုကျူးလွန်ခြင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် မူဆလင်များ၏ စွန့်ခွာသွားသော နေအိမ်များကို ဖျက်ဆီးခြင်းစသည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ကော်မရှင်သည် ကျေးရွာများ၊ အထူးသဖြင့် မင်းကြီးရွာ (တူလာတိုလီ)၊ ရွှတ်ပြင်ရွာနှင့် မောင်နရွာတို့တွင် အသက်ဆုံးရှုံးမှု များပြားခဲ့ကြောင်း စုံစမ်းတွေ့ရှိ ခဲ့သည်။ လူမျိုးပြန်းတီးစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ကျူးလွန်ခဲ့သည်ဟု ကောက်ချက်ချနိုင်သော လုပ်ဆောင်ချက်မျိုး ဖြစ်ပွားခဲ့ခြင်း အလျဉ်းမရှိခဲ့ကြောင်း ကော်မရှင်၏တွေ့ရှိချက်များက ဖော်ပြခဲ့သည်။

၅။ ကော်မရှင်၏ အကြံပြုချက် (၂၂) ချက် အနက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံး တို့အနေဖြင့် လိုအပ်သည့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် အကြံပြုချက်ပါဝင်သည်။

၆။ နိုင်ငံတော်သမ္မတက ကော်မရှင်၏အကြံပြုချက်အတိုင်း ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားစေရန်နှင့် အထောက်အထားများခိုင်လုံပါက တရားစွဲဆိုမှုများ ပြုလုပ်သွားစေရန် သဘောတူသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများအတွင်း ပေါ်ပေါက်ခဲ့သော ပစ္စည်းဥစ္စာ ဖျက်ဆီးခံရမှုများ (သို့မဟုတ်) လုယက်မှုများ (သို့မဟုတ်) အရပ်သားများက ကျူးလွန်ခဲ့သည့် အခြားရာဇဝတ်မှုကြီးများအား ဆက်လက် စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ ပြုလုပ်သွားစေရန်အတွက် နိုင်ငံတော်သမ္မတက ကော်မရှင်၏ အစီရင်ခံစာ အပြည့်အစုံကို နောက်ဆက်တွဲများနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ဖြစ်သည်။ နိုင်ငံတော်သမ္မတက ARSA အဖွဲ့ဝင်များ (သို့မဟုတ်) အလိုတူ ပူးပေါင်းပါဝင်ခဲ့သူများက ကျူးလွန်ခဲ့သည့် ကြီးလေးသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ မည်သို့ပြုလုပ်သွားသင့်သည်ကို စစ်ဥပဒေချုပ်နှင့် လိုအပ်သကဲ့သို့ တိုင်ပင်ဆောင်ရွက်သွားရန်လည်း ပြည်ထောင်စုရှေ့နေချုပ်အား အကြောင်းကြားထားသည်။

၇။ တပ်မတော်သားများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် ရာဇဝတ်မှုများ၊ အထူးသဖြင့် မင်းကြီးနှင့် ရွှတ်ပြင် ကျေးရွာများတွင် သတ်ဖြတ်မှုများနှင့် စွန့်ခွာခဲ့သည့် မူဆလင်ကျေးရွာများရှိ နေအိမ်မီးလောင်မှုများကို တားဆီးရန် ပျက်ကွက်ခဲ့ခြင်းတို့အပေါ် တပ်မတော်စစ်ဥပဒေချုပ်ရုံးအနေဖြင့် လက်ရှိဆောင်ရွက်ဆဲဖြစ်သော စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲမှုများကို တိုးချဲ့ဆောင်ရွက်နိုင်စေရန်အလို့ငှာ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကော်မရှင်၏ အစီရင်ခံစာအပြည့်အစုံနှင့် နောက်ဆက်တွဲများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်း ပေးပို့ခဲ့ပြီး ဖြစ်သည်။

၈။ နိုင်ငံတော်သမ္မတအနေဖြင့် ထိခိုက်ခံစားခဲ့ရသူများအားလုံးအတွက် စာနာဝမ်းနည်းကြောင်း ဖော်ပြခဲ့ပြီး တာဝန်ခံမှုနှင့် တရားမျှတမှုရှိစေရေးအတွက် လည်းကောင်း၊ အဆင့်မီ လုံခြုံရေးတပ်ဖွဲ့များ ဖြစ်လာစေရေးအတွက် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားအပ်သည်။

၉။ နိုင်ငံတော်သမ္မတက ကော်မရှင်၏ အစီရင်ခံစာ အနှစ်ချုပ်ဖော်ပြချက်ကို ထုတ်ပြန်သွားရန်လည်း ညွှန်ကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းဒေသကြီး / ပြည်နယ် တာဝန်ခံအရာရှိများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် ဧရန်နဝါရီ ၂၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်ဆန်စွာဆောင်ရွက်

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး ပြည်နယ်ညွှန်ကြားရေးမှူးရုံး တာဝန်ခံအရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်မှုကို ရှင်းရှင်းလင်းလင်းသိရှိပြီး ဝန်ကြီးဌာနကို ကိုယ်စားပြုသဖြင့် ဌာနခွဲခြားလုပ်ဆောင်ခြင်းကို အထူးရှောင်ကြဉ်ရန်၊ တာဝန်ခံအရာရှိမဟုတ်သော ဦးစီးဌာန တာဝန်ရှိသူများကလည်း တာဝန်ခံအရာရှိ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပူးပေါင်းပံ့ပိုးကူညီရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာ၌ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိရောက်မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်ရန်၊ ဦးစီးဌာနနှစ်ခု၏ တာဝန်ဝတ္တရားများသာမက ပြည်ထောင်စုဝန်ကြီးရုံးက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များအပေါ် တာဝန်ယူ တာဝန်ခံဆောင်ရွက်ရမည်ဖြစ်၍ ရုံးစိုက်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၏ အစိုးရအဖွဲ့၊ အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသင်းအဖွဲ့များနှင့် အလုပ်သဘော ဆွေးနွေးဆက်ဆံရသည့် ကိစ္စရပ်များတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို တာဝန်ခံကိုယ်စားပြုရမည်ဖြစ်ကာ ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်မကျဆင်းစေရန် အထူးဂရုပြုလျက် ဝန်ထမ်းများက စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ကြရန်၊ ဝန်ကြီးဌာနအပေါ် ဒေသခံပြည်သူလူထုက လေးစားအားကိုးစေရေးအတွက် ဒေသခံများ၏ လိုအပ်ချက်များကို အလျင်မြန်ဆုံးအကောင်းမွန်ဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနိုင်ရေး အထူးအလေးပေး ကြိုးစားဆောင်ရွက်သွားကြရန်၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းတာဝန်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေ၊ နည်းဥပဒေများကို ကျေညက်စွာ လေ့လာသိရှိထားရန်နှင့် နည်းဥပဒေ အခန်း(၆)၌ ဖော်ပြပါရှိသော "စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း" ခေါင်းစဉ်အောက်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဦးစီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ စီမံကိန်းများအကောင်အထည်ဖော်မှုတွင် ဆက်စပ်ဌာနများနှင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက ဝန်ထမ်းများသည် တိုင်းရင်းသားများဖြစ်ကြ၍ စည်းလုံးညီညွတ်မှုရှိရန်၊ တာဝန်ခံအရာရှိများသည် ဦးစီးဌာနနှစ်ခု၏ တာဝန်ခံအဖြစ် သတ်မှတ်တာဝန်ပေးအပ်ပြီးဖြစ်၍ စွမ်းဆောင်ရည်ထက်မြက်ကာ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ လက်စွဲဖြစ်ရန်နှင့် ရုံးအဆောက်အအုံကို Ethnic Communication Center (ECC) အဖြစ် အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ရေးတို့ကို ဖြည့်စွက်ပြောကြားသည်။

အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြ

ယင်းနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံအရာရှိများက မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် တိုင်းရင်းသားရေးရာအပါအဝင် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက လိုအပ်ချက်များကို ဖြည့်စွက်ညှိနှိုင်းပေးပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်းခံရသော ဝန်ထမ်းများအတွက် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေများကိုချီးမြှင့်ရာ ဂုဏ်ပြုခံဝန်ထမ်းများက လက်ခံရယူကြသည်။

တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲများ ကျင်းပလျက်ရှိ

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပြည်နယ်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ၁၄ ရုံး ဖွင့်လှစ်ကာ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခဲ့ပြီး အရာထမ်း အမှုထမ်းများက သက်ဆိုင်ရာ အစိုးရအဖွဲ့အပါအဝင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်အစုအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း၍ ဒေသခံတိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်မှုများအပြင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိတည်ဆောက်ပြီးစီးသော ရုံးအဆောက်အအုံများတွင် တိုင်းရင်းသားများ၏ ဆွေးနွေးပွဲများ၊ အခမ်းအနားများ၊ နေ့ထူးနေ့မြတ်ပွဲများ၊ သင်တန်းများ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းကျင်းပ

သတင်းအဖွဲ့

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားစွဲဆို လျှောက်ထားမှုကို ဧနှစ်ဝါရီလ ၂၃ ရက်နေ့ တွင် ကြားဖြတ်အစီအမံ (Provisional Measures) ချမှတ်မည်ဟု သိရှိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဧနှစ်ဝါရီလ ၁၉ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းကို ထုတ်လွှင့်ခဲ့သည်။

အဆိုပါ စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် ရှေ့နေကောင်စီ၏ အသိအမှတ်ပြုရှေ့နေ ဦးသီဟန်မျိုးညွန့်(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့) နှင့် ဝါရှင်တန်ဒီစီအခြေစိုက် Law Firm တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ၊ ဥပဒေရေးရာအကြံပေးအဖွဲ့ဝင် ဦးကျော်တင်(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည် –

ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်း ကျင်းပစဉ်။

ဦးကိုကို ။ ။ ဧနှစ်ဝါရီလ ၂၃ ရက်နေ့မှာတော့ ကြားနာမှုနဲ့ ပတ်သက်ပြီး ICJ က အမိန့် ချမှတ်မယ်ဆိုတဲ့ သတင်းရရှိပါတယ်။ အဖွဲ့ဝင်တွေအနေနဲ့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုစီစဉ် ဆောင်ရွက်ထားတယ်ဆိုတာသိချင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက စတင်ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါတယ်။

ဦးကျော်တင့်ဆွေ။ ။ ဆရာဦးကိုကို ပြောသလို ICJ ကိစ္စဟာ ပြည်သူလူထုအများကြီး စိတ်ဝင်စားနေတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကောင်းနိုးရာရာ ပြောနေ၊ ပြုနေတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိပါတယ်။ ဧနှစ်ဝါရီလ ၂၃ ရက်နေ့မှာ ICJ မှာ Provisional Measures လို့ခေါ်တဲ့ ဂမ်ဘီယာနိုင်ငံကနေ တင်သွင်းထားတဲ့ ကိစ္စကို ဆုံးဖြတ်ချက်ချဖို့ရှိပါတယ်။ အဲဒီဆုံးဖြတ်ချက်ချမယ့်ကိစ္စမှာလည်း ကျွန်တော်တို့ နိုင်ငံက ကိုယ်စားလှယ်အဖွဲ့ ဖွဲ့ပြီးတော့ သွားရောက်ဖို့ရှိပါတယ်။

ဒီတစ်ခေါက်မှာတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လိုက်ပါစရာမလိုတဲ့ အတွက် လိုက်ပါမှာမဟုတ်ပါဘူး။ ကျွန်တော့် အနေနဲ့ ပူးတွဲကိုယ်စားလှယ်အဖြစ် သွားရောက်မှာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူတူ စကားဝိုင်းမှာရှိနေကြတဲ့ ဒီပုဂ္ဂိုလ် သုံးဦးဟာလည်း ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပါမှာဖြစ်ပါတယ်။

အဲဒါအပြင် ကျွန်တော်တို့ဌားထားတဲ့ နိုင်ငံတကာဥပဒေပညာရှင် ရှေ့နေများ အနေနဲ့လည်း ICJ ကို လာရောက်မှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်သူကို ရှင်းပြသင့်တဲ့ အချက်တွေကိုရှင်းပြနိုင်ခွင့် ရှိမှာဖြစ်တဲ့အတွက်လည်း များစွာ ကျေးဇူးတင်ပါတယ်။ ရှင်းပြဖို့လည်းလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခုနက ကျွန်တော် ပြောသလိုပဲ ကောင်းနိုးရာရာပြောနေတဲ့ ကိစ္စတွေက မှန်တာလည်းရှိတယ်၊ စိတ်ကူးနဲ့ ပြောတာလည်းရှိတယ်၊ ဘာသာရပ်ကျွမ်းကျင်မှု မရှိတဲ့အတွက် ပြောတာလည်းရှိတယ်။ အဲဒီတော့ ပြည်သူတွေ တကယ့် အခြေအနေမှန်သိအောင် အခုလို စကားဝိုင်းလေးလုပ်ခြင်းဟာ များစွာအကျိုးရှိတယ်လို့ ထင်ပါတယ်။

ဦးကိုကို ။ ။ ICJ နဲ့ မြန်မာနိုင်ငံစကားဝိုင်းဆိုတော့ ကျွန်တော်တို့ ရှေ့ပိုင်းမှာလည်း ပြောထားပါတယ်။ အခုထပ်ပြီးတော့ ပြည်သူတွေလည်းသိစေချင်ပါတယ်။ အဲဒါက ကျွန်တော်တို့ ICJ လို့ပြောပြောနေတဲ့ ICJ ဆိုတာဘာလဲ၊ ICJ မှာ ကိစ္စတစ်ခုခုဖြစ်လာရင် ဘယ်လိုမျိုးဖြေရှင်းကြသလဲ၊ အဆင့်ဆင့် ဆောင်ရွက်ပုံပေါ့။ အဲဒါနဲ့ ပတ်သက်ပြီး ဦးသီဟန်မျိုးညွန့် နည်းနည်းလောက် ဆွေးနွေးပေးပါ။

ဦးသီဟန်မျိုးညွန့်။ ။ ဒီမေးခွန်းကို ကျွန်တော် ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံထဲမှာ ICJ Provisional Measures ဆိုပြီး ကြားနေတာတွေ အများကြီးပါပဲ။ ကျွန်တော် ဘာစဉ်းစားမိလဲဆိုတော့ ကျွန်တော့်အစ်ကိုကြီး တစ်ယောက် ပြောလေ့ပြောထရှိတဲ့ ကိစ္စတစ်ခုရှိပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ညနေပိုင်း ကစားရင် မိဘတွေက ကလေးတွေ အိမ်ထဲပြန်လာစေချင်ရင် ဒေဝေါကြီး လာဖမ်းသွားမယ်။ ဒေဝေါကြီးရှိတယ်ဆိုပြီးတော့ ခြိမ်းခြောက်တာလေးတွေရှိတယ်။ အဲဒီတော့ ICJ တို့ ၊ Provisional Measures တို့ ဆိုတာကလည်း ဒေဝေါကြီးနဲ့ ဒေဝေါလေးပေါ့ဗျာ။ အဲဒီလိုမျိုး မြင်နေကြတာလေးတွေရှိတယ်။ ဒါကြောင့် ICJ Procedures ကို ရှင်းပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

Provisional Measures ဆိုတာကို လွန်ခဲ့တဲ့လကလည်း အများပြည်သူ တော်တော်များများက TV မှာ တွေ့ရပါမယ်။ ကျွန်တော်တို့ သည်ဟိတ်ဂ်မြို့မှာ ကြားနာမှု ဆိုင်ရာကို သွားခဲ့ပါတယ်။ ဒါက Provisional Measures Stage ဆိုတော့ အမှန်တကယ်က ပွဲတောင် မစသေးဘူး။ ဒါပြီးမှ နောက်အဆင့်က ဘာဖြစ်လာမလဲဆိုတော့ Preliminary Objections တွေ၊ ကျွန်တော်တို့ ကန့်ကွက်ချင်တာတွေ ကန့်ကွက်လို့ ရပါသေးတယ်။ ကျွန်တော်တို့က ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုစဉ်းစားရမလဲဆိုတော့ ICJ တရားရုံး အနေနဲ့ရော တရားစီရင်ပိုင်ခွင့် ရှိသလား၊ မရှိဘူးလားဆိုတာကို ကျွန်တော်တို့က သေသေချာချာ Contest လုပ်ရပါမယ်။ ပြီးတော့မှ ကျွန်တော်တို့ရဲ့ ဘောလုံးပွဲက စမှာပါ။ ပြီးတော့မှ နောက်ဆုံးအဆင့်မှာမှ ကျွန်တော်တို့ရဲ့ အထောက်အထားတွေ၊ သူတို့ရဲ့ အထောက်အထားတွေ သွင်းရပါမယ်။

သူတို့ကလည်း သူတို့ရဲ့ အထောက်အထားတွေ သွင်းမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း ကျွန်တော်တို့မှာရှိတဲ့ Facts တွေ၊ ဘယ်ဥပဒေတွေ သုံးရမလဲ။ ဘယ်လိုမျိုးနည်းနဲ့ စဉ်းစားရမလဲဆိုတာက အစ သွင်းပြီးမှ နောက်ဆုံးအဆင့်မှာမှ ဆုံးဖြတ်ချက်ချမှာပါ။

ဦးကျော်တင့်ဆွေ။ ။ ဦးသီဟန်မျိုးညွန့် ပြောတော့မှ နောက်ဆုံး ဒေဝေါကြီး၊ ဒေဝေါကြီးဆိုတော့ ကျွန်တော်က ဘာကို သွားသတိရတုန်းဆိုတော့ ငယ်ငယ်က သင်ရတဲ့ စာအုပ်ထဲမှာ ဆင်ဆိုသည်မှာ ဆိုတာကို ခုနကပုံအတိုင်း ထင်မြင်ယူဆချက်တွေ အများကြီး ပြောနေတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်က အကုန်လုံးမှားတယ် မပြောပါဘူး။

ဦးကိုကို။ ။ **ပြည်ထောင်စုဝန်ကြီး တင်ပြတာက ကျွန်တော်တို့ငယ်ငယ်က သင်ခဲ့ရတဲ့ မျက်မမြင် ပုဏ္ဏားခြောက်ယောက်နဲ့ ဆင်ကြီး ကိစ္စထင်တယ်။**

ဦးကျော်တင့်ဆွေ ။ ။ မှန်ပါတယ်။ မျက်မမြင်တဲ့အတွက် ဆင်ရဲ့ နှာမောင်းကြီးကို ကိုင်ပြီးတော့ ဆင်ဆိုသည်မှာ မြွေပါလားလို့ ပြောတာလည်းရှိတယ်။ အဲဒီအခါကျတော့ ကိုယ့်အပိုင်း၊ ကိုယ့်အပိုင်းနဲ့ ပြောတော့ မှန်တာလည်းရှိမယ်၊ မှားတာလည်းရှိမယ်၊ ခြံုငုံပြီးပြောတော့မှ

စာမျက်နှာ ၇ သို့

"မြန်မာနိုင်ငံအနေနဲ့ Genocide Convention ကို ၁၉၅၆ ခုနှစ်ကတည်းက စဝင်တာပါ။ အဲ့ဒီအထဲမှာရှိတဲ့ Obligation တွေအားလုံးကို ကျေပွန်စွာတာဝန်ယူပြီး ထမ်းဆောင်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကို ဂမ်ဘီယာနိုင်ငံက တရားစွဲပြီးတော့ Genocide ဖြစ်ပါတယ်၊ Genocide Convention ကို ချိုးဖောက်မှုဖြစ်ပါတယ်လို့ တရားစွဲလာတာပါ။ ကျွန်တော်တို့ နောက်မှသိရတာက OIC က ကြံ့ဖန်ပြီး တော့ လုပ်တဲ့ကိစ္စပါ။ ခုက Provisional Measures တောင်းခဲ့တယ်။ အခု ၂၃ ရက်နေ့ကျရင် အမိန့်ကိုချမယ်။ အဲဒီမှာ သတ်မှတ်ချက်က နိမ့်လွန်းတော့ Provisional Measures ကို Indicate လုပ်ကောင်းလုပ်နိုင်တယ်၊ ချမှတ်ကောင်း ချမှတ်နိုင်မယ်။ အဓိကအချက်ကို မရောက်သေးဘူး။ ကျွန်တော် နှိုင်းယှဉ်ပြီး ပြောနိုင်တာက ဘောလုံးပွဲလိုပေါ့။ ဘောလုံးပွဲက စတောင်မစရသေးဘူး။ အခုမှ ဒိုင်လူကြီးက နှစ်ဖက်ကိုခေါ်ပြီး ပြောတယ်။ Genocide Convention အရဆိုရင် Obligation တွေရှိတယ်။ တာဝန်တွေရှိတယ်။ ပြန်ပြောမယ် ဒီတာဝန်တွေက ဒါတွေပဲဆိုတာကို ပြောသေးတဲ့ အဆင့်ပဲရှိတယ်"

“ကျွန်တော့်အနေနဲ့ ပြောရရင်လည်း Provisional Measures ကို ချကောင်းချနိုင်တယ်။ ဂမ်ဘီယာက တောင်းဆိုတာ အကုန်လုံးဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး။

ဒါပေမယ့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားတွေ နားလည်ရမှာက Provisional Measures ချလိုက်တိုင်း ကျွန်တော်တို့က ဒီအမှုကို ရှုံးသွားတာမဟုတ်ဘူး။ Provisional Measures ချလိုက်လို့ ပိုပြီးစိတ်ပျက်သွားတာ၊ စိုးရိမ်လာတာတို့ ဖြစ်စရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုတာ အခုနက ဦးကျော်တင် ဆွေးနွေးတဲ့ အထဲမှာလည်း ပါပါတယ်။ ကျွန်တော်ကလည်း ထပ်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂမ်ဘီယာကတောင်းဆိုတဲ့ Provisional Measures တွေကို ကြည့်မယ်ဆိုရင် အချက် ၁ နဲ့ ၂ နဲ့၊ သူတို့ တောင်းဆိုထားတာက မြန်မာနိုင်ငံအနေနဲ့ ဂျီနိုဆိုက်မဖြစ်အောင် ကာကွယ်ပေးပါ။ မြန်မာနိုင်ငံရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ တပ်မတော်ပဲဖြစ်ဖြစ်၊ တခြား Paramilitary Units တွေပဲဖြစ်ဖြစ်၊ သူတို့ကနေ ဂျီနိုဆိုက်မလုပ်အောင် ကာကွယ်ပေးပါ။ ဒါက ၁ နဲ့ ၂ ပဲနော်။

ဒီ Obligation တွေ ၊ ကျွန်တော်တို့ရဲ့ တာဝန်တွေက ခုနက ဦးကျော်တင် ပြောသလိုပဲ၊ ကျွန်တော်တို့ ဂျီနိုဆိုက်ကွန်ဗင်းရှင်းကို ၁၉၅၆ ခုနှစ်ကတည်းက ပါဝင်လက်မှတ်ရေးထိုးလိုက်ကတည်းက ကျွန်တော်တို့မှာ နဂိုကတည်းကရှိတဲ့ တာဝန်တွေ ဖြစ်ပါတယ်။ ဒါတွေက အထူးမဟုတ်ပါဘူး။ ထပ်ပြီးတော့ လုပ်ရမယ့်တာဝန်တွေလည်း မဟုတ်ပါဘူး”

စာမျက်နှာ ၆ မှ

တကယ့်ဆင်ဆိုတာ ဘာဆိုတာပေါ်မှာပါ။

ဦးကိုကိုကို။ ။ ဝန်ကြီးဆိုလိုတာက The Whole Picture ကြည့်တတ်ဖို့လိုတယ်၊ တစ်ခုချင်းစီပြောနေမယ့်အစား စုစည်းပြီး တော့မြင်တတ်ဖို့ လိုမယ်လို့ ပြောချင်တဲ့ မက်ဆေ့ချ်ပါ။ အခုကိစ္စကလည်း Provisional Measures နဲ့ ပတ်သက်တော့ ဆရာမ ဒေါက်တာသီတာဦး က Provisional Measures ကို နိုင်ငံတကာဥပဒေတွေနဲ့ လေ့လာထားတော့ အဲ့ဒါနဲ့ ပတ်သက်ပြီး သဘောသဘာဝလေးတွေ ထပ်ပြီးတော့ ရှင်းပြပေးပါဦး။

ဒေါက်တာသီတာဦး။ ။ပြီးခဲ့တဲ့စကားဝိုင်းတုန်းက ကျွန်မတို့ ဆွေးနွေးခဲ့သလိုပါပဲ။ Provisional Measures ချတယ်ဆိုတာက အမှုနိုင်ခြင်း၊ ရှုံးခြင်းနဲ့ မဆိုင်ပါဘူး။ အမှုက စတောင်မစရသေးပါဘူး။ ကျွန်မတို့ ပြီးခဲ့တဲ့ ခရီးစဉ်တုန်းက သွားခဲ့တာက Provisional Measures နဲ့ ပတ်သက်ပြီး ရှင်းလင်းဖို့ သွားပြီး ရင်ဆိုင်ခဲ့တာပါ။ အခု ၂၃ ရက်နေ့မှာ ကျွန်မတို့ကို Provisional Measures ချမှတ်ရန် သင့်၊ မသင့်ဆိုပြီး ဆုံးဖြတ်မှာကို ကျွန်မတို့က ဒုတိယခရီးစဉ်အနေနဲ့ သွားဖို့ ရှိတာပါ။ ဂမ်ဘီယာနိုင်ငံအနေနဲ့က ICJ မှာ မြန်မာနိုင်ငံကို ရင်ဆိုင်ဖြေရှင်းဖို့ တောင်းဆိုထားတဲ့ ခေါင်းစဉ်က ဂျီနိုဆိုက်(Genocide) ပါ။ လူမျိုးပြုန်းတီးမှုရပ်ဆိုင်းရေးဆိုင်ရာ ကွန်ဗင်းရှင်းလို့လည်း ပြောလို့လည်း ရပါတယ်။

သူ့ခေါင်းစဉ်ကတော့ အကြီးကြီးပေါ့။ ဒါပေမယ့် သူကိုယ်တိုင်က သူ့ Application လျှောက်လွှာရဲ့ အပိုဒ် ၁၁၉ ၊ ၁၂၆၊ ၁၂၉ ပေါ့။ အထူးသဖြင့် အပိုဒ် ၁၁၉ ကို ဖတ်လိုက်ရင် ရေးထားတာက ရှင်းပါတယ်။ Provisional Measures ချဖို့ဆိုတာ သူတို့တင်ထားတဲ့ Application ပေါ်မှာပဲချထားတဲ့ အချက်တွေပေါ်မှာ ကြည့်ပြီးတော့ တရားရုံးက ဆုံးဖြတ်ပေးပါ။ တရားရုံးက ဂျီနိုဆိုက် မြန်မာနိုင်ငံမှာ ကျူးလွန်ခြင်း ရှိ၊ မရှိတို့၊ တရားရုံးက စီရင်ပိုင်ခွင့် ရှိ၊ မရှိတို့၊ တရားရုံးက ဒီအမှုကို လက်ခံစစ်ဆေးခွင့် ရှိ၊ မရှိ တို့နဲ့ကို အတိအကျသုံးသပ်ရန် မလိုပါဘူးဆိုပြီး အပိုဒ် ၁၁၉ မှာ သူတို့ကိုယ်တိုင် ရှင်းထားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဂျီနိုဆိုက်ကွန်ဗင်းရှင်းကို ခေါင်းစဉ်တပ်ထားတဲ့အခါ ကျတော့ လူမျိုးပြုန်းတီးမှုရပ်တန့်ရေးဆိုင်ရာ ကွန်ဗင်းရှင်းဆိုတော့ ခေါင်းစဉ်က အကြီးကြီးပါ။ ဒါပေမယ့် Provisional Measures ချဖို့ဆိုတာကလည်း ICJ ရဲ့ Statute Article 41 မှာ လိုအပ်တယ်လို့ ထင်မြင်ယူဆလို့ရှိရင် Provisional Measures ချဖို့ ICJ မှာ အခွင့်အာဏာ ရှိပါတယ်။

ဒီတော့ နိုင်ငံတကာဥပဒေတွေအရ Provisional Measures ချဖို့ဆိုတဲ့ Criteria တွေက Prima facie Jurisdiction ဆိုတဲ့ ထင်သာရုံ၊ မြင်သာရုံနဲ့ ချနိုင်တယ်တို့၊ နောက်တစ်ခုက Plausible ယုတ္တိတန်လား၊ မတန်လားပေါ့။ တစ်ခုလောက်ကိုပဲ တရားရုံးက တွေ့လို့ရှိရင် ချလို့ရတယ်ဆိုတဲ့ ပုံစံမျိုးတွေ နိုင်ငံတကာဥပဒေမှာ ရှိပါတယ်။ အဖြစ်အပျက်တစ်ခုဖြစ်ခဲ့တယ်။ ဖြစ်ကောင်းဖြစ်နိုင်တယ် ဆိုတဲ့အချက်အပေါ် မူတည်ပြီး ခေါင်းစဉ်က ဂျီနိုဆိုက်ဆိုတော့ လူမျိုးပြုန်းတီးမှုဆိုတာ တော်တော်ကြီးကို အရေးကြီးတဲ့အတွက်ကြောင့် ဒါက ဖြစ်ကောင်းဖြစ်နိုင်တယ် ဆိုပြီးတော့ တရားရုံးကချမယ်ဆို ချလိုက်နိုင်တဲ့ အခွင့်အရေးကို ပေးထားတာပါ။

ဦးကျော်တင့်ဆွေ။ ။ တစ်နည်းပြောရရင် သာမန်တရားရုံးမှာဆုံးဖြတ်တဲ့ သူ့သတ်မှတ်ချက်နဲ့ ပတ်သက်တဲ့ Provisional Measures အတွက် လိုအပ်တဲ့သတ်မှတ်ချက် မတူပါဘူး။ Provisional Measures အတွက် လိုအပ်တဲ့ သတ်မှတ်ချက်က အင်မတန်မှ နိမ့်ပါတယ်။ ဖြစ်ကောင်းဖြစ်နိုင်သည်ဆိုတဲ့ အချက်ကို ဖော်ပြနိုင်ရင် Provisional Measures ချလို့ရတယ်။ ဖြစ်ကောင်းဖြစ်နိုင်သည်ဆိုတဲ့ ကျွန်တော်တို့ရဲ့ အခက်အခဲကလည်း ဘာလဲဆိုတော့ လုံးဝကို အခြေအမြစ်မရှိတဲ့အချက်တွေအပေါ်ကို မူတည်ထားတဲ့ FFM Report ပဲ ဖြစ်ပါတယ်။ FFM Report က ကုလသမဂ္ဂကနေပြီးတော့ လူ့အခွင့်အရေးကောင်စီက လုပ်ထားတဲ့အတွက် ကုလသမဂ္ဂ Report လို့ ထင်ထားမြင်ထားတဲ့အချက်က ရှိပါတယ်။ သို့သော် ဒီအချက်တွေက မှန်သလား မမှန်ဘူးလားဆိုတာကို တကယ့်ကို စနစ်တကျ စိစစ်မှုမရှိဘဲချထားတဲ့ အစီရင်ခံစာပါ။ ဒီအစီရင်ခံစာကို အသုံးပြုထားတဲ့အတွက် ကုလသမဂ္ဂအစီရင်ခံစာလို့ လက်ခံလိုက်မယ်ဆိုရင် သူတို့အတွက် Prima facie ဆိုတဲ့ လိုအပ်ချက်က ပြည့်စုံသွားမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် သူတို့ရှေ့နေတွေက အင်မတန်မှ ကျွမ်းကျင်တယ်။ ICJ ရဲ့ Procedures ကလည်း အခြား Procedures နဲ့ မတူတာမို့ တစ်နည်းအားဖြင့်ပြောရရင် သူတို့ သာကိုသာနေတဲ့ နည်းလမ်းရှိတဲ့ အတွက် Prima facie လောက်ပြနိုင်ရုံ လောက်ကို သူတို့က အားယူပြီးတော့ Provisional Measures ကို တင်သွင်းခြင်း ဖြစ်ပါတယ်။

ဦးကိုကို ။ ။ ပြည်ထောင်စုဝန်ကြီးနဲ့ ရှေ့နေချုပ်ရုံးက ဆရာမတို့ ပြောတဲ့အတိုင်းဆိုသတ်မှတ်ချက်က တော်တော်နိမ့်ထားတယ်။ Genocide ရဲ့ သတ်မှတ်ချက်က မြင့်တယ်။ Provisional Measures က နိမ့်တယ်။ ဒါကို နိုင်ငံတကာဥပဒေ အတွေ့အကြုံရှိတဲ့ ဦးကျော်တင် အနေနဲ့ ဆက်ပြီးဆွေးနွေးပေးပါ။ ဦးကျော်တင် ။ ။ မြန်မာနိုင်ငံ အနေနဲ့ Genocide Convention ကို ၁၉၅၆ ခုနှစ်ကတည်းက စဝင်တာပါ။ အဲ့ဒီအထဲမှာရှိတဲ့ Obligation တွေအားလုံးကို ကျေပွန်စွာ တာဝန်ယူပြီး ထမ်းဆောင်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကို ဂမ်ဘီယာနိုင်ငံက တရားစွဲပြီးတော့ Genocide ဖြစ်ပါတယ်၊ Genocide Convention ကို ချိုးဖောက်မှုဖြစ်ပါတယ်လို့ တရားစွဲလာတာပါ။ ကျွန်တော်တို့ နောက်မှ သိရတာက OIC က ကြံဖန်ပြီးတော့ လုပ်တဲ့ ကိစ္စပါ။ ခုက Provisional Measures တောင်းခဲ့တယ်။ အခု ၂၃ ရက်နေ့ကျရင် အမိန့်ကိုချမယ်။ အဲဒီမှာ သတ်မှတ်ချက်က နိမ့်လွန်းတော့ Provisional Measures ကို Indicate လုပ်ကောင်းလုပ်နိုင်တယ်၊ ချမှတ်ကောင်းချမှတ်နိုင်မယ်။ အဓိက အချက်ကို မရောက်သေးဘူး။ ကျွန်တော် နှိုင်းယှဉ်ပြီး ပြောနိုင်တာက ဘောလုံးပွဲလိုပေါ့။ ဘောလုံးပွဲက စတောင်မစရသေးဘူး။ အခုမှ ဒိုင်လူကြီးက နှစ်ဖက်ကိုခေါ်ပြီး ပြောတယ်။ Genocide Convention အရဆိုရင် Obligation တွေရှိတယ်။ တာဝန်တွေရှိတယ်။ ပြန်ပြောမယ် ဒီတာဝန်တွေက ဒါတွေပဲဆိုတာကို ပြောသေးတဲ့ အဆင့်ပဲရှိတယ်။ ဘောလုံးပွဲက စတောင်မစသေးဘူး။ အဲဒါလေးကို မိဘပြည်သူတွေကို နည်းနည်း ရှင်းပြချင်ပါတယ်။

ဦးကိုကို ။ ။ဦးကျော်တင် ဆွေးနွေးသွားတဲ့ အထဲကနေ စကားလုံးလေး တစ်လုံးရလိုက်တယ်။ Indicate ဆိုတဲ့ စကားလုံးလေးပါ။ Provisional Measures နဲ့ Indicate က ဘယ်လိုဆက်စပ်နေပါသလဲ။

ဦးသီဟန်မျိုးညွန့်။ ။ Provisional Measures Stage က ဆိုတာက နောက်ဆုံးပိတ်ချတဲ့ ချမှတ်ချက်မဟုတ်ဘူး။ Indicate Provisional Measures ဆိုတာ ချပြတာပါ။ ဒီလိုမျိုး Provisional Measuresတွေကို ချမှတ်ဖို့ ဆိုပြီး Indicate ပဲ လုပ်တာ။ ဘာကြောင့်လဲဆိုတော့ Provisional Measures တွေ ချရခြင်းက ဘာကြောင့်လဲဆိုတာက ICJ Statute တွေမှာ ရေးထားတာက To Protect the Rights of the Parties ၊ ဂမ်ဘီယာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ Rights တွေကို ကာကွယ်ပေးဖို့ပါ။ ဂမ်ဘီယာက တောင်းဆိုတဲ့ Right တွေကို ကာကွယ်ဖို့ပါ။ နောက်တစ်ချက်က Provisional Measures ကို Indicate လုပ်ရခြင်းအားဖြင့်၊ Provisional Measures ချရခြင်းအားဖြင့် ဘာဖြစ်လဲဆိုတော့ ဒါက တရားရုံးကို ကာကွယ်တာနဲ့လည်း အတူတူပဲ။

တကယ်လို့ ဂျီနိုဆိုက် မဟုတ်ဘူးပဲ ထားဦး။ တရားရုံးအနေနဲ့က ဒီအမှုဖြစ်နေတဲ့ ကာလအတွင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ အတွင်းမှာ တစ်ခုခုဖြစ်ခဲ့လို့ရှိရင် သူ့တာဝန် ဖြစ်မှာလည်း မလိုလားဘူးလေ။ Provisional Measures ချခြင်းအားဖြင့် တရားရုံးကို ကိုယ့်ဘာသာကိုယ် ကာကွယ်တဲ့ သဘောလည်း ရှိတယ်။

ပြီးတော့ နောက်တစ်ခု ထပ်ထည့်ချင်တာက ဂျီနိုဆိုက်နဲ့ပတ်သက်တဲ့ ကိစ္စတွေ၊ ဂျီနိုဆိုက်နဲ့ ပတ်သက်တဲ့အမှု Bosnia against Serbia ၊ Croatia against Serbia ဒီအမှုတွေမှာလည်း Provisional Measures ကို တရားလိုနိုင်ငံဘက်က တောင်းခဲ့ရင် တရားရုံးအနေနဲ့က Provisional Measures ကို တရားရုံးအနေနဲ့က အမြဲတမ်းလိုလို ချပေးလေ့ရှိပါတယ်။

ဦးကိုကို ။ ။ ဒါနဲ့ ဆက်စပ်ပြီး ၂၃ ရက်နေ့မှာ အမိန့်ချမယ်လို့ ပြောကြတဲ့အခါ Provisional Measures ချကောင်းချနိုင်တယ်ဆိုပြီး သုံးသပ်မှုတွေရှိတယ်။ အဲဒီအပေါ်မှာ ဘယ်လိုမြင်လဲခင်ဗျာ။

ဦးသီဟန်မျိုးညွန့်။ ။ ကျွန် တော့် အနေ နဲ့ ပြောရရင်လည်း Provisional Measures ကို ချကောင်း ချနိုင်တယ်။ ဂမ်ဘီယာက တောင်းဆိုတာ အကုန်လုံးဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး။

ဒါပေမယ့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားတွေ နားလည်ရမှာက Provisional Measures ချလိုက်တိုင်း ကျွန်တော်တို့က ဒီအမှုကို ရှုံးသွားတာ မဟုတ်ဘူး။ Provisional Measures ချလိုက်လို့ ပိုပြီး စိတ်ပျက်သွားတာ၊ စိုးရိမ်လာတာတို့ ဖြစ်စရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုတာ အခုနက ဦးကျော်တင် ဆွေးနွေးတဲ့အထဲမှာလည်း ပါပါတယ်။ ကျွန်တော်ကလည်း ထပ်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂမ်ဘီယာက တောင်းဆိုတဲ့ Provisional Measures တွေကို ကြည့်မယ်ဆိုရင် အချက် ၁ နဲ့ ၂ နဲ့၊ သူတို့ တောင်းဆိုထားတာက မြန်မာနိုင်ငံအနေနဲ့ ဂျီနိုဆိုက်မဖြစ်အောင် ကာကွယ်ပေးပါ။ မြန်မာနိုင်ငံရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ တပ်မတော်ပဲဖြစ်ဖြစ်၊ တခြား Paramilitary Units တွေပဲဖြစ်ဖြစ်၊ သူတို့ကနေ ဂျီနိုဆိုက်မလုပ်အောင် ကာကွယ်ပေးပါ။ ဒါက ၁ နဲ့ ၂ ပဲနော်။

ဒီ Obligation တွေ ၊ ကျွန်တော်တို့ရဲ့ တာဝန်တွေက ခုနက ဦးကျော်တင် ပြောသလိုပဲ၊ ကျွန်တော်တို့ ဂျီနိုဆိုက်ကွန်ဗင်းရှင်းကို ၁၉၅၆ ခုနှစ်ကတည်းက ပါဝင်လက်မှတ်ရေးထိုး လိုက်ကတည်းက ကျွန်တော်တို့မှာ နဂိုကတည်းက ရှိတဲ့ တာဝန်တွေ ဖြစ်ပါတယ်။ ဒါတွေက အထူးမဟုတ်ပါဘူး။ ထပ်ပြီးတော့ လုပ်ရမယ့် တာဝန်တွေလည်း မဟုတ်ပါဘူး။ ပြီးတော့ အဲဒီထဲမှာပါတဲ့ အချက် နံပါတ် ၄ ပါ။ အဲဒါကလည်း Bosnia၊ Serbia ကိစ္စပါတဲ့ Provisional Measures တစ်ခုဖြစ်ပါတယ်။

အဲဒီတုန်းကကျတော့ တစ်ဖက်နဲ့ တစ်ဖက် စစ်တိုက်နေတော့ တစ်ဖက်နဲ့ တစ်ဖက် အရှိန်တွေပိုပြီးတော့ မမြင့်လာအောင်လို့ တရားရုံးကနေပြီးတော့ ဒီတရားရင်ဆိုင်မှု ရှိနေပေမယ့် နှစ်နိုင်ငံ အရှိန်တွေ လျော့ထားပါဆိုတဲ့ သဘောရှိပါတယ်။ အဲဒါမျိုးလေးတွေကျ ကျွန်တော်တို့အနေနဲ့က Provisional Measures တွေ ချလိုက်လို့၊ ကျွန်တော်တို့ အမှုကြီး ရှုံးသွားပါပြီ၊ အဲဒီလိုမျိုး မဟုတ်ပါဘူး။ အဲဒါတင်ပဲမကဘူး။ တရားရုံးက Provisional Measures ကို ချတာနဲ့ သူတို့ရဲ့ Opinion ထဲမှာ ဘာရေးထားသလဲဆိုတော့ ဒီ Provisional Measures တွေ ချလိုက်တိုင်း မြန်မာနိုင်ငံ အနေနဲ့ ဒီအမှုကို ကျူးလွန်နေတာလို့ သူတို့ မထင်ပါဘူး။ သူတို့က Merits တွေ ဘာတွေ ကိုတောင် မကြည့်ရသေးဘူး။

အမှန်တကယ် ပြောရရင် ကျွန်တော်တို့ဘက်က တင်သွင်းရမယ့် Facts တွေ၊ Evidence တွေ၊ ဥပဒေတွေကို ဘယ်လိုနည်းမျိုးနဲ့ ကြည့်သင့်ပါတယ်၊ International Legal Precedents တွေကို ဘယ်လိုနည်းနဲ့ သုံးသပ်သင့်ပါတယ်၊ ဒါတွေက ဒီအဖြေတွေကို ဘာမှ မသွားရသေးဘူး။ ခုနက ဦးကျော်တင်ပြောသလိုပဲ စစချင်းလေးပဲ ရှိသေးတယ်။

စာမျက်နှာ ၈ သို့

“ကျွန်တော်တို့ သိရမယ့် ဥစ္စာက အမှုတောင် မစသေးဘူး။ အဆင့်တွေ အများကြီးသွားရဦးမယ်။ အဲဒီတော့ Provisional Measures ချတာကို မကြိုက်ရင် jurisdiction Challenge ဆိုတာ လုပ်လို့ရတယ်။ ဆိုလိုတာက တရားရုံးက ဆုံးဖြတ်ပိုင်ခွင့် ရှိ မရှိဆိုတာ ကျွန်တော်တို့က လျှောက်လဲလို့ရတယ်။ အဲဒီတော့ တရားရုံးက ရှိတယ်လို့ ဆုံးဖြတ်ရင်တော့ Provisional Measures က အတည်ဖြစ်သွားမယ်။ အဲဒီကျမှ တကယ့်အမှုက စမှာ။ အခုအမှုက မစသေးဘူး။ အဲဒီကျမှ တကယ့်အမှုက စမှာ။ ကျွန်တော်တို့က Merits Case ရောက်လာရင်တော့ ဂျီနိုဆိုက်ဖြစ်ပေါ်ခြင်း လုံးဝမရှိတဲ့အတွက် အမှန်တရားက ပေါ်လာမှာပဲ။ ကျွန်တော်တို့ နိုင်မှာပဲ။ အဲဒီအပိုင်းကတော့ အသေအချာပါပဲ”

စာမျက်နှာ ၇ မှ

စစချင်းမှာ ဒိုင်လူကြီးက နှစ်ဖက် ဘောလုံးအသင်းကို ဘောလုံးကန်တဲ့ အချိန်မှာ ကောင်းကောင်းကန်ဖို့၊ မည်စ်ဖို့ အဲဒါမျိုး ခေါ်ပြီးပြောတဲ့ အဆင့်ပဲ ရှိပါသေးတယ်။

ဦးကျော်တင့်ဆွေ။ ။ ကျွန်တော် ဒီ Provisional Measures နဲ့ ပတ်သက်ပြီး ထပ်ပြီးတော့ ပြောချင်ပါသေးတယ်။ ခုနက ဦးသီဟန်မျိုးညွန့် ပြောသလိုပဲ Provisional Measures ကို တောင်းထားတဲ့ ကိစ္စတွေက ကျွန်တော်တို့ လုပ်နေတာတွေကို တောင်းထားတာ။ သဘောကတော့ ကျွန်တော် ဒီမှာထိုင်နေတယ်။ ထိုင်နေတဲ့ ဥစ္စာကို Provisional Measures က ဒီမှာ ထိုင်ပါလို့ ပြောတဲ့သဘောနဲ့ အတူတူပါပဲ။ ကျွန်တော်ကတော့ ထိုင်နေတဲ့ ကိစ္စ။ ဘာကြောင့်လဲဆိုတော့ တချို့ Provisional Measures မှာ တောင်းဆိုတဲ့ အချက်တွေကို ခုနက ပြောသလိုပဲ။ ကျွန်တော်တို့အနေနဲ့ ဒီ ကွန်ဗင်းရှင်းကို ဝင်ကတည်းကိုက မလုပ်ပါဘူးလို့ ပြောထားတဲ့ကိစ္စ။

လွတ်တော်ကို ပြောတုန်းကလည်း ကျွန်တော်တို့က ဒီကိစ္စကို အခုလည်း မလုပ်ဘူး၊ နောင်လည်း ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူးဆိုတဲ့ ယုံကြည်ချက်ရှိတယ်လို့ ပြောထားတဲ့ ကိစ္စပါ။ တစ်နည်းအားဖြင့် ဆိုရင်တော့ ကိုယ်ထိုင်နေတဲ့ ဥစ္စာကို ထိုင်နေလို့ ပြောလိုက်တဲ့အတွက် တို့ ပြောလိုက်တာကို ထိုင်နေပြီ၊ တို့ နိုင်ပြီဟေ့လို့လည်း ပြောလို့ မရပါဘူး။ အဲဒီလို Provisional Measures ကို ချနိုင်သလားဆိုတော့ ချနိုင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဥပဒေကြောင်းအရ ပြောရမယ်ဆိုရင် ကျွန်တော်တို့ ရှေ့နေတွေက သူတို့တင်ပြချက်တွေကို အဖြစ်ကနေ လဲပြီးတော့ ပယ်ချနိုင်တဲ့အဆင့်အထိ လုပ်ထားသော်လည်း ဒီကိစ္စကို လုပ်နေ၊ ကိုင်နေတဲ့ ဥစ္စာက တရားရေးသက်သက်၊ ဥပဒေကြောင်းသက်သက် ဟိုဘက်က လုပ်ဆောင်တာမဟုတ်ပါဘူး။ သူတို့က နိုင်ငံရေး ဖိအားအနေနဲ့ ပေးနေတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ ပြီးခဲ့တဲ့ အပတ်မှာ ပြောခဲ့သလိုပဲ တရားရုံးကို တောင် ခြိမ်းခြောက်တဲ့ ပုံစံမျိုးအနေနဲ့ ပြောခဲ့တာရှိတယ်။

ဒီကိစ္စကို တစ်ကမ္ဘာလုံးက ကြည့်နေတယ်နော်၊ ခင်ဗျားတို့ ဒီကိစ္စကို Provisional Measures မှ မချဘူးဆိုရင်တော့ ဆိုတဲ့ သဘောမျိုး ပြောသွားပါတယ်။ မနေ့တစ်နေ့က ဘင်္ဂလားဒေ့ရ်ရှိ Camps ၇ ခုမှာ ဆန္ဒပြပါတယ်ဆိုပြီးတော့ Provisional Measures ချပါ စသဖြင့် စာရွက်လေးတွေ ထောင်ပြီးတော့ ဆန္ဒပြမှုတွေကိုလည်း လုပ်ပြပါတယ်။ အင်္ဂလိပ်လို ပြောရင်တော့ State Manage လုပ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

အဲဒါမျိုးတွေ လုပ်နေတဲ့အခါ ကျွန်တော်တို့က ဥပဒေကြောင်းအရ သွားတယ်။ သူတို့က နိုင်ငံရေး၊ ပြီးတော့ Emotion ။ Camps မှာနေတဲ့ သူတွေက သနားစရာပဲ၊ သနားစရာ ပုဂ္ဂိုလ်တွေက ဒီလိုပြောနေပါတယ်ဆိုပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သူတို့ ဘက်က ကြည့်တယ်ဆိုရင်တော့ တို့တော့ Provisional Measures ချနိုင်လိုက်မယ် ဆိုပြီးတော့ သူတို့အနေနဲ့ ယူဆကောင်း ယူဆနေမယ်။ အဲဒီလို ချတယ်ဆိုရင်လည်း Provisional Measures ဘယ်လိုဟာမျိုး ချတယ်ဆိုတဲ့အပေါ်မူတည်ပြီး ကြည့်ရမှာပါ။

ခုနက ကျွန်တော်ပြောသလိုပဲ ကျွန်တော်တို့ နိုင်ငံမှာ ဂျီနိုဆိုက်မရှိဘူးဆိုတာ အမှန်ပဲ။ ဒီအမှန်အတိုင်း လုပ်နေတဲ့ ဥစ္စာကို အေး–ခင်ဗျားတို့ လုပ်ကြဟေ့လို့ ပြောတဲ့ Provisional Measures မျိုး ချမယ်ဆိုရင်တော့လည်း ချနိုင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

ဒေါက်တာသီတာဦး ။ ။ ကျွန်မအနေနဲ့လည်း ဖြည့်စွက်ဆွေးနွေးရမယ်ဆိုရင် Provisional Measures က ကျွန်မတို့ကို ၆ ချက်တင် ထားတာပါ။ ဂမ်ဘီယာက ၆ ချက် တင်ထားတာပါ။ ဒီ ၆ ချက်စလုံးထဲမှာ တရားရုံးက အကုန်ချတာ သို့တည်းမဟုတ် တချို့ကိုပဲ ချမှတ်တာ၊ ဒီ Provisional Measures မှာ မပါတဲ့ တရားရုံးက သင့်သည် ထင်မြင်တဲ့ဟာ ချမှတ်တာ ဒီလိုမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ ရှေ့နေကြီးတွေ ဆွေးနွေးသွားတဲ့ အထဲမှာ မစ္စတာ ရှေးဘတ်စ်နဲ့ မစ္စ ဖီဘီ ဆွေးနွေးသွားတဲ့အထဲမှာ ခုနက ပြည်ထောင်စု ဝန်ကြီး အမိန့်ရှိသလို မစ္စတာရှေးဘတ်စ်က တော့ ဂျီနိုဆိုက် လုံးဝမဟုတ်ဘူးဆိုတဲ့ အကြောင်းကို အဖြစ်ကလှန်ထုတ်ပြီး တစ်ခါတည်း ဖြေရှင်းလိုက်ပြီ။ အပြီးသတ်မှာတော့ ကျွန်မတို့နိုင်ငံဟာ ဂျီနိုဆိုက် ကျူးလွန်နေတဲ့ နိုင်ငံ မဟုတ်ဘူးဆိုတဲ့ အဖြေထွက်လာဖွယ် ရှိပါတယ်။ ထွက်လာမယ်လို့လည်း ယူဆပါတယ်။ UN နဲ့ ပူးပေါင်းဆောင်ရွက်ပါ။ လက်ရှိမှာ UN ရဲ့ အဖွဲ့အစည်းတွေ အကုန်လုံးက ဟိုမှာ အခြေစိုက်ပြီးတော့ UNDP ၊ UNFPA ၊ ICRC အဖွဲ့ဝင်တွေ အကုန်လုံးက ဒီမှာ ပူးပေါင်းဆောင်ရွက်နေတာ လက်တွေ့မှာ ရှိပါတယ်။

ဦးကိုကို ။ ။ သူတို့က ယူဆချက်တစ်ခု ယူချင်တာပါ။ ရှင်းပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ပြီးသားကိစ္စတွေကို ဆောင်ရွက်ပါလို့ ပြောနေတယ်။ အဲဒီတော့ ကျွန်တော်တို့က သူတို့တစ်စုံတစ်ခု ချမှတ်လိုက်တဲ့အပေါ်မှာ ကျွန်တော်တို့က ပြန်လည်တုံ့ပြန်ဖြေရှင်းခွင့်၊ ဖြေရှင်းနိုင်တာ၊ Provisional Measures အပေါ် ပြောင်းလဲနိုင်တဲ့ ကိစ္စတွေ ကျွန်တော်တို့မှာ ဆောင်ရွက်ခွင့်ရှိသလား။

ဦးကျော်တင့်ဆွေ။ ။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောချင်ပါတယ်။ ICJ က ချတဲ့ ဆုံးဖြတ်ချက်တွေ အားလုံးက စောဒက တက်လို့မရဘူး၊ အယူခံဝင်လို့ မရဘူး။ အဲဒီ အချက်ကတော့ အရေးကြီးတဲ့အချက်ပါ။ ICJ မှာ ကျွန်တော်တို့ ဒီအမှုရောက်တယ်ဆိုတဲ့ ဥစ္စာကိုက နိုင်ငံအတွက် အင်မတန် ဂုဏ်သိက္ခာ ကျပါတယ်။ ပိုပြီးတော့ စိတ်ထိခိုက်ဖွယ် ကောင်းတယ်ဆိုတာက ကျွန်တော်တို့မလုပ်တဲ့ ကိစ္စ၊ မဟုတ်တဲ့ကိစ္စကို စွပ်စွဲခံရတဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ ဒီကိစ္စဟာ အစိုးရကို စွပ်စွဲတာ လည်း မဟုတ်ဘူး၊ နိုင်ငံကို စွပ်စွဲတာပါ။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အင်မတန်မှ ထိခိုက်တဲ့ကိစ္စ၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေအတွက် အင်မတန်မှ ထိခိုက်တဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ ဒါမျိုးအမှုကိစ္စဟာ ၅ နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ် ကြာတယ်။ အဲဒီအပိုင်းကို Merits Stage လို့ ခေါ်တယ်။ Merits Stage ဆိုရင်တော့ ကျွန်တော် ပြောရဲတယ်။ ကျွန်တော်တို့ နိုင်မှာပဲ။

အခု Provisional Measures ဆိုတာက အဲဒီဟာက နှစ်ပေါင်းများစွာ ကြာမှာဖြစ်တဲ့ အတွက် အခြေအနေမဆိုးအောင် လိုရမယ်ရ ဒီအချက်တွေကို ချမှတ်ပေးပါဆိုပြီး တောင်းထားတာပါ။ အခုနက ကျွန်တော်ပြောသလိုပဲ သူရဲ့ သတ်မှတ်ချက်ကတော့ နိမ့်တဲ့အတွက် Provisional Measures ချကောင်းချနိုင်တယ်။

သို့သော် ကျွန်တော်တို့ သိရမယ့် ဥစ္စာက အမှုတောင် မစသေးဘူး။ အဆင့်တွေ အများကြီး သွားရဦးမယ်။ အဲဒီတော့ Provisional Measures ချတာကို မကြိုက်ရင် jurisdiction Challenge ဆိုတာ လုပ်လို့ရတယ်။ ဆိုလိုတာက တရားရုံးက ဆုံးဖြတ်ပိုင်ခွင့် ရှိ မရှိဆိုတာ ကျွန်တော်တို့က လျှောက်လဲလို့ရတယ်။ အဲဒီတော့ တရားရုံးက ရှိတယ်လို့ ဆုံးဖြတ်ရင်တော့ Provisional Measures က အတည်ဖြစ်သွားမယ်။ အဲဒီကျမှ တကယ့်အမှုက စမှာ။ အခု အမှုက မစသေးဘူး။ အဲဒီကျမှ တကယ့်အမှုက စမှာ။ ကျွန်တော်တို့က Merits Case ရောက်လာရင်တော့ ဂျီနိုဆိုက်ဖြစ်ပေါ်ခြင်း လုံးဝမရှိတဲ့ အတွက် အမှန်တရားက ပေါ်လာမှာပဲ။ ကျွန်တော်တို့ နိုင်မှာပဲ။ အဲဒီအပိုင်းကတော့ အသေအချာပါပဲ။

ဦးသီဟန်မျိုးညွန့်။ ။ ကျွန်တော် ထပ်ပြီး ဖြည့်စွက်ချင်တာက ဒီ Provisional Measures အဆင့် ပြီးသွားတော့ Preliminary Objections ပြီးရင်တောင်မှ ပြီးမှ ကျွန်တော်တို့ရဲ့ Evidence တွေ သွင်းရတာပါ။ အဲဒီမှာမှ ကျွန်တော်တို့ရဲ့ Counter Memorial လို့ ခေါ်တယ်။ Counter Memorial သွင်းပြီးတော့မှ ဒီ Merits Stage မှာ ကျွန်တော်တို့က ဟိုဘက်နဲ့ ဒီဘက် ဘယ်ဟာက အမှန်တရားလဲ ဆိုတာ တရားရုံးက ဆုံးဖြတ်တာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဘာကြောင့် ICJ ကို သွားလဲဆိုတာ မေ့လို့ မရပါဘူး။

(ဆက်လက်ဖော်ပြပါမည်)

◆ *ကျောင်းမှ*

အရှေ့မြင်အနောက်မြင်တောင်ထိပ်သို့ ရောက်ရှိခဲ့သည့် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း။

အမြင့်ပေ ၇၇၅၂ ပေ ရှိတဲ့ အရှေ့မြင်အနောက်မြင်တောင်ပေါ်ကို အသင်းဝင် ၅၆ ဦးနဲ့ မနေ့က အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပါတယ်။ ဧနီနဝါရီ ၁၈ ရက်က မိတ္ထီလာက စတင်ထွက်ခွာပြီး လုပ်ပြင်ကျေးရွာမှာ တစ်ညအိပ် ရပ်နားပါတယ်။ နောက်တစ်နေ့ နံနက်အစောမှာ အရှေ့မြင်အနောက်မြင်တောင်ပေါ်ကို တောင်တက်အသင်းဝင်တွေ တက်ရောက်ခဲ့ပြီး ၅၆ ဦးစလုံး တောင်ထိပ်ကို ရောက်ရှိခဲ့ပါတယ်။ တောင်တက်ခရီးစဉ်မှာ လုပ်ပြင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အသုံးပြုဖို့ လှူဒါန်းငွေကျပ် တစ်သိန်းကိုလည်း တာဝန်ရှိသူတွေထံ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ လူငယ်တွေ တောင်တက်အားကစားကို စိတ်ဝင်စားလာပြီး ကျန်းမာတဲ့မျိုးဆက်သစ် လူငယ်တွေဖြစ်စေဖို့၊ မူးယစ်ဆေးဝါးလို မကောင်းတဲ့အရာတွေသုံးတဲ့လမ်းကြောင်းပေါ်မရောက်စေဖို့ စတဲ့ရည်ရွယ်ချက်နဲ့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းကို ၂၀၁၅ ခုနှစ်လောက်က စတင်ဖွဲ့စည်းပြီး နှစ်စဉ် တောင်တက်ခရီးစဉ်တွေကို တက်ရောက်ခဲ့ပါတယ်”ဟု မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း အမှုဆောင် ဦးအောင်ကြိုင်က ပြောသည်။

မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းအနေဖြင့် ၂၀၁၉–၂၀၂၀ တောင်တက်ခရီးရာသီတွင် ဆင်တောင်၊ မြင်းမထိတောင်၊ ပြက္ခရွှေအရှေ့တောင်အနောက်တောင်၊ လွယ်မိုင်းတောင်နှင့် လေးညအိပ် ပင်လယ်ကမ်းခြေ လမ်းလျှောက်ခရီးစဉ်များကို သွားရောက်ခဲ့ပြီးဖြစ်သည်။ အရှေ့မြင်အနောက်မြင်တောင်ပေါ်သို့ တက်ရောက်ခဲ့သည့် စတုတ္ထအကြိမ်မြောက် တက်ရောက်သည့် ခရီးစဉ်အဖြစ် ၂၀၁၉ ခုနှစ် ဧနီနဝါရီ ၅ ရက်က အသင်းဝင် ၁၃၈ ဦး ပါဝင်၍ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းအနေဖြင့် တက်ရောက်ခဲ့ပြီး ယခုအကြိမ်မှာ ပဉ္စမအကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ တောင်တက်ခရီးစဉ်တိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရန်ရည်ရွယ်ပြီး love nature and leave no trace ဆောင်ပုဒ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာ

နေပြည်တော် ဧနီနဝါရီ ၂၀

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

မိုး/ဧလ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၃ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧရန်နဝါရီလ ၂၀ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဧရန်နဝါရီလ ၁၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာနေ သန့်ဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၂-၁-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာ လမ်းပေါ်၌ငင်းကျေးရွာနေ သန့်ဇော် (၄၃) နှစ်၊ (ဘ) ဦးသန်းမောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၁/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာနေ ဝင်းထိုက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၄-၁-၂၀၂၀ရက်နေ့တွင်မော်လိုက်မြို့နယ်၊နန်းဖြူကျေးရွာ လယ်ကွက်အနီး၌ တောင်ကုန်းကျေးရွာနေ ဝင်းထိုက် (၃၉) နှစ်၊ (ဘ) ဦးမောင်တင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၃/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သရက်ကုန်းကျေးရွာနေ ကျားမင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၄-၁-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရက်ကုန်းကျေးရွာနေ ကျားမင်း(ခ)မင်းဇော်(ခ)အေးလွင်(၅၃)နှစ်၊ (ဘ) ဦးသန်းရွှေ(မမစ(ဖောင်းပြင်)မယ (ပ) ၄၉/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁မှ တရားခံပြေး)သည် ၎င်း၏နေအိမ်တွင် ရောက်ရှိနေသဖြင့် ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူများအား သိမ်းဆည်းရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ) ၅/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၆(ဂ)/၂၂(ခ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၄	စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ကျွန်းပင်ကျေးရွာနေ ပေါက်စီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၆-၁-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ မော်ခါးကျေးရွာ အနီး မော်နိုင်း-မော်ခါးကျေးရွာသွား လမ်းပေါ်၌ ကျွန်းပင် ကျေးရွာနေ ဇော်မင်းထိုက်(ခ) ပေါက်စီ(၂၆)နှစ်၊ (ဘ) ဦးညွှန့်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို)မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၁)(၂)(၃)(၅)(၅)လမ်းတို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်၌ အမှု(၂)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၇-၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ (၅) လမ်းပေါ်၌ ၎င်းလမ်းနေ ငွေလင်း(၂၀)နှစ်၊ (ဘ)ဦးမောင်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ (ပ) ၁၀/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးဗဟိုအကျဉ်းထောင်မှ အချုပ်သားကျော်ဆွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး	၁၆-၁-၂၀၂၀ရက်နေ့တွင်အောင်မြေသာစံမြို့နယ်၊မန္တလေးဗဟိုအကျဉ်းထောင်ရှိ ပါဆယ်ပစ္စည်း လက်ခံရေးဌာန၌ ချမ်းမြသာစည်မြို့နယ်၊ သိုးခြံရပ်ကွက်နေ ကျော်မြင့်မှ မန္တလေးခရိုင်တရားရုံး၊ ရာကြီးမှူးအမှတ် (၃၄/၁၈)၊ ရာဇသတ်ကြီး ပုဒ်မ ၃၆၃/၃၇၇အမှုမှ တရားရုံး စစ်ဆေးဆဲ အချုပ်သားထောင်ဝင်အမှတ်၊ မတလ/၁၈/ ဝ၄၂၆/၃ ကျော်ဆွေ(ခ)မိုဟာမက်ဟူစိန်(၅၁)နှစ်၊ (ဘ) ဦးဟာမက်
	ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	အလီထံသို့ လာရောက်ပို့ဆောင်သည့် အမဲသားဟင်းတုံးများအတွင်း အအေးစုပ်ပိုက်ဖြင့် ထည့်ထားသည့် 88/1 စာတန်းပါ စိတ်ကြွဆေးပြားများအား သိမ်းဆည်းရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(၂) (အောင်မြေသာစံ) မယ(ပ)၂/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၇	ရန်ကုန်တိုင်းဒေသကြီး၊ ဘလုတ်ညွှန့် ရပ်ကွက်နေ ဒေါ်အေးချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၄-၁-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ စက်ဆန်းရပ်ကွက်နေ ဇေယျာမင်း (ခ) ကိုကို (၂၅) နှစ်၊ (ဘ) ဦးအောင်မင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဘလုတ် ညွှန့်ရပ်ကွက်နေ ဇော်လင်းသက် (ခ) ငတော(၁၉)နှစ်၊ (ဘ) ဦးကျော်မြင့်တို့(၂)ဦးအားWY စာတန်းပါ စိတ်ကြွဆေးပြား များနှင့်အတူ ဖမ်းဆီးရမိသဖြင့်နမစ(စက်ဆန်း) မယ(ပ)၃/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဘလုတ်ညွှန့် ရပ်ကွက်နေ ဒေါ်အေးချို (၄၀) နှစ်၊ (ဘ) ဦးတာထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း) မယ(ပ) ၄/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။
၈	ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွှန့်ရပ်ကွက်နေ မြတ်မင်း(ခ)ပြုံးကျယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၅-၁-၂၀၂၀ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွှန့်ရပ်ကွက်၊ ကန်ပေါင်ဘေး၌ ၎င်းရပ်ကွက်နေ မြတ်မင်း (ခ)ပြုံးကျယ်(၁၆)နှစ်၊ (ဘ) ဦးမျိုးဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (စက်ဆန်း) မယ(ပ)၅/၂၀၂၀၊ မူး/ စိတ်ပုဒ်မ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၉	ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် တောင်ရပ်ကွက်နေ ကြာဇံသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချ နေကြောင်း သတင်းပေးပို့ခြင်း။	၁၆-၁-၂၀၂၀ရက်နေ့တွင် စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် တောင်ရပ်ကွက်နေ ကြာဇံ (ခ) ကျော်ဇင်လင်း (၄၄) နှစ်၊ (ဘ) ဦးကိုကိုမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (စမ်းချောင်း) မယ (ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၀	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ မြို့ဦး ရပ်ကွက်နေ ချစ်စုနှင့် ဇော်ဂျီ ရပ်ကွက်နေ ဇင်မင်းချစ် တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၂-၁-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်နေ ချစ်စု (ခ) စုယဉ်မွန်(၂၃)နှစ်၊ (ဘ)ဦးမြင့်သောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၂/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့်လည်းကောင်း၊ အလားတူ ဇော်ဂျီရပ်ကွက်နေ ဇင်မင်းချစ် (၂၇) နှစ်၊ (ဘ) ဦးချစ်ဆွေ (ခ) တောက်ထိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူ ထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၈-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၅၁) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၂၂၁) ဦး၊ မ (၂၄၃) ဦး၊ ပေါင်း (၁၄၆၄) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၇၃၉၄.၃၈၁၄) ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း (၄၀၃၃၉.၀၂၁၆၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၁.၂၇) ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၃၀.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၄၆၁၆၀၃) ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၅၂၀.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၅.၄၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၁၉) လက်၊ ကျည်မျိုးစုံ (၂၅၇) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား (၄၆) ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသ

သီပေါ ဧရန်နဝါရီ ၂၀

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် ဒေါက်တာရှင်ဥာဏိသရ၏ ဩဝါဒကို ခံယူလျက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် မျက်စိဝေဒနာရှင်များအား ဧရန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ မဟာမြတ်မုနိ ဘုရားကြီး ပရဝဏ်အတွင်းရှိ သီတဂူ စက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား (၄၆) ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

အဆိုပါ သီတဂူစက္ခုဒါနဆေးရုံးကြီးသို့ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များ သာမက အခြားသောမြို့နယ်များမှ လာရောက်ကုသသော မျက်စိဝေဒနာရှင်များအား သီတဂူစက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်းစသည့် ပဏာမလုပ်ငန်းများဆောင်ရွက်ပေးပြီးအငြိမ်းစား မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရန်လိုအပ်သည့် ဝေဒနာရှင်များကို နံနက် စနာရီမှ စတင်ခွဲစိတ်ကုသ ပေးကြသည်။

သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၉၀၀ ကို စမ်းသပ် စစ်ဆေးပြီးခွဲစိတ်ရန်လိုအပ်သည့် ဝေဒနာရှင် ၂၅၁ ဦးကိုလည်းကောင်း၊ ကျန်လူနာ ၆၄၉ ဦးကို လိုအပ် သော ဆေးဝါး၊ မျက်စဉ်းနှင့် မျက်မှန်တပ်ဆင် ရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ သံမှူး Mr. Adel M F A Al Adgham နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧနှစ်ဝါရီ ၂၀

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကူဝိတ်နိုင်ငံ သံရုံးယာယီ တာဝန်ခံ သံမှူး Mr. Adel M F A Al Adgham နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲက ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ခရီးသွားကဏ္ဍ တိုးတက်ရေး

တွေ့ဆုံစဉ် ကူဝိတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးအတွက် ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၀၈ ခုနှစ်တွင် ချုပ်ဆိုခဲ့ပြီးနောက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားကဏ္ဍ တိုးတက်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဥပဒေရေးရာကဏ္ဍများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကျင်းပ

ရန်ကုန် ဧနှစ်ဝါရီ ၂၀

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ငါးခုကို မေးမြန်းရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ပြောင်းရွှေ့ပေးရန် မဖြစ်နိုင်

ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်က ထန်းတပင်မြို့နယ် သဘော့ချောင်းကျေးရွာအုပ်စု ရေသောင်တောကျေးရွာသည် ဘောလည်ကျွန်း လှိုင်မြစ်ကမ်းဘေးမှ ရွာဖြစ်ပြီး ရေတိုက်စားကမ်းပြိုမှုကြောင့် အိမ်ခြေ ၅၀ ကျော်ခန့် နေရာမဲ့ဖြစ်နေပါသောကြောင့် ရေသောင်တောကျေးရွာနှင့် ဆက်စပ်လျက်ရှိသော မြေလွတ်မြေရိုင်း ၈၃ ဧကသို့ ဥပဒေနှင့်အညီ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ရေသောင်တောကျေးရွာနှင့် ဆက်စပ်လျက်ရှိသော မြေ ၈၃ ဧကသည် ထန်းတပင်မြို့နယ် သဘော့ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၂၁၆) ရေသောင်တောကွင်းအတွင်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၃ ခုနှစ် သြဂုတ်(၂၈)ရက်စွဲပါ စာအမှတ်ဖြင့် ငါးကန်မြေအဖြစ် အသုံးပြုရန် လုပ်ငန်းရှင်တစ်ဦးအမည်ဖြင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လန-၃၉ ခွင့်ပြုမိန့်ရရှိထားသောမြေဖြစ်၍ မြေလွတ်မြေရိုင်း မဟုတ်ကြောင်း၊ အဆိုပါ မြေသည် ယခင်ကစားကျက်မြေအမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၂ ခုနှစ် သြဂုတ် ၁၉ ရက်စွဲပါ စာအမှတ်ဖြင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ထားသောမြေဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ရေတိုက်စားကမ်းပါးပြိုမှုကြောင့် နေရာမဲ့ဖြစ်နေသော အိမ်ခြေ ၅၀ ကျော်ကို ယင်းမြေနေရာအတွင်း ဥပဒေနှင့် အညီ ပြောင်းရွှေ့ပေးရန် မဖြစ်နိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကျင်းပစဉ်။

တစ်စိတ်တစ်ဒေသ ပါဝင်

လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာခွေးက လှိုင်မြို့နယ် အမှတ်(၁၁) ရပ်ကွက် ရွှေဟင်္သာလမ်းမကြီးနှင့် ယောဂီကျောင်းလမ်းရှိ လှိုင်တက္ကသိုလ်နယ်မြေနှင့် ပိုင်းခြားထားသည့် အုတ်တံတိုင်းပြင်ပရှိ ရွှေဟင်္သာစျေးအပါအဝင် မြေဧရိယာ ခြောက်ဧကရှိ မြေပေါ်တွင် နေထိုင်ကြသော အိမ်ခြေ ၁၅၉ အိမ်အား အနေကြာဂရန်များ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ယခုတင်ပြသည့် မြေနေရာသည် လှိုင်မြို့နယ် အမှတ်(၁၁) ရပ်ကွက် ရွှေဟင်္သာလမ်းမကြီးနှင့် ယောဂီကျောင်းလမ်းရှိ လှိုင်တက္ကသိုလ်နယ်မြေပြင်ပတွင်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနအောက်တွင်ရှိသော မြို့မြေစာရင်းနှင့် မြို့ကွက်ပြမြေပုံတို့တွင် မြေတိုင်းရပ်ကွက် ၂၉၊ မြေကွက်အမှတ် ၁၈၊ ဧရိယာအားဖြင့် ၄ ဒသမ ၂၁၀ ဧကနှင့် မြေတိုင်းရပ်ကွက် ၃၀၊ မြေကွက်အမှတ် ၁၂၊ ဧရိယာအားဖြင့် ၉ ဒသမ ၈၀၉ ဧက၊ မြေအမျိုးအစားအစိုးရမြေ၊ မြေအမည်ပေါက် အဆင့်မြင့် ပညာဦးစီးဌာန၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်လျက်ရှိကြောင်း၊ ယင်းဧရိယာတွင် ရွှေဟင်္သာစျေး၊ ရွှေဟင်္သာဘောလုံးကွင်းနှင့် လူနေအိမ်ခြေ ၁၅၀ အိမ်ခန့် တည်ရှိပြီး ယင်းတည်ရှိမှုနှင့်ပတ်သက်၍ ရွှေဟင်္သာစျေးနှင့် ရွှေဟင်္သာဘောလုံးကွင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ကြိုးကြပ်ပြုပြင် ထိန်းသိမ်းနိုင်ရန်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေလွှဲပြောင်းပေးရေး ညှိနှိုင်းခဲ့ရာ အဆင့်မြင့်ပညာဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ (၅) ရက် ရက်စွဲပါစာအမှတ်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ပြန်ကြားပြီးဖြစ်သည့် အတွက် လွှဲပြောင်းရရှိရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေဟင်္သာစျေးနှင့် ဘောလုံးကွင်းတို့၏ စုစုပေါင်း ဧရိယာ ၂ ဒသမ ၅ ဧက ခန့်ကို အမည်ပေါက်ခွဲထုတ်မှတ်သားဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း ကျန်မြေ ဧရိယာ ၁၁ ဒသမ ၅၁၉ ဧက မြေအမျိုးအစားသည် အစိုးရမြေ၊ မြေအမည်ပေါက်သည် အဆင့်မြင့်ပညာဦးစီးဌာနအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းမြေပေါ်တွင် နေထိုင်ကြသော အိမ်ခြေ ၁၅၉ အိမ်နှင့် ပတ်သက်သော မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို လက်တလောတွင် ဆောင်ရွက်ပေးနိုင်မည် မဟုတ်သေးကြောင်း ပြန်လည်ဖြေကြား သည်။

ဂရန်မြေရရှိရေး

လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက လှိုင်မြို့နယ် အမှတ်(၆) ရပ်ကွက် ဘူတာရုံလမ်း ဗေဒါစု(၁) လမ်းနှင့် ဗေဒါစု(၂)လမ်းတို့မှ မြေကွက် ၃၁ ကွက်အား ဂရန်မြေရရှိရေးကို အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ယခုတင်ပြသည့် မြေနေရာသည် မြို့မြေစာရင်းနှင့် မြို့ကွက်ပြမြေပုံတို့တွင် လှိုင်မြို့နယ်၊ မြေကွက်အမှတ် ၁၃၊ ဧရိယာ ၂ ဒသမ ၀၄ ဧက၊ မြေအမျိုးအစား သာသနာ့မြေ ဖြစ်ကြောင်း၊ မြေပြင်တည်ရှိမှု အခြေအနေအရ ယင်းသာသနာ့မြေအတွင်း၌ ဗေဒါစု(၁)လမ်း၊ ဗေဒါစု(၂) လမ်းနှင့် လူနေအိမ် ၃၁ အိမ် တည်ရှိနေကြောင်း၊ သို့ဖြစ်ပါ၍ ယင်းမြေကွက် ၃၁ ကွက်သည် သာသနာ့မြေအတွင်း၌ တည်ရှိနေသည့်အတွက် ဂရန်ရရှိရေးကို လက်ရှိအခြေအနေအရ ဆောင်ရွက်မပေးနိုင်သေးကြောင်း ပြန်လည်ဖြေကြားသည်။

ပြန်လည် ရှင်းလင်းဖြေကြား

ထို့နောက် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၏ လှိုင်မြို့နယ် အမှတ်(၄၂) သီရိလမ်း အမှတ်(၂) ရပ်ကွက်တွင်ရှိသော ဒေသန္တရဆေးခန်း၏ အမည်ပေါက်ဂရန် ရရှိရေး အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းမှုအား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လည်းကောင်း၊ သန်လျင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၏ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ထန်းပင်ဆိပ်(၇) နယ်မြေ ကွင်းအမှတ် ၆၅၂ အမည် အလယ်ရွာ ဦးပိုင်အမှတ် ၄၄/၁ ဧရိယာ ၄၅ ဒသမ ၁ ဧကရှိသော မြေဧရိယာအား ကျေးရွာအမည်ပေါက်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပုံလုပ်ငန်းအဆင့်ဆင့်အား သိရှိလိုကြောင်း မေးမြန်းမှုအား ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းကလည်းကောင်း ပြန်လည် ရှင်းလင်းဖြေကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဧနှစ်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း – ဇော်ကြီး
ဓာတ်ပုံ – ဖေဇော်

ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားများအား ပြန်လည်လွှဲပြောင်းပေးအပ်

တာချီလိတ် ဧနှစ်ဝါရီ ၂၀

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ – ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားဌ၌ ဧနှစ်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက တရားမဝင် မြန်မာအလုပ်သမား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး နှစ်ဦး၊ ကလေး အမျိုးသား သုံးဦး စုစုပေါင်း ၁၅ ဦးအား ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ လူဝင်မှုကြီးကြပ်ရေး အရာရှိ Channarong Phumipol ဦးစီးသည့်အဖွဲ့က လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်လင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ CNCMC တို့က ပြန်လည်လက်ခံကြသည်။

တရားမဝင် မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံအတွင်း အထောက်အထားမပါပဲ ဝင်ရောက်မှု၊ သတ်မှတ်နယ်မြေ ကျော်လွန်သွားလာမှု၊ နေထိုင်ခွင့်သက်တမ်း ကျော်လွန်မှု စသည့်အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ညောင်တုန်းမြို့ မြစ်ကမ်းမြေသားတာနိမ့်ကျမှု အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧန်နဝါရီ ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့နံနက်ပိုင်းက ညောင်တုန်းမြို့ (၂၂) လမ်းထိပ်တွင် ဧန်နဝါရီ ၇ ရက်က စတင်၍ တာရိုးအိကျမှုနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာဝုံ)**

တာရိုးအိကျ

ပြည်ထောင်စု ဝန်ကြီးအားခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်၊ တိုင်းဒေသကြီးဦးစီးမှူးနှင့်တာဝန်ရှိသူများက ညောင်တုန်းမြို့၊ ပန်းလှိုင်မြစ်ကမ်းမြို့ပတ်တာ၏ (၂၂) လမ်းထိပ် တာရိုးအိကျမှုဖြစ်စဉ်၊ ပန်းလှိုင်မြစ်ရေကြောင်း အခြေအနေများနှင့် မိုးရာသီမတိုင်မီ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းအစီအမံများကို နယ်သာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းသွားရန်၊ ရေရှည်ခိုင်မာသည့် ဒီဇိုင်းပုံစံဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားကြရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် မြစ်ရေမတက်မီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်မှာကြားသည်။

မြေသား ပြတ်ရွေ့

ညောင်တုန်းမြို့ တာရိုးအိကျမှု ဖြစ်စဉ်မှာ ဧန်နဝါရီ ၁၀ ရက်က မြေသားပြတ်ရွေ့မှု ၁၀ ပေခန့်အထိ ဖြစ်ပေါ်ခဲ့သည်။ နောက်ပိုင်းတွင် တာရိုးနိမ့်ကျမှု လျော့နည်းလာသော်လည်း (၂၁) လမ်းအထိ မြေသားပြတ်ရွေ့မှု ဆက်လက်ဖြစ်ပေါ်လာကာ ဧန်နဝါရီ ၁၉ ရက်အထိ စုစုပေါင်းအလျားပေ ၅၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။

တာရိုးအိကျသည့် နေရာတွင် အရေးပေါ်ဆောင်ရွက်မှု လုပ်ငန်းများ အဖြစ် မြေသားအလေးချိန် လျော့ကျစေရေးအတွက် ပြိုကျအုတ်ရိုးနှင့် အပေါ်ယံမြေသားများ နှစ်မီတာခန့် ဖယ်ရှား ရှင်းလင်းခြင်း၊ ရေနက်စီးကြောင်းချဉ်းကပ်မှုနှင့် ရေလှိုင်းအန္တရာယ်ကာကွယ်ရန် ဝါးဖောင်တွဲ အလျားပေ ၃၅၀ ဆောင်ရွက်ခြင်း၊ ရေယာဉ်များ အရှိန်လျော့မောင်းနှင်ရန် သတိပေးဆိုင်းဘုတ် စိုက်ထူခြင်း စသည့် အရေးပေါ်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်လျက်ရှိပြီး အချိန်နှင့် တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကယားပြည်နယ် လွိုင်ကော်မြို့တွင် စတုတ္ထအကြိမ် မြန်မာ- ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော် ကျင်းပ

နေပြည်တော် ဧန်နဝါရီ ၂၀

(ဖ၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် စတုတ္ထအကြိမ် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်အတွင်း၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရှယာမနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာအနှံ့ ချယ်ရီပင် စိုက်ပျိုး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဂျပန်တော်ဝင်နန်းတော်မှ ကမ္ဘာအနှံ့ ချယ်ရီပင်စိုက်ပျိုးရေးစီမံကိန်းအနေဖြင့် အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အတော်များများတွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူဖြစ်စေရန် ၂၀၁၇ ခုနှစ်မှ စတင်ပြီး စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် စတုတ္ထအကြိမ်ထိ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ပထမအကြိမ် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်အဖြစ် နေပြည်တော် ဧဝန လမ်းတွင် ချယ်ရီပင် ၁၀၀ ကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ချယ်ရီပင် ၂၀၀ ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-(၁)၊ Royal Myanmar Golf Club ၊ ဧဝနလမ်းတစ်လျှောက်နှင့် ချင်းပြည်နယ်၊ မိုးကုတ်၊ ပြင်ဦးလွင်၊ ကလောနှင့် အင်းလေးဒေသများတွင် ချယ်ရီပင် ၂၂၅၀ ကို လည်းကောင်း၊ တတိယအကြိမ်အဖြစ် ချယ်ရီပင်နှင့် မေပယ်လ်ပင် ၃၉၀၀ ကို ရန်ကုန်မြို့၊ ချင်းပြည်နယ်၊ မိုးကုတ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လည်းကောင်း စိုက်ပျိုးခဲ့ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် (ဖ၈) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင် စိုက်ပျိုးစဉ်။ သတင်းစဉ်

နိုင်ငံတစ်ဝန်း မြင်တွေ့ရမည်

ယခုနှစ် စတုတ္ထအကြိမ်မြောက် ချယ်ရီပင် စိုက်ပျိုးပွဲတော်အဖြစ် လွိုင်ကော်မြို့တွင် ချယ်ရီပင် ၂၀၀ နှင့် နေပြည်တော် ပြည်သူ့လွှတ်တော် ဝင်းအတွင်း အပင်ရေ ၁၁၄ ပင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အခြားခရီးစဉ် ဒေသများဖြစ်သည့် မွေတော်ကက္ကူတွင် ချယ်ရီပင် ၂၀၀၊ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တွင် ချယ်ရီပင် ၄၀၀၊ ဟားခါးမြို့ View Point တွင် ချယ်ရီပင် ၁၀၀၊ ပင်းတယမြို့နယ်တွင် ချယ်ရီပင် ၃၅ ပင်၊ မိုးကုတ်မြို့နယ်တွင် ချယ်ရီပင် ၁၀၀ နှင့် ကရင်ပြည်နယ်တွင် ချယ်ရီပင် ၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ မြန်မာ-ဂျပန်ချစ်ကြည်ရေးသင်္ကေတ ချယ်ရီပင်များကို နိုင်ငံတစ်ဝန်းမြင်တွေ့ရမည်ဖြစ်ပါကြောင်း။

ယဉ်ကျေးမှုချင်း နီးစပ်

ချယ်ရီပင်များကို မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးသွားခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ၏ ဂျပန်လူမျိုးများအပေါ် ထားရှိသည့် ချစ်ခင်ရင်းနှီးမှုကို ဖော်ပြရာရောက်သည့်အပြင် ယဉ်ကျေးမှုချင်း နီးစပ်သည့် မြန်မာနိုင်ငံကိုလည်း ဂျပန်လူမျိုးများ ပိုမိုလာရောက်လည်ပတ်လိုမှုများ ဖြစ်ပေါ်လာစေမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံမှ ဧည့်သည်များအနေဖြင့်လည်း ကယားပြည်နယ်၏ သဘာဝအလှအပများကို လာရောက်ကြည့်ရှုခံစားရန်နှင့် ကယားပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုများကို လာရောက်လေ့လာကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရှယာမ က ဂုဏ်ပြုစကား ပြောကြားပြီး ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများ၌ ချယ်ရီပင်များ စိုက်ပျိုးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာန ကယားပြည်နယ် ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး Information Counter တွင် QR Code ထားရှိခြင်း၊ ဂျပန်ဘာသာစကား သင်တန်းဖွင့်လှစ်ထားရှိခြင်းနှင့် ရုံးအဆောက်အဦအသစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် ဒေါတမကြီး ကျေးရွာရှိ လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ညနေပိုင်းတွင် လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်အတွင်း၌ ကျင်းပသည့် (ဖ၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် စတုတ္ထအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင် စိုက်ပျိုးပွဲတော်ကို ဂုဏ်ပြုကြိုဆိုခြင်း ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

သတင်းစဉ်

ရတနာပုံဈေးမီးလောင်မှု ကျပ်သိန်းပေါင်းတစ်သောင်းကျော်ဆုံးရှုံး မီးလောင်ရသည့် အကြောင်းရင်းကို ကော်မတီဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမည်

မန္တလေး ဧန်နဝါရီ ၂၀

မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရတနာပုံဈေး (sky walk) မီးလောင်မှုတွင် ငွေကျပ်သိန်းပေါင်းတစ်သောင်းကျော် ဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရတနာပုံဈေး မီးလောင်ရသည့် အကြောင်းရင်း စိစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ရတနာပုံဈေး Sky walk ပထမထပ်ရှိ ဆိုင်ခန်းပေါင်း ၁၅၅ ခန်း အနက် ၁၂၅ ခန်း မီးလောင်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် အဆောက်အဦ တန်ဖိုးငွေကျပ် ၃၃၇၅ ဒသမ ၈၀ သိန်းနှင့် အတွင်းပစ္စည်းဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၆၆၃၄ ဒသမ ၆၀ သိန်း စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၀၀၁၀ ဒသမ ၄၀ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

"ရတနာပုံဈေး မီးလောင်မှုအခြေအနေကို စုံစမ်းဖော်ထုတ်ဖို့ လုပ်ငန်းကော်မတီကို ဒီနေ့မှာ ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မတီထဲမှာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးက ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်မှာဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာနဲ့ ရတနာပုံဈေး မြေညီထပ်က ဈေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ စတဲ့ ပုဂ္ဂိုလ်တွေအားလုံးပါဝင်တဲ့ ကော်မတီဖွဲ့စည်းထားပါတယ်" ဟု ရတနာပုံဈေးမီးလောင်ရသည့် အကြောင်းရင်း စိစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးခင်အောင်က ပြောသည်။

အဆိုပါ ဈေးမီးလောင်မှု ဖြစ်ပွားပြီးနောက် ဧန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် Yatanar mall ရှိ ဆိုင်ခန်းပိုင်ရှင်များ၏ ပစ္စည်းများကို သယ်ယူခွင့်ပြုခဲ့ပြီး ဧန်နဝါရီ ၁၉ ရက်မှစ၍ မီးလောင်ခဲ့သည့် ပထမထပ်နှင့် ဈေးအတွင်း အထပ်အသီးသီးရှိ ဆိုင်ခန်းပိုင်ရှင်များ၏ ပစ္စည်းများကို သယ်ယူခွင့်ပေးနေကြောင်း သိရသည်။

"ဈေးအတွင်းမှာရှိတဲ့ ဆိုင်ခန်းရှင်အားလုံးရဲ့ ပစ္စည်းတွေ သယ်ယူခွင့်ပေးနေပါပြီ။ သယ်ယူတဲ့နေရာမှာလည်း လုံခြုံမှုရှိအောင် လည်ဆွဲကတ်တွေထုတ်ပေးပြီး စနစ်တကျ သယ်ယူခွင့်ပေးခဲ့ပါတယ်။ ဒီပစ္စည်းတွေ အားလုံး သယ်ယူပြီးစီးသွားမှ ဈေးတစ်ခုလုံးကို သန့်ရှင်းရေးပြုလုပ်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ရတနာပုံဈေးတွင် ဧန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီဝန်းကျင်က မီးစတင်လောင်ခဲ့ပြီး level 5 အဆင့်ဖြင့် ငြိမ်းသတ်ခဲ့ရကာ ဧန်နဝါရီ ၁၈ ရက် နံနက် ၅ နာရီကျော်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ နတ်မောက်မြို့တွင် ရိုက်ကူးလျက်ရှိ

နတ်မောက် ဧနှစ်လ ၂၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကြီးမှ ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဇာတ်ဝင်ခန်းအချို့ကို ဧနှစ်လ ၁၇ ရက်မှစပြီး ရိုက်ကူးလျက်ရှိသည်။

ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းက နတ်မောက်မြို့ အင်ကုန်းကျေးရွာတွင် ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်၏အစ်ကိုဖြစ်သူ ဦးဘဝင်းတို့ ငယ်စဉ်ကျောင်းသားဘဝဇာတ်ဝင်ခန်းများ ရိုက်ကူးနေပြီး ယမန်နေ့က အောင်ဆန်း ရပ်ကွက်ရှိ ဒီပက်ရာ ပရိယတ္တိစာသင်တိုက်၌ ဗိုလ်ချုပ်၏ ငယ်ဆရာတော်ဖြစ်သည့် ဦးသောဘိတကျောင်းတွင် ငယ်စဉ်ဘဝစာသင်သည့် ဇာတ်ဝင်ခန်း ရိုက်ကူးသည်။

“ ဗိုလ်ချုပ်ရဲ့ နေအိမ် ပြတိုက်မှာ ဗိုလ်ချုပ်ရဲ့ နေအိမ်အဖြစ်နဲ့ ဗိုလ်ချုပ်ငယ်စဉ်ဘဝအကြောင်းတွေ ရိုက်တယ်။ ဗိုလ်ချုပ်ရဲ့ ဆရာတော်ဖြစ်တဲ့ ဦးသောဘိတကျောင်းမှာလည်း ဗိုလ်ချုပ်ငယ်စဉ်တုန်းက စာသင်တဲ့ ဇာတ်ဝင်ခန်း ရိုက်တာ ဖြစ်ပါတယ်။ ဒီနတ်မောက်မှာရိုက်ရတာ အခက်အခဲမရှိပါဘူး။ ပရိသတ်တွေက ဗိုလ်ချုပ် အကြောင်း ရိုက်နေတာသိတော့ ဝိုင်းပြီးကူညီကြတယ်။ ယဉ်ကျေးကြပါတယ်။ ရိုက်ကွင်းကို အနှောင့်အယှက်မပေးကြဘူး။ တခြားနေရာတွေမှာ ရိုက်ရတာထက် ဗိုလ်ချုပ် တကယ်နေထိုင်သွားတဲ့ အိမ်ခြံဝင်းမှာရိုက်ရတာ၊ ဗိုလ်ချုပ် တကယ်စာသင်သွားတဲ့ ဒီဘုန်းကြီးကျောင်းမှာ ရိုက်ရတာ၊ နောက်ပြီးတော့ ဗိုလ်ချုပ်ရဲ့ ဆွေမျိုးတွေနေသွားတဲ့ မြို့ပတ်ဝန်းကျင်အရပ်မှာ ရိုက်ရတာ ဒီဇာတ်ကားကြီးအတွက် တကယ့်ကိုပဲ ထူးခြားတဲ့ စိတ်ခံစားချက်တွေနဲ့ အထောက်အပံ့တွေ အများကြီးရတယ်လို့ ခံစားမိပါတယ်” ဟု အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးမှ ဒါရိုက်တာအကယ်ဒမီ လူမင်းက ပြောသည်။

“နတ်မောက်က ပြီးရင် ရန်ကုန်ခဏပြန်ပြီး ရန်ကုန်ရိုက်ကွင်းတွေ ပြန်ရိုက်ပါမယ်။ ပြီးရင်တော့ နေပြည်တော်မှာ စစ်ကြောင်းချီတာတွေ၊ တိုက်ပွဲဖြစ်တာတွေ စတဲ့ဇာတ်ဝင်ခန်းတွေ သွားရိုက်ဖို့ ပြင်ဆင်ပါမယ်။ ရိုက်ကူးရက်ကတော့ လေးလထဲ ရောက်လာပါပြီ။ ပထမတော့ ငါးလသတ်မှတ်ပြီး ရိုက်နေတာ၊ မပြီးရင်တော့ ထပ်တိုးပြီး ရိုက်ရမှာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးကို ၂၀၂၀နှစ်ကုန်ပိုင်းတွင် ရုံတင်နိုင်အောင် ရည်ရွယ်ချက်ထား၍ ကြိုးစားရိုက်ကူးလျက်ရှိပြီး ဆက်လက်ဆောင်ရွက်ရမည့် ကဏ္ဍများသဖြင့် အသေအချာပြော၍မရကြောင်း ဒါရိုက်တာ အကယ်ဒမီ လူမင်းက ပြောသည်။

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

ဒါရိုက်တာ အကယ်ဒမီလူမင်းနှင့်အဖွဲ့ နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ဇာတ်ကားကြီး၏ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေစဉ်။

ဗိုလ်ချုပ်နေအိမ်ပြတိုက်တွင် ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးရာသို့ ဒေသခံပရိသတ်များ လာရောက်ကြည့်ရှုကြစဉ်။

မြန်မာအမျိုးသမီးအသင်း အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲအတွက် ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်

ရန်ကုန် ဧနှစ်လ ၂၀

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၀ တိုကျိုအိုလံပစ် တတိယအဆင့် ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၂၁ ရက်တွင် စတင်လေ့ကျင့်ခဲ့သော်လည်း ရွေးချယ်ထားသည့် ကစားသမားအချို့ နောက်ကျခြင်း၊ မရောက်ရှိလာခြင်းတို့ကြောင့် ကစားသမား အပြောင်းအလဲများခဲ့ပြီး ဧနှစ်လ ၀ါရီလ ပထမပတ်မှ လူစုံလေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နည်းပြချုပ်လည်း ခန့်အပ်နိုင်ခြင်း မရှိသေးသောကြောင့် လက်ထောက်နည်းပြ ဦးခင်မောင်ထွေးက ယာယီနည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်နေကာ အုပ်ချုပ်သူ ဦးတင်မြင့်အောင်က ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဦးတင်မြင့်အောင်၊ **ယာယီနည်းပြချုပ်-** ဦးခင်မောင်ထွေး၊ **လက်ထောက်နည်းပြ-** ဒေါ်သန်းသန်းထွေး၊ ဒေါ်မာလာဝင်း၊ **ဂိုးနည်းပြ-**ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-** မြဖူးငုံ၊ မေဇင်နွယ်၊ သန္တာဦး၊ ဇူးလတ်နဒီ၊ **နောက်တန်း-**ခင်မျိုးဝင်း၊ နော်ထက်ထက်ဝေ၊ ခင်သန်းဝေ၊ ဇွန်ယုယဦး၊ အိရတနာဖြိုး၊ အေးအေးမိုး၊ ဝေဝေအောင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဖြူဖြူဝင်း၊ **အလယ်တန်း-**မိုးမိုးသန်း၊ လင်းမြင့်မိုရ်၊ ငယ်ငယ်ထွေး၊ ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ခင်မိုးဝေ၊ မြတ်နိုးခင်၊ **ရှေ့တန်း-**နုနု၊ ရီရီဦး၊ ဝင်းသိဂီထွန်းနှင့် ဂျူလိုင်ကျော်တို့ ပါဝင်နေသည်။ မြန်မာအမျိုးသမီး အသင်းသည် လက်ရှိတွင် မန္တလေးမြို့၌ လေ့ကျင့်လျက်ရှိပြီး ဧနှစ်လ ၀ါရီ ၂၅ ရက်နှင့် ၂၈ ရက်တို့တွင် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ခြေစမ်းပွဲပြီးမှ အပြီးသတ်ကစားသမားများ ရွေးချယ်မည်ဖြစ်သည်။

အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် ကျရောက်နေသည်။

ညီမြတ်သော်တာ

ရုပ်ရှင်နမူနာတည်းဖြတ်မှုဆိုင်ရာ ဟောပြောပို့ချ

ရန်ကုန် ဧနှစ်လ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင် မြှင့်တင်ရေးဌာနခွဲနှင့် ရန်ကုန် ရုပ်ရှင်သင်တန်းကျောင်းတို့ ပူးပေါင်း၍ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အတွက် အထောက်အကူဖြစ်စေမည့် အစီအစဉ်တစ်ရပ်အဖြစ် ရုပ်ရှင်နမူနာ တည်းဖြတ်မှုဆိုင်ရာ ဟောပြောပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာ ရုပ်ဝန်းရှိ ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည်။

အဆိုပါ အစီအစဉ်တွင် သြစတြေးလျနိုင်ငံမှ Postproduction ကြီးကြပ်သူ၊ ရုပ်ရှင်တည်းဖြတ်နည်းပြ Ms.Fiona Strain က ဟောပြောပို့ချပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများနှင့် ရုပ်ရှင်ဇာတ်လမ်း၊ ဇာတ်ညွှန်းတည်းဖြတ်ခြင်းလုပ်ငန်းကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

Ms.Fiona Strain သည် နိုင်ငံရေး၊ ဖြစ်ရပ်မှန်မှုခင်းများ၊ အနုပညာ၊ ကလေး ရုပ်မြင်သံကြား၊ ဟာသ ဇာတ်လမ်းများ အစရှိသည့် ဇာတ်လမ်းတို့၊ ရုပ်မြင်သံကြား ဇာတ်လမ်းနှင့် မှတ်တမ်းရုပ်ရှင်များကို တည်းဖြတ်သည့် အယ်ဒီတာတစ်ဦး ဖြစ်သည်။ သူတည်းဖြတ်ခဲ့သည့် ရုပ်ရှင်များသည် သြစတြေးလျနိုင်ငံ၏ နာမည်ကျော်ကြားသော Australian Film Institute Awards မှ အကောင်းဆုံးမှတ်တမ်းရုပ်ရှင် ဇာတ်လမ်းတွဲဆုနှင့် ATOM Awards မှ အကောင်းဆုံးကလေး ရုပ်မြင်သံကြား ဇာတ်လမ်းတွဲဆုအပါအဝင် သြစတြေးလျနိုင်ငံ၏ အခြားရုပ်ရှင်ဆုများစွာ ချီးမြှင့်ခြင်းခံခဲ့ရပြီး ရုပ်ရှင်ပွဲတော်များတွင်လည်း ပြသခဲ့သည်။ Ms.Fiona Strain သည် ရုပ်ရှင်တည်းဖြတ်ခြင်းပညာကို Australian Film Television and Radio School တွင် ခြောက်နှစ်သင်ကြားခဲ့သည်။ ယခုလက်ရှိတွင် Australian Screen Editor’s Guild (ASE) ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။

သတင်းနှင့် ဓာတ်ပုံ-ရီရီမြင့်

နေရာကွက်ကျားမိုးရွာမည်

နေပြည်တော် ဧနှစ်လ ၂၀

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

❍ *ကျောဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းတွင် ကစားသမားများအဖြစ် **ဂိုး-**ကျော်ဇင်ထက်၊ ဝေလင်းအောင်၊ **နောက်တန်း-**ထိုက်ထိုက်အောင်၊ သိန်းသန်းဝင်း၊ ဇာနည်ထက်၊ ထူးခန့်လွင်၊ မင်းကျော်ခန့်၊ သူရိန်စိုး၊ အဘူဘာကာ၊ **အလယ်တန်း-**ရန်ပိုင်စိုး၊ မောင်မောင်ဝင်း၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင်၊ ကောင်းထက်စိုး၊ အောင်ကျော်နိုင်၊ ရှိုရီ၊ **ရှေ့တန်း-**ဘာဖိုနှင့် သန်းပိုင်တို့ ပါဝင်သည်။ မြန်မာကလပ်အသင်းများအနက် ဒုတိယဦးစားပေးအသင်းသည် ၂၀၁၇ ခုနှစ်မှစ၍ ခြေစစ်ပွဲယှဉ်ပြိုင်ရသော်လည်း ပြိုင်ဘက်အသင်းများ နုတ်ထွက်မှုကြောင့် ယခုနှစ်မှသာ ခြေစစ်ပွဲ စတင်ကစားရခြင်းဖြစ်သည်။ အာဆီယံဇုန် နောက်ဆုံးအဆင့် ခြေစစ်ပွဲတွင် အသင်းခြောက်သင်း ပါဝင်မည်ဖြစ်ပြီး အနိုင်ရသည့်သုံးသင်းမှာ အုပ်စု အဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် အင်ဒရာ အသင်းသည် ပထမအကျော့အဖြစ် ဧနှစ်လ ၀ါရီ ၂၂ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဘရူနိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည် ဖြစ်ပြီး ဒုတိယအကျော့ကို ဧနှစ်လ ၀ါရီ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ခြေစစ်ပွဲ အောင်မြင်ပါက အုပ်စု (F) တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန် ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို) တို့နှင့် အတူ ကျရောက်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် မြန်မာကလပ်အသင်းများတွင် AFC Cup ပြိုင်ပွဲ၌ အကြိမ်အများဆုံး ယှဉ်ပြိုင်ခွင့်ရထားသည့် အသင်းဖြစ်ပြီး ယခုနှစ်တွင် ခြေစစ်ပွဲအောင်မြင်ပါက ခုနှစ်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ညီမြတ်သော်တာ

မြန်မာ့ရုပ်မြင်သံကြား

၂၁-၁-၂၀၂၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၄၀ – "အိပ်မက်လမ်းသို့ခရီးရှည် စကားပိုင်း"(အပိုင်း-၁)
- ၉:၁၅ – ရာဇဝင်ထဲကသမိုင်း အနုပညာ"ရှင်သန်နေဆဲဒြပ်မဲ့ ယဉ်ကျေးမှုများ" (စက္ကူခေါင်းပွလုပ်ငန်း)
- ၁၀:၃၅ – ဥပဒေရေးရာအဖြာဖြာ "အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများအကြောင်း သိကောင်းစရာ"(အပိုင်း-၁)
- ၁၁:၃၅ – ဘဝထဲကဝတ္ထု ဝတ္ထုထဲက ဘဝ"ငါးမှားတန်လူ"
- ၁၂:၃၅ – "မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၂:၅၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း- ၂၃(၂)+၂၄(၁))
- ၁၅:၄၀ – ဧနနဝေါရီလ လပတ် မိုးလေဝသအစီအစဉ်

ညပိုင်း

- ၁၆:၂၀ – "အယ်လ်ဘာ့တီးနားဆိုလီယာနီနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၆:၃၅ – ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(ချင်း-လိုင်ဒီး)
- ၁၇:၀၅ – ဒေသတစ်ခုထုတ်ကုန် တစ်မျိုး"သမိုင်းထဲက တစ်ပွင့်ပန်း" (ငွေထည် ကြေးထည်လုပ်ငန်း)
- ၁၇:၄၀ – "ဆူးခင်းလမ်းကမုဒြာ"
- ၁၈:၂၅ – ဥပဒေစကားပိုင်း "စာချုန်တော်အမိန့် အကြောင်း သိကောင်းစရာ"
- ၁၉:၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၄) (၂)
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ – "အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံ"(ဆွေးနွေးခန်း)
- – တက္ကသိုလ်ရာပြည့် ဂုဏ်ပြု ရုပ်ရှင် "ချစ်သူငယ်ချင်း"

ချမ်းအေးသာစံမြို့နယ်၌ ဆိုင်ကယ်လုယက်သူလေးဦးကို အချိန်တိုအတွင်း ဖမ်းမိ

မန္တလေး ဧနနဝေါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဗဟိုအမျိုးသမီးဆေးရုံရှေ့၌ ဧနနဝေါရီ ၁၉ ရက် နံနက် ၁ နာရီခွဲခန့်က စျေးဝယ်ပြီး ပြန်လာသော အမျိုးသားနှစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်ကို ဝိုင်းဝန်းရိုက်နှက် ယူဆောင်သွားသူများအား ရဲတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရုပ်ကွက်နေ ဇင်ကိုကို (၂၆ နှစ်)နှင့် မန်းမြန်မာ INN တွင် တည်းခိုနေထိုင်သူ ထိုင်းနိုင်ငံသား Mr. Wannachai Prome (၁၈နှစ်)တို့ နှစ်ဦးသည် စျေးဆိုင်မှ စျေးဝယ်ပြီး ပြန်လာစဉ် လမ်း ၃၀၊ ၆၈ x၇၀ လမ်းကြားအရောက်တွင် ဆိုင်ကယ် စီးနင်းလာသည့် လူငယ်လေးဦးက ဝိုင်းဝန်းရန်ပြုကာ ဇင်ကိုကိုတို့ စီးနင်းလာသော ဆိုင်ကယ်ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့် စပ်လျဉ်း၍ အမှတ်(၃) နယ်မြေရဲစခန်းမှူးရဲအုပ် ကျော်ကျော်ဦးနှင့် လှည့်ကင်းအဖွဲ့မှ ပြစ်မှုကျူးလွန်သူများကို လိုက်လံရှာဖွေခဲ့ရာ ၃၂ x ၆၈ လမ်းထောင့် မီးပွိုင့်တွင် မသက်ဘွယ် လူငယ်လေးဦးကို ဆိုင်ကယ်နှစ်စီးနှင့်အတူ တွေ့ရှိ၍ ရပ်တန့်စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့သည်။

ပြစ်မှုကျူးလွန်သူများမှာ ချမ်းအေးသာစံမြို့နယ်နေသူ ထွန်းထွန်းကျော်(၁)ထွန်းကျော် (၂၃ နှစ်)၊ အောင်မြေသာစံမြို့နယ်နေသူ ဝေဖြိုး (၂၃ နှစ်)၊ ချမ်းမြသာစည်မြို့နယ် နေသူများ ဖြစ်သည့် နေထက်လင်း(၁) တရုတ်နီ (၂၆ နှစ်) နှင့် ကျော်ထက် (၂၅ နှစ်)တို့ဖြစ်ကြောင်း သိရပြီး လုယူသွားသော ဆိုင်ကယ်နှင့် သက်သေခံပစ္စည်းများအား နှစ်နာရီအတွင်း ဖမ်းဆီးရမိခဲ့သဖြင့် အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်ထားရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ပြစ်မှုကျူးလွန်သူများအား သက်သေခံ ဆိုင်ကယ်နှင့်အတူ တွေ့ရစဉ်။

ဖားကန့်မြို့နယ်၌ စွန့်ပစ်မြေစာပုံဟောင်းပြိုကျ၍ အမျိုးသားတစ်ဦး သေဆုံး

ဖားကန့် ဧနနဝေါရီ ၂၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နန့်မှော်ကျေးရွာအနီး၌ ဧနနဝေါရီ ၂၀ ရက် ညနေပိုင်းက ကျောက်မျက်တူးဖော်ရေး လုပ်ကွက်ဟောင်း မြေစာပုံပြိုကျ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖားကန့်မြို့နယ် နန့်မှော်ကျေးရွာ "ရတနာဘစန်းရွှင်" ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအနီးရှိ စွန့်ပစ်မြေစာပုံဟောင်းတွင် ယနေ့ညနေ ၃ နာရီ၄၅ မိနစ်က ပေ ၅၀၀ခန့် အမြင့်ရှိ မြေစာများ ပြိုကျခဲ့၍ ရေမဆေး ကျောက်ရှာဖွေနေသူ ကောင်ဆန်ကျေးရွာနေ ဦးလှထွန်းဖြူ(၅၄ နှစ်)အား မြေစာများ ဖုံးလွှမ်းသွားခဲ့သည်။

ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက သေဆုံးသူ အား ဘက်ဟိုးယာဉ်ဖြင့် တူးဖော်ရှာဖွေ၍ ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

ဖရူဆိုမြို့၌ မီးလောင်မှုဖြစ်ကာ အမျိုးသမီးတစ်ဦးသေဆုံး

နေပြည်တော် ဧနနဝေါရီ ၂၀

ဖရူဆိုမြို့နယ်၌ ဧနနဝေါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ဟိုယာကျေးရွာနေ ဒေါ်ဖရန်စစ္စကာ(၆၉ နှစ်)၏ နေအိမ်မီးဖိုမီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ကာ တစ်ဦးသေဆုံးသွားခဲ့သည်။

မီးလောင်မှုအား မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးလောင်မှုဖြစ်ပြီးနောက် နှစ်နာရီခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး ဒေါ်ဖရန်စစ္စကာမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သောကြောင့် ဖရူဆိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

မင်္ဂလာဒုံမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိ

ရန်ကုန် ဧနနဝေါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှူခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဧနနဝေါရီလ ဒုတိယပတ်က ထန်းတပင်မြို့နယ် အနော်ရထာလမ်းမကြီး ပေါက်တန်းအဝိုင်းအနီးတွင် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ကျော်ကျော်(၁)အောင်ကြီး(၁)အောင်အောင်ကို ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် စစ်မေးရာ ၂၀၁၉ ခုနှစ် မတ်လအတွင်းက မင်္ဂလာဒုံမြို့နယ် ရွှေနှင်းဆီရပ်ကွက်အတွင်းမှ ခိုးယူလာသည့်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ ကျော်ကျော်(၁)အောင်ကြီး(၁)အောင်အောင် ကို အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် ဧပြီလနှင့် မေလများအတွင်း မင်္ဂလာဒုံမြို့နယ်အတွင်းမှ စုစုပေါင်းဆိုင်ကယ်သုံးစီးခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် အရေးယူထားကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ကိုရဲ**

လှိုင်သာယာ၌ မီးလောင်မှုဖြစ်ဟူး၊ အမျိုးသမီးတစ်ဦးသေဆုံး

နေပြည်တော် ဧနနဝေါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ရှော့ပ်ဟောက် စျေးဆိုင်တန်းရှိ Grand Star KTV ၌ ဧနနဝေါရီ ၁၉ ရက် ည ၇ နာရီခွဲက မီးလောင်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

Grand Star KTV အတွင်း၌ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးလောင်မှုဖြစ်ပြီးနောက် မိနစ် ၄၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အခန်းတစ်ခန်း မီးလောင်ပျက်စီးခဲ့ပြီး ဆိုင်အတွင်း သိချင်းသီဆိုနေသူ ဧလွန်မြို့နယ်နေ မအေးမြသန္တာ(ခ)သံစဉ်(၂၄ နှစ်)မှာ မီးခိုးမွန်၍ အသက်ရှူကျပ်ကာ သေဆုံးသွားခဲ့သောကြောင့် ဆိုင်မန်နေဂျာ ဖြစ်သူ နိုင်ထက်အောင်(ခ) စည်သူ (၂၉ နှစ်)အား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီးဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် စျေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	ဆေးအမည်	ဆေးဝါး ပုံစံ	ထုတ်လုပ်/ ဖြန့်ချိဌာန	ရောနှောသည့် အနောက်တိုင်းဆေး
၁။	မင်းရာဇာ	စွယ်စုံဆေး	ဆေးမှုန့်/ထုပ်	မင်းရာဇာ တိုင်းရင်းဆေး ထုတ်လုပ်ရေး	Paracetamol
ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။					

Paracetamol ရောနှောသည့် ဆေးထုပ်နမူနာ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီ တိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊(၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

တရုတ်နိုင်ငံ ရှင်ကျန်းခ၌ ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်

ပေကျင်း ဧန်နဝါရီ ၂၀

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကက်ရှ်ဂါရှိ ဂျာရှီစီရင်စု၌ ဧန်နဝါရီ ၁၉ ရက် ညနေပိုင်းက ပြင်းအား ၆ ဒသမ ၄ ရစ်ချ်တာစကေးရှိ မြေငလျင်တစ်ခု လှုပ်သွားကြောင်း တရုတ်မြေငလျင်ကွန်ရက်ဗဟိုဌာန၏ ပြောကြားချက်အရ သိရသည်။

လတ်တလောတွင် ငလျင်ကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိကြောင်း သတင်းဖော်ပြမှု မရှိသေးပေ။ သို့သော် ဂျာရှီ၌ ပြင်းထန်သည့် နောက်ဆက်တွဲ တုန်ခါမှုများ ဖြစ်ပေါ်ခဲ့ကာ နေအိမ်အပြင်ဘက်သို့ ကြောက်လန့်တကြား ထွက်ပြေးခဲ့ကြရကြောင်း ဒေသခံပြည်သူအချို့က ပြောသည်။ အခြေအနေများကို ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ တာဝန်ရှိသူ အယောက် ၅၀ ခန့်ကို ငလျင်လှုပ်ရာ နေရာသို့ စေလွှတ်ခဲ့သည်။

ငလျင်လှုပ်ရာ ဇုန်အတွင်း ပြေးဆွဲနေသည့် ခရီးသည်တင်ရထားကိုးစင်းကို ယာယီရပ်ဆိုင်းထားခဲ့ပြီး ရထားပို့ဆောင်ရေးအမှုထမ်းများကို စစ်ဆေးမှုများ လုပ်ဆောင်ရန် စေလွှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ

ငလျင်လှုပ်မှုကြောင့် ကုန်တိုက်တစ်ခုမှ ပစ္စည်းများ ကွဲကျဖျက်စီးခဲ့သည်ကို တွေ့ရစဉ်။

ခြောက်နှစ်တာကာလအတွင်း ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ လူပေါင်း ၃၉၀၀ ကျော်ကို အိန္ဒိယက နိုင်ငံသားဖြစ်ခွင့်ပေး

နယူးဒေလီ ဧန်နဝါရီ ၂၀

ပါကစ္စတန်နိုင်ငံမှ လူပေါင်း ၂၈၃၈ဦး၊ အာဖဂန်နစ္စတန်မှ လူပေါင်း ၉၁၄ ဦးနှင့် ဘင်္ဂလားဒေ့ရှ်က လူပေါင်း ၁၇၂ ဦးတို့ကို လွန်ခဲ့သည့် ၆ နှစ်တာကာလအတွင်း နိုင်ငံသားဖြစ်ခွင့်ပေးခဲ့ကြောင်း အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး နီမာလာ စီသရာမန်းက ဧန်နဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

တိုင်းမ်စ်အော့ဖ် အိန္ဒိယ၏ အစီရင်ခံစာအရ ၁၉၆၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း သီရိလင်္ကာမှလာသည့် တမီးလ်အသိုင်းအဝိုင်းတွင် နေထိုင်ကြသည့် လူပေါင်း ၄၀၀၀၀၀ ကို နိုင်ငံသားဖြစ်ခွင့်ပေးခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ လွန်ခဲ့သည့် နှစ်နှောင်းပိုင်းက နိုင်ငံသားဖြစ်ခွင့် ဥပဒေကို ပြင်ဆင်မှုကို ပါလီမန်မှခွင့်ပြုပြီးနောက် ယခုလို ထုတ်ဖော်ပြောကြားလာခြင်းဖြစ်သည်။ နိုင်ငံသားဖြစ်ခွင့်ကို ပြင်ဆင်သည့် ဥပဒေကြောင့် လွန်ခဲ့သည့် လအနည်းငယ်အတွင်း အိန္ဒိယနိုင်ငံတစ်လွှားတွင် ပြင်းထန်သည့် ဆန့်ကျင်ဆန္ဒပြမှုများ ထွက်ပေါ်လာခဲ့သည်။

၂၀၁၄ ခုနှစ်ထိတိုင်အောင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖဂန်နစ္စတန်တို့မှ မူဆလင် ၅၆၆ ဦးကျော်ကို နိုင်ငံသားဖြစ်ခွင့်ပေးခဲ့ကြောင်း နီမာလာက ဆက်လက်ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီလက်ထက် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပါကစ္စတန်မှ ရွှေ့ပြောင်းနေထိုင်သူ မူဆလင် ၁၅၉၅ ဦးနှင့် အာဖဂန်နစ္စတန်မှ မူဆလင် ၃၉၁ ဦးတို့ကို နိုင်ငံသားဖြစ်ခွင့်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

တရုတ်နိုင်ငံ၌ အဆုတ်ရောင်ရောဂါဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၀ နီးပါးအထိရှိလာ

ပေကျင်း ဧန်နဝါရီ ၂၀

တရုတ်နိုင်ငံ၌ အဆုတ်ရောင်ရောဂါဖြစ်ပွားစေသည့် ကိုရိုနာဗိုင်းရပ်စ်အသစ်တစ်မျိုး ကူးစက်ပျံ့နှံ့မှုကို ရင်ဆိုင်ရလျက်ရှိပြီး ယခုအခါ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၀ အထိ ရှိလာကြောင်း သိရသည်။ ဝူဟန်ရှိ ကျန်းမာရေးအာဏာပိုင်များက အဆုတ်ရောင်ဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ် ၁၃၆ ဦး ထပ်မံတွေ့ရှိရကြောင်း ဧန်နဝါရီ ၂၀ ရက်တွင် အတည်ပြုခဲ့ရာ ယခုအခါ ရောဂါကူးစက်ခံရသူအရေအတွက်မှာ ၁၉၈ ဦးအထိ ရှိလာခဲ့သည်။

ထို့အပြင် ရောဂါကူးစက်ခံရသည့် လူနာတစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ သုံးဦး ဖြစ်လာခဲ့သည်။ လူနာကိုးဦးတို့မှာ အရေးပေါ် ကုသမှုခံယူလျက်ရှိပြီး နောက်ထပ် ၃၅ ဦးမှာလည်း အခြေအနေ စိုးရိမ်ရကြောင်း သိရသည်။

ပေကျင်းမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦးရှိပြီး ကွမ်တုံပြည်နယ် ရှန်ကျန်း၌ တစ်ဦးကူးစက်ခံရကြောင်း ကျန်းမာရေးအာဏာပိုင် များက ဧန်နဝါရီ ၂၀ ရက်တွင် အတည်ပြုခဲ့သည်။ အဆုတ်ရောင်ရောဂါ ဖြစ်ပွားစေသည့် ကိုရိုနာဗိုင်းရပ်စ်သည် ဝူဟန်၌ ပထမဆုံးအကြိမ် ကူးစက်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခြားနေရာများသို့ ပျံ့နှံ့လာခဲ့သည်။

ကျီကျန်းပြည်နယ်အရှေ့ပိုင်း၌လည်း ဗိုင်းရပ်စ်ကူးစက်ခံထားရသည်ဟု သံသယဖြစ်ဖွယ် လူနာအချို့ရှိကြောင်း သိရသည်။ တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်ကဗိုင်းရပ်စ်ကူးစက်မှုကို ကြိုတင်ကာကွယ်နိုင်ကြောင်းနှင့် ထိန်းချုပ်နိုင်သေးကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ရောဂါကူးစက်ပျံ့နှံ့ရသည့် အကြောင်းကို ကောင်းစွာ မသိရှိရသေးကြောင်း၊ အဆိုပါဗိုင်းရပ်စ်မျိုးရိုးဗီဇပြောင်းလဲမှုဖြစ်လာခြင်း ရှိ မရှိ သိရှိနိုင်ရန် အနီးကပ်စောင့်ကြည့်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လာမည့် သောကြာနေ့တွင် စတင်ကျရောက်မည့် တရုတ်နှစ်သစ်ကူးပွဲတော် အားလပ်ရက်ကာလအတွင်း တရုတ်နိုင်ငံအတွင်းရှိ ပြည်သူများစွာတို့ ခရီးသွားရန် စီစဉ်လျက်ရှိရာ ရောဂါကူးစက်မှုအပေါ် စောင့်ကြည့်စစ်ဆေးမှုများ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်ပသို့ ရောက်ရှိနေသည့် အသက် ၃၀ရှိပြီဖြစ်သည့် တရုတ်အမျိုးသမီးတစ်ဦးမှာလည်း အဆုတ်ရောင်ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း အာဏာပိုင်များက ပြောသည်။ ၎င်းသည် ဧန်နဝါရီ ၁၉ ရက်က တရုတ်နိုင်ငံ ဝူဟန်မြို့မှ တောင်ကိုရီးယားသို့ ရောက်ရှိနေကြောင်း သိရသည်။

ဆင်ဟွာ

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံရန် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ကိုလံဘီယာသို့ ရောက်ရှိ

ဘိုဂိုတာ ဧန်နဝါရီ ၂၀

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုသည် ဧန်နဝါရီ ၁၉ ရက် တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် တွေ့ဆုံရန် ကိုလံဘီယာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ကိုလံဘီယာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဂျူအန်ဂွိုက်ဒိုက ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ အခက်အခဲများကြားမှ ကူညီပေးခဲ့သည့်အတွက်လည်း ကိုလံဘီယာသမ္မတ အိုင်ဗန်ဂျုဒ်ကို ကျေးဇူးတင်ကြောင်းလည်း ရေးသားခဲ့သည်။ ဗင်နီဇွဲလား သမ္မတ မာဒူရိုက ဗင်နီဇွဲလားအပေါ် ပိတ်ဆို့ထားမှုများ ရုပ်သိမ်းပေးရေးအတွက် အမေရိကန် ပြည်ထောင်စုနှင့် တိုက်ရိုက်ဆွေးနွေးမှုရရန် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကလည်း ယခုလိုကြိုးပမ်းလာခြင်းဖြစ်သည်။

ထို့အပြင် သမ္မတ မာဒူရိုဘက်မှလည်း အတိုက်အခံခေါင်းဆောင်နှင့် နောက်ထပ် ထိပ်တိုက်ရင်ဆိုင်မှုပြုလုပ်ရန် အရိပ်အယောင်များလည်း ပေါ်ထွက်လာသည်။ မစ္စတာဂွိုက်ဒိုကို အမေရိကန် ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၅၀ က ဗင်နီဇွဲလား ခေတ္တသမ္မတအဖြစ် သတ်မှတ်ထားကြသည်။ ၎င်းသည် ဘိုဂိုတာမြို့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် တွေ့ဆုံမည်ဖြစ်သည်။ ဂျာမနီမှ ကိုလံဘီယာသို့ မထွက်ခွာမီ မစ္စတာပွန်ပီအိုက ဂွိုက်ဒိုသည် ထိုက်တန်သည့် ဗင်နီဇွဲလားခေါင်းဆောင်ပင် ဖြစ်ကြောင်း မီဒီယာများကို ပြောကြားခဲ့သည်။

ဂွိုက်ဒိုနှင့် တွေ့ဆုံရန်မျှော်လင့်ထားကြောင်း၊ ကျွန်တော်တို့၏လုပ်ငန်းစဉ်မှာ ဗင်နီဇွဲလားတွင် လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ဖြစ်ကြောင်း မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးသည် ဧန်နဝါရီ ၂၀ ရက်တွင် ကိုလံဘီယာမြို့သို့ ရောက်ရှိပြီး ၎င်း၏ လက်တင်အမေရိကခရီးစဉ်ကို စတင်မည်ဖြစ်သည်။ ကိုလံဘီယာသမ္မတကလည်း ၎င်းအနေဖြင့် မစ္စတာဂွိုက်ဒိုနှင့်အတူ တွေ့ဆုံသွားရန်ရှိကြောင်း၊ ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး အခမ်းအနားလည်း တက်ရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လွန်ခဲ့သည့်တစ်နှစ်ခန့်က မစ္စတာဂွိုက်ဒိုသည် ဗင်နီဇွဲလား ခေတ္တသမ္မတအဖြစ် ကြေညာခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံအတွင်းမှ ထွက်ခွာခွင့် ပိတ်ပင်ခံထားရသူလည်းဖြစ်သည်။ သို့သော်လည်း ယင်းအမိန့်ကို ဂွိုက်ဒိုက လိုက်နာခဲ့ခြင်းမရှိပေ။

အေအက်ဖ်ပီ

ဂျပန်ငါးဖမ်းသင်္ဘောကို ရုရှားအာဏာပိုင်များ ပြန်လွှတ်ပေး

မော်စကို ဧန်နဝါရီ ၂၀

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရုရှားက ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဂျပန်ငါးဖမ်းသင်္ဘောကို ပြန်လွှတ်ပေးလိုက်ပြီးဖြစ်ကြောင်း ရုရှားအာဏာပိုင်များက ပြောကြားလိုက်သည်။

အာမခံငွေ လက်ခံရရှိပြီးနောက် ဧန်နဝါရီ ၂၀ ရက်တွင် အမှတ် ၆၈ ရှိယိုမာရု ငါးဖမ်းသင်္ဘောကို လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ပြီးခဲ့သည့် ရက်သတ္တပတ် ဗုဒ္ဓဟူးနေ့က ဂျပန်နိုင်ငံမြောက်ပိုင်း ဟော်ကိုင်းဒိုး ငါးဖမ်းသင်္ဘောတစ်စင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ပြီးနောက် ကူနာ၅ရှရီကျွန်းသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

အမှတ် (၆၈) ရှိယိုမာရု ငါးဖမ်းသင်္ဘောကို တွေ့ရစဉ်။

အဆိုပါ ငါးဖမ်းသင်္ဘောသည် ရုရှားနိုင်ငံမှ မိုင် ၂၀၀ ဝေးကွာသည့် ဇုန်အတွင်း၌ ရုရှား၏ ခွင့်ပြုချက်ဖြင့် ငါးဖမ်းနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငါးဖမ်းသင်္ဘောပေါ်တွင် အမှုထမ်းခြောက်ဦးပါလာပြီး နီမူရိုမြို့ရှိ ငါးဖမ်းလုပ်ငန်းမှ ပိုင်ဆိုင်သည့် သင်္ဘောဖြစ်သည်ဟုဆိုသည်။ ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ငါးဖမ်းခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း ရုရှားနယ်စပ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ကူနာ၅ရှရီကျွန်းသည် ရုရှားထိန်းချုပ်ထားသည့် ကျွန်းများအနက် တစ်ကျွန်းအပါအဝင်ဖြစ်ပြီး ဂျပန်က အဆိုပါကျွန်းများကို ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။ အဆိုပါ ကျွန်းများကို ဒုတိယကမ္ဘာစစ်အပြီးတွင် မတရား သိမ်းပိုက်ခဲ့ခြင်း ဖြစ်ကြောင်း ဂျပန်အစိုးရက ဆိုထားသည်။

အင်နန်အိတ်ချ်ကေ

ဩစတြေးလျတောမီးကြောင့် ရှားပါးမျိုးစိတ်တွေ ပျက်စီးလာခြင်းက ဂေဟစနစ်ကို ထိခိုက်စေ

— — ထွန်းသစ်စ — —

ဩစတြေးလျတောမီးနဲ့ အခြားသော ရာသီဥတုဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်များရဲ့ အကျိုးသက်ရောက်မှုကြောင့် ရှားပါးမျိုးစိတ်များရဲ့ နေထိုင်မှုပုံစံများ ပျက်စီးစေပြီး ဩစတြေးလျမျိုးရင်းဘဲတူဖျံတူသတ္တဝါများလည်း တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်တော့မယ့် အနေအထားရောက်နေတယ်လို့ နိုင်ငံရဲ့အပူချိန်မြင့်တက်လာမှုအပေါ် ပြုလုပ်ထားတဲ့ သုတေသနစစ်တမ်းတွေမှာ ဖော်ပြထားပါတယ်။

ဩစတြေးလျတောမီးလောင်မှုတွင် ဘေးလွတ်ရာသို့ ပြေးလွှားနေသည့် သားပိုက်ကောင်။

မီးလောင်မှုဖြစ်စဉ်ကြောင့် ဆိုးရွားစွာထိခိုက်

မမျှော်မှန်းနိုင်လောက်အောင် ကြောက်စရာကောင်းတဲ့ မီးလောင်မှုတွေဟာ ပေါ်တူဂီလောက် ပမာဏရှိတဲ့ နေရာတစ်ခွင်ကို တောက်လောင်ခဲ့တဲ့အတွက် လူပေါင်း ၂၉ ဦးလောက် သေဆုံးခဲ့ပြီး ဩစတြေးလျရဲ့ သားရဲတိရစ္ဆာန်တွေ ပေါကြွယ်လှတဲ့နေရာမှာလည်း သက်ရှိသတ္တဝါပေါင်း တစ်သန်းလောက် ငရဲခံစားခဲ့ရပြီး သေဆုံးခဲ့ပါတယ်။

မီးလောင်မှုမှ လွတ်မြောက်လာခဲ့တဲ့ သတ္တဝါလေးတွေဟာလည်း ဒီဒုက္ခတွေကို နာလန်ပြန်ထူဖို့ရာ နှစ်ပေါင်းအတော်ကြာ အချိန်ယူရဦးမှာဖြစ်ပါတယ်။ ကျွမ်းကျင်သူတွေကတော့ ရှားပါးမျိုးစိတ်တွေ ဘယ်လောက်အထိ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့သလဲ ဆိုတာကို တွက်ချက်ဖို့ စောလွန်းပါသေးတယ်လို့ ပြောပါတယ်။

အစိုးရရဲ့ ကနဦးအားထုတ်လုပ်ဆောင်မှုအနေနဲ့ ပျက်စီးမှုတွေရဲ့ သက်ရောက်မှုကို ခန့်မှန်းတဲ့အခါမှာ မီးလောင်မှုကြောင့် ဆိုးရွားစွာ မျိုးသုဉ်းပျောက်ကွယ်တော့မယ်လို့ သတ်မှတ်ထားတဲ့ မျိုးစိတ် ၃၂ ခုရဲ့ နေထိုင်မှုပုံစံတွေ ထိခိုက်ခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။ ဒီထဲမှာ အဓိကကတော့ အပင်မျိုးစိတ်တွေလည်း ပါဝင်ပါတယ်။ သို့သော်လည်း ဖားမျိုးစိတ်၊ လိပ်မျိုးစိတ်၊ အခြားငှက်မျိုးစိတ်တွေလည်း ပါဝင်ပါတယ်လို့ သဘာဝပတ်ဝန်းကျင်နဲ့ စွမ်းအင်ဌာနက ဧပြီနဝါရီ ၂၀ ရက်တွင် ထုတ်ပြန်တဲ့ ကနဦးစာရင်းအရ သိခဲ့ရပါတယ်။

ဒါတင်မကပါဘူး။ နောက်ထပ် ရှားပါးမျိုးစိတ် ၄၉ ခုရဲ့ ၈၀ ရာခိုင်နှုန်းကျော်ဟာလည်း မီးလောင်မှုကြောင့် ပျက်စီးခဲ့ပါတယ်။ ထို့အတူ အခြား ရှားပါးမျိုးစိတ် ၆၅ ခုရဲ့ ၅၀ ရာခိုင်နှုန်းလောက်ဟာလည်း မီးလောင်မှုဖြစ်စဉ်ကြောင့် ဆိုးရွားစွာ ထိခိုက်ခဲ့ပါတယ်။

မျိုးသုဉ်းပျောက်ကွယ်မှုကို ရင်ဆိုင်နေရ

မျိုးသုဉ်းပျောက်ကွယ်တော့မယ့် မျိုးစိတ်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဆယ်လီဘောက်စ်က မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ မျိုးစိတ်တွေကို စာရင်းအတိအကျ တွက်ချက်ဖို့ဆိုတာ စောလွန်းသေးတယ်လို့ သတိပေးခဲ့တာတော့ရှိပါတယ်။

> “လပေါင်းများစွာ လောင်ကျွမ်းခဲ့တဲ့ တောမီးရဲ့ သက်ရောက်မှုကြောင့် လယ်သမားတွေအတွက် အကြီးအကျယ် ထိခိုက်ပျက်စီးစေသလို ခြံမွေးတိရစ္ဆာန် သေဆုံးမှုပေါင်း ၁၀၀၀၀၀ ထက်မက ရှိခဲ့ပါတယ်။ ဒီထက်ပိုဆိုးဖို့ပဲရှိပါတယ်။ လျော့ဖို့တော့ မရှိ”

တချို့မျိုးစိတ်တွေဟာ အခြားမျိုးစိတ်တွေထက် မီးပိုမိုလောင်ကျွမ်းမှုတွေရှိတယ်။ ထို့အတူ တချို့နေရာတွေဟာလည်း တခြားနေရာတွေထက် မီးပိုမိုလောင်ကျွမ်းမှုများရှိတယ်။ ဒါကြောင့် စာရင်းအတိအကျ မထုတ်ပြန်ခင် သို့မဟုတ် အတိအကျတွက်ချက်မှု မလုပ်ခင်မှာ နောက်ထပ် လေ့လာမှုတွေ ဆက်လက်လုပ်ဆောင်ဖို့ လိုသေးတယ်လို့ ဆယ်လီဘောက်စ်က ပြောပါတယ်။

လပေါင်းများစွာ လောင်ကျွမ်းခဲ့တဲ့ တောမီးရဲ့ သက်ရောက်မှုကြောင့် လယ်သမားတွေအတွက် အကြီးအကျယ် ထိခိုက်ပျက်စီးစေသလို ခြံမွေးတိရစ္ဆာန် သေဆုံးမှုပေါင်း ၁၀၀၀၀၀ ထက်မက ရှိခဲ့ပါတယ်။ ဒီထက်ပိုဆိုးဖို့ပဲရှိပါတယ်။ လျော့ဖို့တော့ မရှိပါဘူး။

ဩစတြေးလျတောင်ပိုင်း အဒယ်လိုင်ဒယ်ကမ်းလွန် သားပိုက်ကောင်ကျွန်းရဲ့ စိုက်ပျိုးရေးပညာရှင် ဒယ်နီရယ်ပလိဒ်က မီးလောင်မှုကြောင့် ခြံမွေးတိရစ္ဆာန်တွေ သေဆုံးခဲ့တာဟာ အတိုင်းထက်အလွန်ဖြစ်ခဲ့တယ်လို့ ပြောပါတယ်။ ထို့အတူ လယ်သမားတွေအနေနဲ့လည်း နောက်ထပ်အပိုကုန်ကျမှုတွေ ရှိခဲ့ပါတယ်လို့ ပြောပါတယ်။

ထို့အတူပဲ လယ်သမားတွေဟာ ကာလရှည်ကြာ မိုးခေါင်ရေရှားမှုရဲ့ ဒဏ်ကို ခံနေရပါတယ်။ မီးလောင်မှုဖြစ်စဉ်ကြောင့် ဘဲတူဖျံတူသတ္တဝါတွေလည်း မျိုးသုဉ်းတော့မယ့် အနေအထားကို ရောက်နေပြီဖြစ်တယ်လို့ ဧနနဝါရီ ၂၀ ရက်မှာ ထုတ်ပြန်လိုက်တဲ့ တခြားလေ့လာမှုစစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။ ဘဲတူဖျံတူသတ္တဝါတွေဟာ တခြားသော အကြောင်းတွေကြောင့် အရင်ကတည်းက မျိုးသုဉ်းပျောက်ကွယ်မယ့် အနေအထားကို ရင်ဆိုင်နေရတဲ့ သတ္တဝါတွေ ဖြစ်ပါတယ်။

သဘာဝဖြစ်စဉ်ရဲ့ ပုံပြင်တစ်ပုဒ်

သို့သော်လည်း နယူးဆောက်ဝေးလ် တက္ကသိုလ်ဂေဟစနစ်ရဲ့ သိပ္ပံပညာရှင်များက နှစ်ပေါင်းများစွာ မိုးနည်းမှုနဲ့ အပူချိန်မြင့်တက်လာမှုကြောင့် မြစ်ချောင်းစနစ်တွေရဲ့ ပျက်စီးမှုတွေဖြစ်ပေါ်လာတဲ့ကိစ္စကလည်း အခုလို ရှားပါးမျိုးစိတ်တွေကို မျိုးသုဉ်းပျောက်ကွယ်စေတဲ့ အခြားအကြောင်းရင်းတစ်ခုပဲ ဖြစ်ပါတယ်။

ဘဲတူဖျံတူသတ္တဝါတွေရဲ့ အရေအတွက်ဟာ လာမယ့်နှစ် ၅၀ အတွင်းမှာ ၆၆ ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်ခြေရှိတယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။ အကယ်၍များ ရာသီဥတုပြောင်းလဲမှုတွေဟာ ပိုမိုဆိုးရွားလာမယ်ဆိုပါက အရင်ခန့်မှန်းထားတဲ့ ၆၆ ရာခိုင်နှုန်းကို ကျော်လွန်ပြီး ၇၃ ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်ခြေရှိတယ်လို့ ပြောပါတယ်။

ဒီအရေးကိုဖြေရှင်းဖို့ အမျိုးသားအဆင့် အရေးပေါ်လုပ်ဆောင်ဖို့ လိုအပ်နေပြီလို့ ကျွမ်းကျင်သူတွေက မီးမောင်းထိုးပြထားပါတယ်။

ဒါပေမယ့် ကံကောင်းစွာနဲ့ပဲ သမိုင်းဦးခေတ် ဒိုင်နိုဆောမျိုးရင်း အပင်အုပ်စုတွေ ပျောက်ဆုံးကုန်မယ့်ဘေးကတော့ မီးသတ်သမားတွေက ကာကွယ်ဟန့်တားနိုင်ခဲ့ပါတယ်။ ထို့အတူပဲ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၀၀ လောက်ကတည်းက ရှိခဲ့တဲ့ တခြားရှားပါးအပင်မျိုးစိတ်တွေကိုလည်း ကာကွယ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလိုအပင်တွေဟာ များများစားစားတော့ မကျန်တော့ပါဘူး။ အပင်ပေါင်း ၂၀၀ အောက်တောင် လျော့နည်းနေပါပြီ။

ဒါဟာ သဘာဝဖြစ်စဉ်တစ်ခုရဲ့ ပုံပြင်တစ်ပုဒ်ပဲဖြစ်ပါတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဝန်ကြီး မက်ကန်ကမှတ်ချက်ပြုပြောကြားပါတယ်။

ဩစတြေးလျတောမီးဟာ သက်ရှိမျိုးစိတ်တွေကို ပျောက်ကွယ်စေသလို တခြားသော ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်တွေ အပူချိန်မြင့်တက်လာမှုတွေဟာ သက်ရှိမျိုးစိတ်တွေကို ပျောက်ကွယ်စေခဲ့တဲ့ အခြားအချက်တွေပဲဖြစ်ပါတယ်။ သို့သော်လည်း မီးသတ်သမားတွေရဲ့ ကြိုးစားမှုနဲ့ တချို့ရှားပါးမျိုးစိတ်တွေကို ကယ်တင်နိုင်ခဲ့တာတွေ ရှိခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မီးလောင်မှုနဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ဂေဟစနစ်တွေ ပျက်စီးကုန်ရင် သဘာဝတရားကြီး ကမောက်ကမဖြစ်ကုန်မှာပဲ ဖြစ်ပါတယ်။

ကိုးကား–အေအက်ဖ်ပီ

နိုင်ငံတကာ သတင်း တိုထွာ

နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ပလတ်စတစ်အမှိုက်များကို မလေးရှားပြန်ပို့

ကွာလာလမ်ပူ ဧနနဝါရီ ၂၀

မလေးရှားသို့ တရားမဝင် တင်ပို့လာသည့် ပလတ်စတစ်အမှိုက် တန်ချိန်ထောင်ပေါင်းများစွာကို ပြန်ပို့လိုက်ကြောင်း မလေးရှားအစိုးရက ပြောကြားခဲ့သည်။ ယင်းသို့ ပလတ်စတစ်စွန့်ပစ်အမှိုက်များ မလေးရှားသို့ တင်ပို့မှုကို နှိမ်နင်းမည်ဟု အာဏာပိုင်များက ပြောကြားခဲ့ပြီးနောက် လပေါင်းများစွာ အကြာတွင် ယခုလို ကြေညာမှု ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံပေါင်း ၁၃ နိုင်ငံသို့ အမှိုက်များ ပြန်လည်ပို့ဆောင်နေပြီးဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ဧနနဝါရီ ၂၀ ရက်တွင် ပြန်ပို့မည့်အမှိုက်များကို မီဒီယာသမားများအား ဓာတ်ပုံရိုက်ခွင့် ပြုခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ယီယိုဘီယင်က အစိုးရအနေဖြင့် ဒီထက်ပိုသည့် စည်းကမ်းတင်းကျပ်မှုများ ပြုလုပ်မည်ဟု ပြောကြားခဲ့သည်။ ယခုနှစ် နွေရာသီအတွင်း အမှိုက် ကုန်သေတ္တာပေါင်း ၁၁၀ ကိုလည်း မူရင်းတိုင်းပြည်သို့ ပြန်လည်ပေးပို့မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တိုင်းပြည်အတွင်းသို့ ပြန်လည်အသုံးပြု၍ရသော ပလတ်စတစ်များသာ လက်ခံတော့မည် ဖြစ်သည်။ သို့သော် အမှိုက်များ မှောင်ခိုတင်သွင်းနေမှုများ ရှိနေဆဲ ဖြစ်သည်။ **အင်နန်အိတ်ရ်ကေ**

အီရတ်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်ကုလတိုက်တွန်း

ဘဂ္ဂဒက် ဧနနဝါရီ ၂၀

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရုံးမှ အီရတ်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဂျန်နီဟန်နက်စ် ပလက်စ်ချာရက်က အီရတ်အာဏာပိုင်များအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်သင့်သည်ဟု ဧနနဝါရီ ၂၀ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

အကျင့်ပျက်ခြစားမှု၊ အလုပ်လက်မဲ့ပြဿနာ၊ ပြည်သူ့ဝန်ဆောင်မှုစနစ်များ ချို့ယွင်းမှုတို့အပေါ် ပြည်သူများက အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများ ပြင်းထန်နေသည့်အပေါ် စိုးရိမ်မိကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် အဒယ်အဗ္ဒုလ မက်ဒီက ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာအပြီး နှစ်လအကြာတွင် နိုင်ငံရေး ခေါင်းဆောင်များအနေဖြင့် ရှေ့ဆက်ရန်မလွယ် ဖြစ်နေခဲ့သည်။ ငြိမ်းချမ်းစွာ ဆန္ဒပြကြသူများကို ကာကွယ်နိုင်ရေး လုပ်ဆောင်နိုင်သည့် အရာဟူသမျှကို လုပ်ဆောင်ကြရန် ၎င်းကတိုက်တွန်းပြောကြားခဲ့သည်။

ထို့အပြင် ဆန္ဒပြသူများဘက်မှ လည်း အကြမ်းဖက်သည့် လုပ်ရပ်မျိုး မလုပ်ကြရန်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြကြရန် ၎င်းကတောင်းဆိုခဲ့သည်။ ဆန္ဒပြသူ ရာနှင့်ချီ၍ မြို့တော်ဘဂ္ဂဒက်တွင် သုံးလကျော်ကြာ ထိုင်သပိတ် ပြုလုပ်ပြီးနောက် ယခုလိုကြေညာခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကဝမြို့နယ်အတွင်းရှိ ပြည်သူများတွေ့ဆုံ

ပဲခူး ဧနှစ်၀ါရီ ၂၀
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ကဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ သပြေကန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ယမန်နေ့က တွေ့ဆုံဆွေးနွေးသည်။

သပြေကန် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးစသည့် ဒေသအတွက် လိုအပ်နေသည့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြ တောင်းဆိုကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာ၀နှ်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် အခြေခံ၍ အမှာစကားပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်၊ လိုအပ်ချက်များအား သက်ဆိုင်ရာတာ၀နှ်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ သပြေကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာအတွက် အားကစားဘောလုံးများ ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး၀နှ်ကြီးချုပ် ဦးဝင်းသိန်းနှင့် သပြေကန်ကျေးရွာ ဒေသခံပြည်သူများ တွေ့ဆုံကြစဉ်။

တိုင်းဒေသကြီး၀နှ်ကြီးချုပ်သည် စိမ်ကိန်းနှင့်ဘဏ္ဍာရေး၀နှ်ကြီး ဦးညွှန့်ရွှေ၊ လူမှုရေး၀နှ်ကြီးဒေါ်ညွှန့်ညွှန့်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာ၀နှ်ရှိသူများနှင့်အတူ သရက်ကုန်းကျေးရွာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး မြန်မာမုဒိတာ ဖောင်ဒေးရှင်းမှ ပဲနို့စက်လှူဒါန်းမှုနှင့် Lesswalk.org အဖွဲ့အစည်းမှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီး အစီး ၅၀ ပေးအပ်လှူဒါန်းပွဲသို့ ဆက်လက်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ကယားပြည်နယ်နေ့အခမ်းအနား ပြခန်းများအား ဆုများပေးအပ်ချီးမြှင့်

လွိုင်ကော် ဧနှစ်၀ါရီ ၂၀
(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပွဲတော်ကာလအတွင်း ပါ၀င်ခင်းကျင်းပြသခဲ့သည့် ပြခန်းများအား ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်၀နှ်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာ၀နှ်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ယင်းအခမ်းအနားတွင် ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဌာနဆိုင်ရာတာ၀နှ်ရှိသူများအားလုံးနှင့် ပြည်နယ်နေ့ ပွဲတော် အခမ်းအနားတွင် ၀နှ်ထမ်းအားလုံးက ကျရာကဏ္ဍများမှနေ၍ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ရှုမျှားကြောင့် ယခုလို အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအခမ်းအနားတွင် ဂုဏ်ပြုဆုအထူး သုံးဆုကို ထည့်သွင်းထားကြောင်း၊ ကျန်ဌာနများကိုလည်း စည်းမျဉ်းများနှင့်အညီ ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအခမ်းအနားသို့ တက်ရောက်လာသူများအားလုံးအနေဖြင့် ပြည်နယ်၏ လူမှုစီးပွားဘ၀ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နောင်လာနောက်သားများအတွက် အမွေကောင်းများပေးနိုင်ရေးအတွက် စိတ်ရင်းစေတနာကောင်းများဖြင့် အကောင်းဆုံးကြိုးပမ်း ဆောင်ရွက်နိုင်ကြစေလိုကြောင်း ပြည်နယ်၀နှ်ကြီးချုပ်က ပြောကြားသည်။

ပြည်နယ်၀နှ်ကြီးချုပ်နှင့် တာ၀နှ်ရှိသူများက ဆုများချီးမြှင့်ပေးပြီး ဆုရရှိသည့်အဖွဲ့အစည်းများနှင့် ပြခန်းများကိုလည်း ပြည်နယ်၀နှ်ကြီးများနှင့် တာ၀နှ်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထွန်းလေး

ဟိုပုံးမြို့နယ်၌ ခမ်းခနပြောင်းနှင့် အစေ့အဆံအခြောက်ခံစက်ရုံဖွင့်ပွဲ ကျင်းပ

ဟိုပုံး ဧနှစ်၀ါရီ ၂၀
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြည်ထောင်စုလမ်းအနီး ခမ်းခနပြောင်းနှင့် အစေ့အဆံ အခြောက်ခံစက်ရုံဖွင့်ပွဲကို ယနေ့နံနက်က အဆိုပါစက်ရုံ၌ ကျင်းပသည်။

စက်ရုံဖွင့်ပွဲကို ပြည်နယ်၀နှ်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ၀နှ်ကြီး ဗိုလ်မှူးကြီး လှဦး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နှ်ကြီး ဦးစိုင်းလုံကျော်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင်၊ အခြောက်ခံစက်ရုံပိုင်ရှင် ဦးကျော်အုန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြည်နယ်၀နှ်ကြီးချုပ်က ဟိုပုံးမြို့နယ်တွင် ပြောင်းနှင့် အစေ့အဆံ အခြောက်ခံစက်ရုံ ရှိခြင်းသည် ဒေသခံ တောင်သူများအတွက် အကျိုးစီးပွားများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အခြောက်ခံစက်ရုံ ရှိခြင်းအားဖြင့် သီးနှံပေါ်စအချိန်တွင် စျေးတက်ပြီး သီးနှံအထွက် များလာသည့်အချိန်တွင် စျေးပြန်ကျသွားခြင်းစသည့် စျေးကွက်အပြောင်းအလဲများကြောင့် အရည်အသွေး ကောင်းကောင်းဖြင့် ထိန်းသိမ်းထားနိုင်မှသာ တောင်သူများအတွက် အကျိုးအမြတ်များနိုင်မည့် စျေးကွက်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ကူညီပံ့ပိုးမှုများကြောင့် သီးနှံအခြောက်ခံစက်ရုံများ စတင်ပေါ်ပေါက် လာသည့်အတွက် ယင်းဒေသအတွက် အထူးပင် ဂုဏ်ယူမိကြောင်း၊ စိုက်ပျိုးတောင်သူများနှင့် ယခုကဲ့သို့ အသေးစားစက်မှုလက်မှု လုပ်ငန်းရှင်များ ပူးပေါင်း၍ သီးနှံ အခြောက်ခံခြင်း၊ သိုလှောင်ခြင်း နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေး၍ စျေးကွက်ရရှိအောင် ဆောင်ရွက်သွားသင့်ကြောင်း ပြောကြားသည်။

ထို့နောက် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးက ခမ်းခနပြောင်းနှင့် အစေ့အဆံ အခြောက်ခံစက်ရုံအတွက် စက်ပစ္စည်းများ လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားကာ ပြည်နယ်၀နှ်ကြီးချုပ်နှင့် တာ၀နှ်ရှိသူများ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ပြည်နယ်၀နှ်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် တာ၀နှ်ရှိသူများ ခမ်းခနပြောင်းနှင့် အစေ့အဆံအခြောက်ခံစက်ရုံဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ချင်းပြည်နယ် လူမှုရေး၀နှ်ကြီးနှင့် ဒေသခံပြည်သူများ စုပေါင်းအမှိုက်ကောက်

ကျီခါး ဧနှစ်၀ါရီ ၂၀
ချင်းပြည်နယ် ကျီခါးမြို့၌ လူထုစုပေါင်း အမှိုက်ကောက်ပွဲကို ပြည်နယ်လူမှုရေး၀နှ်ကြီး ဦးပေါင်လွန်းမင်ထန်ဦးဆောင်မှုဖြင့် ယမန်နေ့က ကျီခါးမြို့၌ စုပေါင်းဆောင်ရွက်ကြသည်။

ကျီခါးမြို့မိုးလုံလေလုံအားကစားရုံတွင် စတင်စုဝေးခဲ့ကြပြီး အမှိုက်ကောက်ပွဲ၌ ပါ၀င်သူများအား ပြည်နယ် လူမှုရေး၀နှ်ကြီးက လူထုအမှိုက်ကောက်ပွဲ ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ အမှိုက်ကောက်ပွဲကို အုပ်စုနှစ်စုဖွဲ့ပြီး အုပ်စု (၁) အဖွဲ့က အမှတ် (၁)ရပ်ကွက် အားကစားရုံမှ စတင်ကာ ဗိုလ်ချုပ်လမ်းမမှတစ်ဆင့် တောင်ဧလပ်လမ်း တစ်လျှောက်နှင့် မြို့လယ် နာရီစင်အထိ လည်းကောင်း၊ အဖွဲ့(၂)က အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းမမှတစ်ဆင့် ကျီခါး-တွန်းဇံ လမ်းတစ်လျှောက် တိုက်နယ်ဆေးရုံအထိ လည်းကောင်း စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်၀နှ်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် ပြည်သူများ စုပေါင်းအမှိုက်ကောက်ကြစဉ်။

လူထု အမှိုက်ကောက်ပွဲသို့ ပြည်နယ်၀နှ်ကြီးနှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျိန်ငိုက်မန်၊ ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်၊ ကျီခါးမြို့ဌာနဆိုင်ရာ ၀နှ်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ပါ၀င်ဆောင်ရွက်ခဲ့ကြသည်။

ဆလိုင်းလိန်းမာန်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး လူ၀င်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်၀နှ်ကြီးနှင့် ပြည်သူများတွေ့ဆုံ

ဘုတ်ပြင်း ဧနှစ်၀ါရီ ၂၀
တနင်္သာရီတိုင်းဒေသကြီး လူ၀င်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်၀နှ်ကြီး ဦးကျော်မင်းသည် ဘုတ်ပြင်းမြို့နယ် စတိန်ကျေးရွာအုပ်စုရှိ သံဇုံးကျေးရွာ အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေးသည်။

တိုင်းဒေသကြီး၀နှ်ကြီးက ဒေသခံပြည်သူများမှလည်း မိမိတို့ လိုလားချက်များ အခက်အခဲများကို တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက နိုင်ငံသားမှတ်ပုံတင်ရရှိရေးကိစ္စရပ်များ၊ အိမ်ထောင်စုစာရင်းရရှိရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာချင်းဆက်လမ်းတံတားကိစ္စရပ်များ၊မြို့ကွက်တိုးချဲ့ရေးကိစ္စရပ်များကို ဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး၀နှ်ကြီးနှင့် တာ၀နှ်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများအလိုက် ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ထာ၀ရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ယခုလကုန်တွင်စတင်မည်

မန္တလေး ဧန်နဝါရီ ၂၀

ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်မည့် မြစ်ကမ်းဘေးတစ်နေရာကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၁ ခု၌ ကျေးရွာ ၂၀ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဧန်နဝါရီလကုန်ပိုင်းတွင် စတင်နိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၃ ဘီလီယံ အသုံးပြုသွားမည်ဖြစ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါခေါ်ယူထားပြီးဖြစ်သည်ဟု တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မြင့်သန်းက ပြောသည်။

"လုပ်ငန်း တင်ဒါခေါ်တာကို အခု ဧန်နဝါရီ ၉ ရက်က ပိတ်ခဲ့ပြီး လျှောက်ထားတဲ့ ကုမ္ပဏီပေါင်း ၄၄ ခု ရှိတယ်။ အရင်နှစ်တွေက တချို့ကိုဌာနကနေ ဆောင်ရွက်ခဲ့ပေမယ့် ဒီနှစ်မလုပ်တော့ဘဲ ကြီးကြပ်တာပဲလုပ်မယ်၊ အကုန်လုံး ကုမ္ပဏီတွေကို ချပေးမှာပါ"ဟု ၎င်းကဆက်လက်ပြောသည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွက် မန္တလေးတိုင်းဒေသကြီးတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို သပိတ်ကျင်းမြို့နယ်တွင် ကျေးရွာလေးရွာ၊ စဉ်ကူးမြို့နယ်တွင် ကျေးရွာလေးရွာ၊ မတ္တရာမြို့နယ်တွင် ကျေးရွာသုံးရွာ၊ ငါန်းဇွန်မြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ အမရပူရမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ စဉ်ကိုင်မြို့နယ်တွင် ကျေးရွာတစ်ရွာ၊ မြစ်သားမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ တံတားဦးမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ တောင်သာမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် ကျေးရွာတစ်ရွာနှင့် ညောင်ဦးမြို့နယ်တွင် ကျေးရွာတစ်ရွာတို့၌ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မြစ်ရေကျချိန်တွင် အပြီးပြတ်ဆောင်ရွက်မည်ဖြစ်ကာ လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီများ၏လုပ်ငန်းခွင်သို့ဌာနမှ အင်ဂျင်နီယာများနှင့် Third Party အဖွဲ့တို့က ပြီးစီးသော လုပ်ငန်းအဆင့်အလိုက် ကြပ်မတ်စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၈)တွင် ဖော်ပြထားသည့် စာရေးသူ မောင်တင်လှိုင် (ဟိုတယ်/ခရီး) ၏ "ဦးခိုက်ပူဓေါ် မဟာမကုဋ္ဌရံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်" ဆောင်းပါး ကော်လံ (၂)၊ စာပိုဒ် (၃) တွင် "မြတ်မော်တင် စေတီတော်မြတ်ကို ၂၀၁၀ ပြည့်နှစ်တွင် သီရိဓမ္မာသောကမင်းကြီးက လည်းကောင်း..." အစား "မြတ်မော်တင် စေတီတော်မြတ်ကို သာသနာတော်နှစ် ၂၃ဖဒုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးက လည်းကောင်း..." ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်။

စာရေးသူ

အမှိုက်များ စနစ်တကျ စွန့်ပစ်၍ ပလတ်စတစ် ပစ္စည်းများလျှော့ချရေး ပညာပေးပြုလုပ်

ရန်ကုန် ဧန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် စာရေး ဆရာမဒေါ်ခင်နွဲ့မူ (အင်းစိန်) ဦးဆောင်သည့် Clean Insein အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများသို့ သွားရောက်၍ အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်ပစ္စည်းများ အသုံးပြုမှု လျှော့ချရေးတို့အတွက် ပညာပေးကမ်ပိန်းများကို ဧန်နဝါရီ ၁၃ ရက်က အင်းစိန်မြို့မဈေးကြီးနှင့် ၁၈ ရက်တွင် အင်းစိန်မြို့သစ်ဈေးကြီး၌ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောက်ပိုင်းခရိုင် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

Clean Insein အဖွဲ့ လူငယ်မောင်မယ်များက အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ ပလတ်စတစ်လျှော့ချရေးတို့နှင့် ပတ်သက်သော အဆိုအကများဖြင့်လည်း ပြည်သူများကို ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်လင်း

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြင်းမူမြို့နယ်၌ ဆောင်ရွက်

မြင်းမူ ဧန်နဝါရီ ၂၀

မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် မီးသုံးစွဲမှုစနစ်တကျရှိစေရေးတို့အတွက် မီးဘေးကြိုတင်ကာကွယ်ရေးအသိပေးခြင်း အစီအစဉ်တစ်ရပ်အဖြစ် မြင်းမူမြို့တွင်းသို့ လှည့်လည်အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရပ်ကွက်နှင့် ကျေးရွာများအတွင်းနေထိုင်ကြသော နေအိမ်အဆောက်အအုံများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးပစ္စည်းများဖြစ်သော မီးချိတ်၊ မီးကပ်၊ ရေ၊ သဲများ ထားရှိရေး၊ မီးလောင်မှုလွယ်ကူစေသော ကောက်ရိုး၊ နှမ်းရိုး အစရှိသည့်တောင်သူလယ်ယာထွက်ပစ္စည်းများ၊ မိမိတို့ကျေးရွာနှင့် ရပ်ကွက်များအတွင်း ထားရှိသိုလှောင်ခြင်းနှင့် တရားမဝင်စက်သုံးဆီများ ရပ်ကွက်အတွင်း ရောင်းချခြင်းတို့ကို လိုက်လံစစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး၌ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဆွေးနွေး

မကွေး ဧန်နဝါရီ ၂၀

ငွေကြေးကုန်ကျစရာမလိုဘဲ ဥပဒေဆိုင်ရာအထောက်အကူကို အခမဲ့ တောင်းခံနိုင်ရန် သတ်မှတ်ချက်များနှင့် အကျုံးဝင်သူများအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအကြောင်း ဆွေးနွေးဟောပြောမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ သိရသည်။

ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှု လိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ(သို့) ကူးစက်မြန်ရောဂါခံစားနေရသူများ ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများ၊ ပြစ်မှုနှင့်သက်ဆိုင်သည့်သက်သေများ စသူများမှာ ဥပဒေဆိုင်ရာ အထောက်အကူ အခမဲ့ရခွင့်ရှိသူများ ဖြစ်သည်။

" ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြည်သူတွေ နားလည်သိရှိအောင် ဆွေးနွေးဟောပြောမှုတွေ လုပ်နေပါတယ်။ ဧန်နဝါရီ ၁၈ ရက်က ပွင့်ဖြူမြို့နယ် ယောစုကျေးရွာမှာ လုပ်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်းက မြို့နယ်တွေမှာ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွေ ဖွဲ့စည်းလျက်ရှိပါတယ်။ ဖွဲ့စည်းပြီးရင်အသိပညာပေးမှုတွေကို ပိုပြီးလုပ်သွားနိုင်မှာပါ " ဟု မကွေးတိုင်း ဒေသကြီးဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး ဦးစီးအရာရှိ ဒေါ်သဲစုလှိုင်ထွန်းက ပြောသည်။

ဥပဒေအရ တစ်ရက်လျှင်ဝင်ငွေကျပ် ၄၈၀၀နှင့်အောက်ရရှိသူကို ဆင်းရဲနွမ်းပါးသူအဖြစ် သတ်မှတ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်ဖြင့် ဥပဒေအထောက်အကူရယူခွင့်ကို လျှောက်ထားရမည်ဖြစ်ကြောင်း၊ ရာဇဝတ်မှုဖြင့် စတင်စွပ်စွဲထိန်းသိမ်းချိန်မှစ၍ ချုပ်နှောင်ဖမ်းဆီး၊တရားစွဲ၊ပြစ်ဒဏ်ချအကျဉ်းကျခံခြင်း ဖြစ်စဉ်တစ်လျှောက်၌ အကူအညီရရှိနိုင်ရန် အထောက်အကူပေးရေးအဖွဲ့ရုံး ဖုန်း- ၀၆၃-၂၀၂၈၁၁၉ ၊ ၀၆၃-၂၀၂၈၁၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဇေယျတု(မကွေး)

မြန်မာ့ကျွမ်းကျင်မှု ၂၀၂၀ ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧန်နဝါရီ ၂၀

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု " စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ကျွမ်းကျင်မှု Myanmar Skills Competition -2020 ပြိုင်ပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းပေါ်ရှိ တပ်မတော်ခန်းမ၌ ဧန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံ၏ အနာဂတ်ထွန်းလင်းတောက်ပစေရန်၊ မြန်မာနိုင်ငံမှ ကျွမ်းကျင်မှု အတတ်ပညာရှင်များစွာ ပေါ်ပေါက်စေရန်တို့အတွက် မော်တော်ယာဉ်စက်ပြင်ကျွမ်းကျင်မှုပြိုင်ပွဲ၊ လေအေးပေးစက်တပ်ဆင်ပြုပြင်ကျွမ်းကျင်မှုပြိုင်ပွဲ၊ ဆံကေသာအလှပြုပြင် ကျွမ်းကျင်မှုပြပွဲနှင့် လျှပ်စစ်သွယ်တန်းခြင်းနှင့် ပြုပြင်ခြင်းကျွမ်းကျင်မှုပြိုင်ပွဲ၊ စားသောက်ဆိုင်ဝန်ဆောင်မှု ကျွမ်းကျင်မှုပြိုင်ပွဲနှင့် အချက်အပြုတ်ကျွမ်းကျင်မှုပြိုင်ပွဲတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀-၁-၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၁၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၄၄၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၁၆၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၄၄၅၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၉၀၀/၉၄၀	ကျပ်	၉၄၅/၉၆၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၁၀/၉၅၅	ကျပ်	၉၆၀/၉၇၅	ကျပ်
အောက်တိန်း ၉၂	၈၀၀/၈၆၀	ကျပ်	၈၉၅/၉၀၅	ကျပ်
အောက်တိန်း ၉၅	၉၂၀/၉၅၅	ကျပ်	၉၉၅/၁၀၁၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၄၆၆ . ၄
ဥရောပ	တစ်ယူရို	ကျပ်	၁၆၂၅ . ၉
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၀၈၇ . ၈
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၀၁ . ၈
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၃၁ . ၂
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၀၇ . ၂
တရုတ်	တစ်ယွမ်	ကျပ်	၂၁၃ . ၆၇
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၀ . ၆၂၁
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၆ . ၅၁
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၁ . ၁၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၈ . ၃၂၄

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၅၀၀	၁၁၅၀၀	၂၈၄၂	၃၂၆၈၃၀၀၀
MTSH	၃၉၀၀	၃၈၅၀	၁၇၉၆	၆၉၂၀၁၅၀
MCB	၈၀၀၀	၈၁၀၀	၂၅၃၁	၂၀၄၉၁၁၀၀
FPB	၂၃၀၀၀	၂၃၀၀၀	၁၀၇	၂၅၄၆၁၀၀၀
TMH	၂၈၅၀	၂၈၅၀	၁၄၆၉	၄၁၈၆၆၅၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁၄၂၊ စာတည်းအဖွဲ့ ၀۶۷-၃۶၁၄၄၅၊ ဖက်စ် ၀۶۷-၃۶၁၄၄۶၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၄၊ စီမံ ၀၁-၅၄၄၃၁၅၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅۶۷၂၁၁၊ ၀۶۷-၃۶၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈۶၀၄၅۶۷۶။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

အမရပူရ ကြီးလေးကြီး

မောင်သာ(ရေးဟောင်းသုတေသန)

ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ၁၃၃ နှစ်ရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်တစ်လျှောက် မြန်မာဘုရင်များ တည်ထောင်ခဲ့သည့် မြို့တော်များအနက် အမရပူရသည် ဗဒုံမင်းလက်ထက်တွင် ခရစ်နှစ် ၁۷၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ တစ်ကြိမ်၊ သာယာ၀တီမင်းလက်ထက်တွင် ခရစ်နှစ် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိ တစ်ကြိမ် မင်းနေပြည်တော်နှစ်ကြိမ်ဖြစ်ခဲ့သည်။

ဖြိုပျက်နေသည့် ရွှေကူကြီး အုတ်တိုက်ဟောင်း

အမရပူရ အနီး၀နှစ်ကျင်ဌ၌ တည်ရှိနေသည့် သာသနိကအဆောက်အဦများအနက် ရွှေကူကြီး၊ တောင်မင်းကြီး၊ ကျောက်တော်ကြီးနှင့် ပုထိုးတော်ကြီးတို့သည် အမရပူရ ကြီးလေးကြီးအဖြစ် ထင်ရှားခဲ့သည်။

သမိုင်း၀င် အမရပူရ

ကုန်းဘောင်မင်းဆက် ဆဋ္ဌမမြောက် ဘုရင်ဗဒုံမင်း (ခရစ်နှစ် ၁۷၈၂-၁၈၁၉) သည် ခရစ်နှစ် ၁۷၈၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် တောင်သမန်အင်း၊ ဒုဋ္ဌ၀တီမြစ်၊ ရွှေတချောင်း၊ တက်သေးအင်းနှင့် အောင်ပင်လယ်ကန်တို့ ၀နှံးရံနေသည့် ထီးပေါင်းကားအရပ်၌ မြို့တည်ခုနစ်ဌာန ဖြစ်သည့် မြို့၊ ကျုံး၊ ရွှေနန်း၊ ရွှေဂူ၊ ကျောင်း၊ ဝိဋ္ဌကတ်တိုက်၊ ကန်တို့ကို တစ်ပြိုင်တည်း ရွှေပန္နက်၊ ငွေပန္နက်စိုက်ပြီး ၁۷၈၃ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် အမရပူရကို စတင်တည်ဆောက်ခဲ့သည်။ အမရပူရကိုတည်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်ကို 'အင်းအိုင်ဝိုက်လည်၊ အမရတည်'ဟု မှတ်သားခဲ့ကြသည်။

ဗဒုံမင်းသည် ၁۷၈၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် စဉ်ကူးမင်းကိုစီရင်၍ အင်း၀ထီးနန်းကို သိမ်းပိုက်ခဲ့ပြီးနောက် ၁۷၈၃ ခုနှစ် မေလ ၁၂ ရက်တွင် နေပြည်တော်ကို အင်း၀မှ အမရပူရသို့ ပြောင်းရွှေ့တည်ခဲ့သည်။ အမရပူရ၌ စေတီ၊ ပုထိုး၊ ဇရပ်နှင့် ဘုန်းကြီးကျောင်းများကို ဘုရင်များသာမက ပြည်သူများကပါ တည်ဆောက်ခဲ့ကြသည်။

မျက်မှောက်ခေတ် အမရပူရ

မသေသော အရပ်ဟု အဓိပ္ပာယ်ရှိသည့် အမရပူရသည် မန္တလေးမြို့မှ တောင်ဘက်သို့ ၁၁ ကီလိုမီတာ (၆ ဒသမ ၈ မိုင်) ကွာဝေးပြီး လက်ရှိ အမရပူရမြို့နယ်ကို မြို့နှစ်မြို့ (အမရပူရနှင့် မြစ်ငယ်)၊ ရပ်ကွက် ကိုးခု၊ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာ ၁၇၀ ဖြင့် ဖွဲ့စည်းထားသည်။

အမရပူရမြို့နယ်သည် ဧရိယာ ၈၀ ဒသမ ၁၁ စတုရန်းမိုင်ကျယ်ဝန်းလျက် အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ အနောက်ဘက်တွင် တံတားဦးမြို့နယ်၊ တောင်ဘက်တွင် စဉ်ကိုင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်၊ မြောက်ဘက်တွင် ချမ်းမြသာစည်မြို့နယ်တို့နှင့် ထိစပ်နေသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ကောက်ယူထားသည့် စာရင်းများအရ အမရပူရမြို့နယ်အတွင်း၌ ဘုရားကိုးဆူ၊ စေတီ ၁۷၁၅ ဆူနှင့် ဘုန်းကြီးကျောင်း ၂၆၉ ကျောင်းရှိသည့်အနက် တောင်မင်းကြီး၊ စွယ်တော်မြတ်စေတီ၊ ရွှေကူကြီး၊ ကျောက်တော်ကြီး၊ ပုထိုးတော်ကြီး၊ ဝေရောစနကျောက်စိမ်းစေတီ၊ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားတို့သည် အထူးထင်ရှားကြသည်။

အမရပူရမြို့နယ်တွင် ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရေးဟောင်းအဆောက်အအုံ ၂၀ တွင် ဦးပိန်တံတား၊ သပြေတန်းခံတပ်၊ အမရပူရနန်းမြို့ရိုးဟောင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်းနှင့် သာယာ၀တီမင်းတို့၏ အရိုးအိုးပြာသာဒ်များ၊ စန္ဒာမုနိစေတီ အုတ်တိုက်များ၊ ပုထိုးတော်ကြီး၊ ကျောက်တော်ကြီးတို့နှင့်အတူ တောင်ကြီးမင်းဘုရား ဝင်းအတွင်းမှ အုတ်ပြာသာဒ်နှစ်ဆောင်လည်း ပါ၀င်သည်။

ရွှေကူကြီး

အမရပူရမြို့ မှန်တန်းရပ်ကွက်ရှိ ရွှေကူကြီးစေတီကို ပုဂံဘုရင် နရပတိစည်သူ(ခရစ်နှစ် ၁၁۷၄-၁၂၁၁) က အမရပူရနေရာသို့ ရောက်ရှိခဲ့စဉ် တည်ထားခဲ့ပြီး အမရပူရ ကြီးလေးကြီးတွင် သက်တမ်းအရှည်ဆုံးဖြစ်သည်။ ရွှေကူကြီးသည် အမရပူရမြို့ကို မတည်ထောင်မီကပင် တည်ရှိခဲ့ကာ ဗဒုံမင်း၏သားတော် သီရိမဟာမွှာဘိဓေသီပသူရ ဘွဲ့ခံ အိမ်ရှေ့မင်းသားနှင့် အိမ်ရှေ့စံမိဖုရား သီရိတိလောက မဟာသုဘဒ္ဒါ ရတနာဒေ၀ီတို့က မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့ပြီး ကျောက်စာရေးထိုး၍ စေတီတော်အရှေ့မြောက်ထောင့်တွင် စိုက်ထူခဲ့သည်။ အိမ်ရှေ့စံ မင်းသားသည် ဘုရားကြီးကို ပြုပြင်ပြီးနောက် ရွှေကူကြီး ဘုရားသို့ မြေပယ် ၈၂၀ လျှဒါန်းပြီး ယောကျ်ား၊ မိန်းမ ၆၃ ဦးကို အစောင့်အရံများအဖြစ် ထားရှိခဲ့သည်။

ဗဒုံမင်းလက်ထက်တွင်ပြုပြင်ခဲ့သည့် ရွှေကူကြီးစေတီတော်သည် ဥဏှတော်အတောင် ၆၀ မြင့်၍ အမရပူရ ခေတ်လက်ရာ ပန်းတော့၊ ပန်းတမော့နှင့် ပန်းရံလက်ရာများကို မြင်တွေ့နိုင်ကြသည်။

ရွှေကူကြီးဘုရား၏ပတ်လည်တွင် စေတီနှင့်မွှာရုံများရှိနေကြကာ ပြိုပျက်နေသည့် အုတ်တိုက်အိုကြီးကို စိတ်၀င်စားဖွယ် မြင်တွေ့ကြရသည်။ စေတီတော်တောင်ဘက်ရှိ ရွှေဂူသာလှိုင်စေတီတော်လိုဏ်အတွင်း၌ နံရံဆေးပန်းချီများရှိပြီး ယင်းတို့ကို ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားသည့်တိုင် အချို့နေရာများတွင် ပျက်စီးနေပြီဖြစ်သည်။

တောင်မင်းကြီး

တောင်မင်းကြီး ဘုရားဟုခေါ်တွင်သည့် ဗုဒ္ဓဆင်းတုတော်ကြီးသည် အမရပူရမြို့မှ ဦးပိန်တံတားသို့ သွားသည့် လမ်း၏ ယာဘက်တွင်ရှိကာ ရေးအခါက အမိုးအကာမရှိဘဲ လွင်တီးခေါင်တွင် သီတင်းသုံးခဲ့သဖြင့် နေပူခံကိုယ်တော်ကြီးဟု ထင်ရှားခဲ့သည်။

တောင်မင်းကြီး ရုပ်ပွားတော်ကို မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ် (ခရစ်နှစ် ၁۷၈۶ ခုနှစ်) တွင် တောင်မင်းကြီးခေါ် အသည်၀န် မဟာမင်းလှကျော်စွာက လှျှဒါန်းခဲ့ရာ အမြင့် ၄၆ ပေ ၁၁ လက်မ၊ တင်ပလ္လင်ခွေ ဒူးစွန်းနှစ်ဖက် အကျယ် ၃၆ ပေ ၆ လက်မနှင့် မကိုင်ဋ္ဌတော်အမြင့် ၁၃ ပေ ၁ လက်မရှိသည်။ ရုပ်ပွားတော်ကြီး၏ လက်တော်ဟန် (မုဒြာ)သည် လက်ချောင်းတော်များက မြေသို့ထိထားသည့် ဘူမိဖသမုဒြာဖြစ်၍ ခြေတော်ဟန် (အာသာန)သည် ကမ္မဋ္ဌာန်းထိုင်သည့် ပုံစံဈာနသနဖြစ်သည်။

ရုပ်ပွားတော်ကြီး သီတင်းသုံးရန် အမိုးအကာဆောက်လုပ်ခဲ့ရာ ပြိုကျပျက်စီးခဲ့သည်ဟု ပြောစမှတ်ရှိခဲ့သော်လည်း အမရပူရမြို့ တရုတ်တန်းအရပ်မှ ဦးရင်ကလေးကြီးမှူးလျက် ကံစမ်းထီမဲဖွင့်လှစ်ကာ အများကောင်းမှုအာရုံခံတန်ဆောင်းကြီးကို ဆောက်လုပ်လှျှဒါန်းခဲ့သည်။ နေပူခံကိုယ်တော်ကြီးသည် အမိုးအကာအောက်တွင် သီတင်းသုံးခဲ့ပြီးနောက် မူလအမည်သည် ပျောက်ကွယ်ခဲ့ပြီး တောင်မင်းကြီးဘုရားဟု ထင်ရှားလာခဲ့သည်။

ခရစ်နှစ် ၁၈၅၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အင်္ဂလိပ်သံအဖွဲ့၏ မှတ်တမ်း(The Court of Ava in 1855) တွင် Henry Yule က နေပူခံကိုယ်တော်ကြီးကို "အမရပူရမြို့ တောင်သမန်အင်းစောင်းမှ ကြီးမားသော ရုပ်တုကြီးတစ်ဆူသည် တောင်သမန်အင်းကြီးကို ပြိုး၍ ကြည့်နေသည်"ဟု တင်စားရေးသားခဲ့သည်။

အမရပူရတွင် မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈۷၈) နန်းစံနေစဉ် အိန္ဒိယဘုရင်ခံ ဒါလဟိုဇီသည် ၁၈၅၅ ခုနှစ် ဇွန်လတွင် ဆာအာသာဖယ်ရာဦးဆောင်သည့် သံတမန်အဖွဲ့ကို အမရပူရသို့ စေလွှတ်ခဲ့သည်။ သံတမန်အဖွဲ့သည် ဒုတိယအင်္ဂလိပ်- မြန်မာ စစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့ ပဲခူးကို သိမ်းပိုက်အုပ်ချုပ်ထားမှုအား အထက်မြန်မာနိုင်ငံအစိုးရက လက်ခံရေးကို မင်းတုန်းမင်းနှင့် ညှိနှိုင်းရန်နှင့် အထက်မြန်မာနိုင်ငံ၏ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်ကို ထောက်လှမ်းရန် ရည်ရွယ်ခဲ့သည်။

သံတမန်အဖွဲ့သည် ရန်ကုန်မှ အင်း၀သို့ ဧရာ၀တီမြစ်ကြောင်းအတိုင်း ဆန်တက်ပြီး အင်္ဂလိပ်လူမျိုးအရာရှိ Linnaeus Tripe နှင့် ပန်းချီဆရာ Colesworthy Grant တို့ လိုက်ပါခဲ့သည်။ Linnaeus Tripe သည် ရန်ကုန်မှ အမရပူရသို့ လာခဲ့သည့် ခရီးစဉ်အတွင်း ဓာတ်ပုံပေါင်း ၂၀၀ ကျော်ရိုက်ကူးခဲ့ပြီး ဓာတ်ပုံ ၁၂၀ ကို The Journey to Amerapoora in 1855 အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ရာ အမရပူရရတွင် ရိုက်ကူးခဲ့သော ဓာတ်ပုံ ၅၈ ပုံ ပါ၀င်ခဲ့သည်။ ယင်းစာအုပ်တွင် နေပူခံကိုယ်တော်ကြီး ရုပ်ပွားတော်ကို စေတီငယ်များက ဝန်းရံထားပုံပါရှိကာ ပလ္လင်အထက် ဥဏှတော် ၃၇ ပေ ၆ လက်မဟု ဖော်ပြခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် တောင်မင်းကြီးဘုရားပြိုကျပျက်စီးခဲ့ပြီး ၁၂၁၂ ခုနှစ်တွင် အမရပူရမြင်းရုံရပ်မှ လွှထောင်ကြီး ဦးမှုံက ပုဂံမင်း(ခရစ်နှစ် ၁၈۷၆-၁၈၅၃)ထံမှ အမိန့်ခံ၍ တောင်မင်းကြီးဘုရားကို ပြင်ဆင်ခဲ့ရာ မင်းတုန်းမင်းနန်းတက်သည့် ၁၂၁۷ ခုနှစ်တွင် ပြီးစီးခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် အမရပူရ သိမ်ကြီးစေး အရှေ့မိုက်စုရွာသစ်နေ ရွှေလုံ့ဆရာဖုးက ချုံနွယ်များဖုံးနေသည့် တောင်မင်းကြီးဘုရား၀နန်းကျင်ကို ရှင်းလင်းခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ဆွမ်းတော်ကြီး ကပ်လှူပွဲကို ပထမဆုံး ကျင်းပခဲ့ချိန်မှစ၍ တောင်မင်းကြီးဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလတွင် ကျင်းပခဲ့သည်။

လက်ရှိအချိန်တွင် ဘုရားကြီး၏ စိန်တောင်ခုံသည် စ၅ စတုရန်းပေ ကျယ်၀နန်းလျက် ပလ္လင်အမြင့်သည် ၇ တောင်၊ ဒူးအစွန်းနှစ်ဖက် ၂၁ တောင် ၂ မိုက်၊ ဓမ္မခဏ်တော် အရှေ့အနောက် ပေ ၂၀၊ ညာဏ်တော် အတောင် ၃၀၊ သင်းကျစ်တော် အလျား ၁၂ တောင်၊ ပါးစပ်တော် ၄ တောင် ၁ ထွာရှိသည်။

ဘုရားကြီးရင်ပြင်တွင် ရေးသားထားချက်အရ ပလ္လင်သည် အမြင့် ၇ တောင်၊ ရှေ့နောက် ၃၃ ပေ၊ တောင်မြောက် ၄၇ ပေရှိပြီး ရုပ်ပွားတော်ကြီး၏ နားတော်သည် လူတစ်ယောက်ဝင်ထိုင်နိုင်သည့်အရွယ်ဖြစ်သည်။

ကျောက်တော်ကြီး

အမရပူရမြို့မှ တောင်ဘက်သို့ သုံးမိုင်အကွာ၊ တောင်သမန်အင်း၏ အနောက်တောင်ရွာ နှစ်ရွာအကြားတွင်တည်ရှိသည့် ကျောက်တော်ကြီးဘုရားသည် ပုဂံမင်း၏ ကောင်းမှုတော်ဖြစ်သည်။

စေတီတော်ပရိ၀ုဏ်အရှေ့မြောက်ထောင့်တွင် စိုက်ထူထားသည့် မဟာမင်းထင်စည်သူရေးသားသည့် မဟာသက္ကရံသီ ကျောက်တော်ကြီး ကျောက်စာအရ ရုပ်ပွားတော်ကြီးကို ၀စဉ်ကူးမြို့အ၀င် စုံမြို့စီရင်စု စကျင်တောင်မှ ဧရာ၀တီမြစ်ကြောင်းအတိုင်း ပင့်ဆောင်ခဲ့ပြီး ရွှေကြက်ယက် ရွှေကြက်ကျဘုရားနှစ်ဆူအကြားမှ တောင်သမန်သို့၀င်၍ ယခု စံနေတော်မူသည့် ဌာနသို့ ပင့်ဆောင်ခဲ့သည်။

ကျောက်တော်ကြီးဘုရားသည် ထက်၀ယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော်ဖြစ်ပြီး ဌာ၀နာ၀စ္စည်းများမှာ ရွှေဆင်းတု ၁၂ ဆူ၊ ငွေဆင်းတု ၃၅၈ ဆူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

ကျောက်တော်ကြီးဘုရား သီတင်းသုံးသည့် အုတ်တိုက်သည် ပုဂံရှိ အာနန္ဒာစေတီလိုဏ်ကဲ့သို့ ကြီးမားခံ့ထည်သော လိုဏ်အဆောက်အအုံဖြစ်ပြီး လိုဏ်အုတ်ပေါင်းကူး၏ ညီညာသော မျက်နှာပြင်ပေါ်တွင် နံရံဆေးပန်းချီများ ရေးဆွဲထားသည်။ မုခ်ပေါက်လေးခုတွင် ပုဂံမင်း၏ ကုသိုလ်တော်ရုပ်ပုံများကိုရေးဆွဲပြီး အညွှန်းစာသားများလည်း ရေးသားထားသည်။ အမရပူရ၊ အင်း၀၊ ဥက္ကလာ၀၊ ရွှေတောင်၊ ပြည်၊ ကူခန်း၊ စစ်ကိုင်းနှင့် ပုဂံမြို့များတွင် ပုဂံမင်းကြီးလှူဒါန်းခဲ့သည့် ကျောင်း၊ ကန်၊ သိမ်၊ ဥမင်ပုံများကို ရေးဆွဲထားသည်။ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နက္ခတ်တာရာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများနှင့် နန်းတော်သူနန်းတော်သား၊ လှေပြိုင်ပွဲ၊ သင်္ဘော်၊ ဆိုင်းဝိုင်း၊ တောတောင်သစ်ပင် စသည်တို့ကို ဆေးရောင်စုံများ ခြယ်ထားသည်။ ယင်းပုံများကို မူလအနေအထားအတိုင်းနီးပါး ကောင်းမွန်စွာထိန်းသိမ်းထားသည်။

တောင်သမန်ကျောက်တော်ကြီး ရုပ်ပွားတော်၏ ဥက္ကဋ္ဌတော်သည် ၁၁ တောင် နှစ်မိုက် လေးသစ် စမ္မခဏ်ထိပ် ရှစ်တောင် လေးသစ်၊ ထက်၀ယ်တော် ခုနှစ်တောင် နှစ်မိုက် လေးသစ်၊ ဒူးတော်နှစ်ဖက် အကျယ်လေးတောင် တစ်မိုက် လေးသစ်၊ ပလ္လင်တော် လုံးပတ် ၂၁ တောင် တစ်မိုက်လေးသစ်၊ လက်မောင်း လုံးပတ်တော် သုံးတောင် နှစ်မိုက်နှစ်သစ်ဖြစ်သည်။

ပုထိုးတော်ကြီး

အမရပူရမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိသည့် ပုထိုးတော်ကြီး၏ ဘွဲ့အမည်သည် မဟာ ဝိဇယရံသီဖြစ်သော်လည်း စည်းခုံတော် ပုထိုးတော်ကြီးဟု ပိုမိုထင်ရှားသည်။

စာမျက်နှာ ၁၉ သို့

◆ **အမရပူရ အနီး၀နှစ်ကျင်ဌ၌ တည်ရှိနေသည့် သာသနိကအဆောက်အဦများအနက် ရွှေကူကြီး၊ တောင်မင်းကြီး၊ ကျောက်တော်ကြီးနှင့် ပုထိုးတော်ကြီးတို့သည် အမရပူရကြီးလေးကြီးအဖြစ် ထင်ရှားခဲ့သည်။**

◆ **ဗဒုံမင်းသည် ၁۷၈၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် စဉ်ကူးမင်းကိုစီရင်၍ အင်း၀ထီးနန်းကို သိမ်းပိုက်ခဲ့ပြီးနောက် ၁۷၈၃ ခုနှစ် မေလ ၁၂ ရက်တွင် နေပြည်တော်ကို အင်း၀မှ အမရပူရသို့ ပြောင်းရွှေ့တည်ခဲ့သည်။ အမရပူရ၌ စေတီ၊ ပုထိုး၊ ဇရပ်နှင့်ဘုန်းကြီးကျောင်းများကို ဘုရင်များသာမက ပြည်သူများကပါ တည်ဆောက်ခဲ့ကြသည်။**

သုံးခွမြို့နယ် အောင်မြေလောကသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

သုံးခွ ဧန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော အောင်မြေလောကသွန်းဘုရားကြီး၏ (၁၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘုရားကြီးမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက အမှာစကား ပြောကြားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်းကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးလှသိန်းက ဘုရားပွဲတော် ကျင်းပရခြင်းနှင့် အထွေထွေကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဘုရားပွဲတော်တွင် လူသုံးကုန်၊ စားသောက်ကုန်မျိုးစုံကိုလည်း တည်ခင်းရောင်းချမည်ဖြစ်ပြီး ဟော်ပွဲရှင်ပွဲများအနေဖြင့် ခြင်းအလှခတ်ပွဲ၊ သီဆိုဖျော်ဖြေတင်ဆက်ပွဲများလည်း ပါဝင်ပြီး ဧန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

တနသ်ာရီမြစ်ရိုး ရေကြီးရေလျှံမှုမှ ကာကွယ်ရန်အတွက် စုပေါင်းဆွေးနွေး

တနသ်ာရီ ဧန်နဝါရီ ၂၀

တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြစ်ရိုးတစ်လျှောက်တွင် နှစ်စဉ်လိုလို ရေကြီးရေလျှံမှုနှင့် ရေနစ်မြုပ်ခြင်း ရေဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိသဖြင့် ယင်းအန္တရာယ်များမှ ကာကွယ်နိုင်ရန် သဲသောင်တူးဖော်ခြင်းအတွက် စီမံကိန်းဖြစ်မြောက် နိုင်စွမ်းရှိမရှိကို လေ့လာခြင်းနှင့် ပတ်သက်၍ လူထုတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က တနသ်ာရီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများနှင့် စီမံကိန်းတည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်းလေ့လာသူများက ရှင်းလင်းပြောကြားကြသည်။ အခမ်းအနားသို့ တက်ရောက်လာကြသူများက သိလိုသည်များအား အပြန်အလှန် မေးမြန်းပြီး အကြံဉာဏ်ရယူခြင်းများ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ဌာနဆိုင်ရာဦးစီးမှူးများ၊ တံတားအထူးတည်ဆောက်ရေးအဖွဲ့ (၄)မှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ၂၄ စုမှ ရပ်မိ/ရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

ရာသီဥတုကောင်းမွန်သဖြင့် ရွှေသောင်ယံမြို့ ကွမ်းခြံများ အထွက်နှုန်းကောင်း

ရွှေသောင်ယံ ဧန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ရှိ ကွမ်းစိုက်တောင်သူများ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးသဖြင့် အထွက်နှုန်းကောင်းခြင်း၊ စျေးနှုန်းသင့်တင့်စွာ ရရှိခြင်းတို့ကြောင့် ကွမ်းစိုက်တောင်သူများ တွက်ခြေကိုက်လျက်ရှိသည်။

ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ကွမ်းစိုက်တောင်သူတစ်ဦး၏ တိုင် ၄၀၀၀ ကျော်စီရှိသော ကွမ်းခြံနှစ်ခြံသို့ သွားရောက်လေ့လာရာ လက်ရှိအချိန်တွင် တစ်လကို နှစ်ကြိမ်မျှ ယာကွမ်းများ ခူးယူလျက်ရှိပြီး တစ်ကြိမ်ခူးလျှင် ယာကွမ်း၂၅ ပိဿာခန့် ထွက်ရှိသည့်အတွက် ယမန်နှစ်ထက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ လာမည့်နှစ်တွင် ကွမ်းညွှန့်ခြံများပြုလုပ်၍ ကွမ်းညွှန့်နှစ်သိန်းခန့် ရောင်းချနိုင်ရန်ပြုလုပ်မည်ဟု ခန့်မှန်းထားကြောင်း၊ လက်ရှိတွင် ယင်းကွမ်းခြံနှစ်ခြံအတွက် ငွေကျပ် ၁၇ သိန်းခန့် ရင်းနှီးထားကြောင်း ကွမ်းခြံလုပ်ငန်းလုပ်ကိုင်သူ ကိုအောင်ထက်ထံမှ သိရသည်။ **ကိုကိုမောင် (ပြန်/ဆက်)**

အင်ဂျင်စက်ပြင်သင်တန်း အခမဲ့ သင်ကြားပေးမည်

အိမ်မဲ ဧန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့၌ တစ်လုံးထိုးအင်ဂျင်စက် ပြုပြင်သင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှစတင်ကာ အခမဲ့သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။ ဧန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မန္တလေးမြို့၌ ကျင်းပမည့်ပွဲများ

တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း

ဆန်၊ပဲ၊ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို မန္တလေးမြို့၄၁ လမ်း၊ ၈၆ လမ်းနှင့် ၈၇လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ဧန်နဝါရီ ၂၂ ရက်မှ ၃၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားသွားမည်ဟု သိရသည်။

လူငယ်နှင့်လူမှုမီဒီယာ ပြည်သူ့စကားဝိုင်း

လူငယ်နှင့်လူမှုမီဒီယာခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၃၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဧန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီ ခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်အသင်း ရာပြည့်ပွဲတော်

နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်အသင်း ရာပြည့်ပွဲတော်ကို မန္တလေးမြို့ နန်းတော်ရှေ့အားကစားကွင်း၌ ဧန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် တေးဂီတနှင့် အငြိမ့်ဖျော်ဖြေပွဲများ၊ စာပေဟောပြောပွဲများ၊ ပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့နိုင်ငံရေးစကားဝိုင်း

မြန်မာ့ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုခရီးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ် မန္တလေးတွင် ဧန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စုပေါင်းတောင်တက်စက်ဘီးစီးပွဲ

ပထမအကြိမ် စုပေါင်းတောင်တက်စက်ဘီးစီးပွဲကို မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရဲရွာ–ပြင်ဦးလွင်လမ်းသစ်တွင် ဧန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ကန်ကြီးထောင့်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပမည်

ကန်ကြီးထောင့် ဧန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ပေါက်ကျွန်းကျေးရွာအုပ်စု စက်ကုန်းအောက်စုကျေးရွာ၌ ဧန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စခင်ဇော်လင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို ပြည်သူများနှင့်အတူ ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်သူ့စကားဝိုင်းကို စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **နန်းထိုက် (KGD)**

စစ်ကိုင်းမြို့၌ ပြည်တွင်းပြည်ပ ခရီးသွားများနှင့်သက်ဆိုင်သော သတင်းအချက်အလက်စင်တာ တည်ဆောက်

မုံရွာ ဧန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်း ပြည်ပခရီးသွားများနှင့် ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များကို အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်စင်တာတစ်ခုကို စစ်ကိုင်းမြို့ စစ်ကိုင်းခရိုင်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရုံးဝင်းအတွင်း တည်ဆောက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

"သတင်းအချက်အလက်စင်တာကနေ ပုံမှန်လုပ်နေတဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးတာအပြင် ပြည်တွင်း ပြည်ပခရီးသွားတွေကို ကိုယ်သိချင်တဲ့ သတင်းအချက်အလက်တွေကို မိုဘိုင်းဖုန်းတွေ၊ တက်ပလက်တွေနဲ့ ရယူနိုင်ဖို့အတွက် နည်းပညာရှင်တွေနဲ့တိုင်ပင်ပြီး လုပ်နေတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွားပြည်သူတွေအနေနဲ့ ကနဦးလေ့လာလိုတဲ့အကြောင်းအရာတွေကို သိရှိချင်လို့ စင်တာကို လှမ်းမေးရင်လည်း လိုအပ်တဲ့ သတင်းအချက်အလက်တွေကို ပေးနိုင်မှာဖြစ်တယ်။ ခရီးသွားတစ်ဦးအနေနဲ့ ကိုယ်သွားလိုတဲ့ခရီးစဉ် အကြောင်းကိုသိလိုရင် ကျူအောကုတ်သော်လည်းကောင်း၊ ဝက်ဘ်ဆိုက်အမည်ကိုရိုက်နှိပ်ပြီးတော့ ရှာဖွေကြည့်ရှုပြီး သွားနိုင်အောင်အထိ စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက ပြောသည်။

ယင်းစင်တာကို တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘတ်ဂျက်ဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတတိယပတ်အတွင်း စတင်ဆောက်လုပ်ဝျက်ရှိရာ ၁၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧရယျာတိုင်း)**

စာမျက်နှာ ၁၈ မှ

ယခုအခါတွင် ပုထိုးတော်ကြီးသို့ အမရပူရမြို့တွင်းရှိ ဆုတောင်းပြည့်လမ်းအတိုင်းသွားကာ ရွှေဂူကြီးဘုရားဝင်းကို ဖြတ်သန်းပြီး အလွယ်တကူသွားရောက်နိုင်သည်။

စစ်ကိုင်းမင်းသည် ဗဒုံမင်း၏ ထီးနန်းအရိုက်အရာကို ခရစ်နှစ် ၁၈၁၉ ခုနှစ် ဇွန်လ ၇ ရက်တွင် ဆက်ခံခဲ့ပြီးနောက် ခမည်းတော် ဗဒုံမင်း အိမ်ရှေ့မင်းသားဘဝက တည်ဆောက်ခဲ့ပြီး မီးလောင်ပျက်စီးခဲ့သည့် ဟေမမာလာစေတီနှင့် ကျောင်းတော်များနေရာ သရက်ဥယျာဉ်တော်၌ စေတီတော်တစ်ဆူတည်ထားရန် ကြံရွယ်ခဲ့သည်။ ထို့ကြောင့် အမရပူရရွှေနန်းတော်၏ အနောက်တောင်ထောင့်ရှိ တာ ၇၀၀ မြေမျက်နှာပြင်၌ သီဟိုဠ်မဟာစေတီကဲ့သို့ စည်းခုံ တော်စေတီကို မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ် နှောင်းတန်ခူး လပြည့်နေ့(ခရစ်နှစ် ၁၈၂၀ ပြည့်နှစ် မတ်လ ၂၈ ရက်) အင်္ဂါ နေ့တွင် ကိုယ်တော်တိုင် အုတ်မြစ်ချခဲ့သည်။

ပုထိုးတော်ကြီးစေတီတော်၏ ပထမပစ္စယံ ပတ်လည်တွင် ပုဂံခေတ်လက်ရာ စဉ့်ကွင်းများ၊ ဒုတိယ ပစ္စယံ၌ ၅၅၀ ဇာတ်တော်လာ ဇာတ်တော်အမည်နှင့် ဇာတ်ကွက်များ ထုထားသည့် စကျင်ကျောက်ဖြူများ၊ တတိယပစ္စယံတွင် သမ္ဘဒ္ဒေဘုရားရုပ်တုတော်များကို ထည့်သွင်းခဲ့သည်။ ပုထိုးတော်ကြီး၏ မူလထီးတော်သည်အဝ ၁၂ တောင်၊ အမြင့် ၁၈ တောင် ဘုံကိုးဆင့် ရွှေထီးတော်ဖြစ်၍ ဖိနပ်တော်သည် အချင်းသံတောင် ၁၂၀ နှင့် ဥဏှာတော်သံတောင် ၁၂၀ ရှိသည်။

အမရပူရ ပုထိုးတော်ကြီး၏တည်နေရာသည် အမရပူရမြို့တည်နန်းတည် ခုနှစ်ဌာနဖြစ်သည့် မြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ကျောင်းတော်၊ ကန်တော်၊ ဂူတော်၊ ဝိဋ္ဌကတ်တိုက်တော်တို့အနက် ကျောင်းတော်နေရာဟု အဆိုရှိခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် နှောင်းတန်ခူး လဆန်း ၈ ရက်(ခရစ်နှစ် ၁၈၃၉ ခုနှစ် မတ်လ ၂၂ ရက်) သောကြာနေ့တွင် လှုပ်ခဲ့သည့်ငလျင်ဒဏ်ကြောင့် မဟာဝိဇယရံသီ ပုထိုးတော်ကြီး၏ ထီးတော်သည် မြေသို့ခခဲ့ကာ ၃၄ နှစ်ကြာ ထီးတော်မဲ့နေခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် မင်းတုန်းမင်းကြီးက အမြင့် ၁၃ တောင် ၁ ထွာ၊ အဝ ၉ တောင် ၂ မိုက်ရှိသည့် ထီးတော်အသစ်ကို ပုပ္ပားဝန်အား ကြီးကြပ်တင်လှူစေခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားပေသည်။ မင်းတုန်းမင်း တင်လှူခဲ့သည့် ထီးတော်သည် မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် မြေခသည်။

မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် အမရပူရမြို့သူမြို့သားများ အသစ်တင်လှူခဲ့သည့် ထီးတော်သည်လည်း ၁၉၅၆ ခုနှစ် ဧပြီလ်လတွင်လှုပ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးခဲ့ကာ ပုထိုးတော်ကြီးသည် ချရားသီးမှ ကြာမှောက်အထိ ပြိုကျခဲ့သည်။ ပုထိုးတော်ကြီး ထီးတော်အသစ်ကို ဗဟုခေတ် ဦးအုန်းခင်နှင့်ဇနီး ဒေါ်ခင်ခင်လေးတို့က ၁၉၅၉ ခုနှစ်တွင် တင်လှူခဲ့သည်။

မဟာဝိဇယရံသီ ပုထိုးတော်ကြီး၏ အရှေ့မြောက်ထောင့်တွင် တစ်ဖက်လျှင် ငါးပေကျယ်ဝန်းသော လေးထောင့်အုတ်တိုင်ကြီးနှစ်ခုတွင် ချိတ်ဆွဲထားသည့်ခေါင်းလောင်းကြီးကို စစ်ကိုင်းမင်းက မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ် တပေါင်းလဆုတ် ၁၃ ရက် (ခရစ်နှစ်၁၈၂၈ ခုနှစ် မတ်လ ၁၃ ရက်) ကြာသပတေးနေ့တွင် တင်လှူခဲ့သည်။ ခေါင်းလောင်းအလေးချိန်သည် ကြေးစင် ၁၅၀၀၀၀ ကျပ်(ပိသာ ၁၅၀၀)ဖြစ်ပြီး အချင်းသံတောင် ၅ တောင်၊ အမြင့်သံတောင် ၅ တောင်၂ မိုက်ရှိကာ ခေါင်းလောင်း၏ပုစွန်တုပ်ကွေးတွင် ခြသေ့ရုပ်များသွန်းလုပ်ထားပြီး မဟာမေရမကုဋ္ဌဃဏ္ဍ ရာဇဝဟု ခေါင်းလောင်းတော်ဘွဲ့အမည်တပ်ခဲ့သည်။

ပုထိုးတော်ကြီး ခေါင်းလောင်းတော်အတိုင်းအတာသည် စာရေးသူ၏တိုင်းထွာချက်အရ အချင်း ၈ ပေ ၈ လက်မ၊ အတွင်းနှုတ်ခမ်းအချင်း ၇ပေ ၄ လက်မရှိပြီး ခေါင်းလောင်းအတွင်းပိုင်းအမြင့်သည် ၆ ပေ ၁ လက်မဖြစ်သည်။ ခေါင်းလောင်းတော်အထူ ၈ လက်မရှိကာ အထက်အောက် ၂၉ လက်မ ကျယ်ဝန်းသည့်နေရာတွင် ပတ်ပတ်လည်ရေးထိုးထားသည့် ခေါင်းလောင်းစာများကို ဝက်မစွပ်မြို့စား စာဆိုဒုတိယနဝေးဟုကျော်ကြားသည့် ဦးနုကရေးသားခဲ့သည်။

အမရပူရ၏ သမိုင်းဝင်ကြီးလေးကြီး သာသနိုက အဆောက်အဦများသည် နှစ်ကာလရှည်ကြာလာသည်နှင့် အမျှ ခိုင်ခံ့မှုအားနည်းစပြုနေပြီဖြစ်ရာ ယင်းရုပ်ပွားတော်များနှင့် စေတီတော်များ အရှည်တည်တံ့နိုင်ရန် အားလုံးကပိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ပေသည်။ ။

ကိုးကား

တောင်သမန်ပတ်ဝန်းကျင် သမိုင်းဝင်နေရာများ (ကိုပညာ၊ အမရပူရ)

ဝင်းတွေနှင့်တည်ခဲ့သည့်မင်းနေပြည်(နတ်မောက်ထွန်းရှိန်)

မြန်မာ့ရက်စွဲသမိုင်း၊ ကုန်းဘောင်ဆက်(ဦးတိကွ)မမ္ဘာ

လက်ဘရနှင့် ဒေါက်တာသန်းထွန်း)

ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။

ဘေးအန္တရာယ်ကျရောက်နေသော ကလေးအလုပ်သမားသည် ဘေးအန္တရာယ်ရှိသော(သို့) ကျန်းမာရေးနှင့် မည်ညွှတ်သော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရ၍ အသက်အန္တရာယ်ထိခိုက်စေနိုင်ခြင်း (သို့မဟုတ်) အနာတရဖြစ်စေနိုင်သည်။ လုံခြုံမှု အားနည်းခြင်း၊ ကျန်းမာရေးအဆင့် နိမ့်ကျခြင်းနှင့် လုပ်ငန်းအစီအမံများ၏ အကျိုးဆက်ကြောင့်ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ကျန်းမာရေးချို့တဲ့မှုကြောင့် အမြဲတမ်းမသန်စွမ်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကလေးအလုပ်သမားဘဝတွင် ရံဖန်ရံခါရရှိခံစားခဲ့ရသော ကျန်းမာရေးပြဿနာများကြောင့်ၔင်းကလေးအရွယ်ရောက်သည့်တိုင်အောင် ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ပါ။



ILO ပြဋ္ဌာန်းချက် အမှတ် ၁၈၂ သည် နိုင်ငံတော်အစိုးရအနေဖြင့် အခြားပါဝင်ပတ်သက်သူများ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး အသက် (၁၈)နှစ်အောက်ကလေးသူငယ်အားလုံးအတွက် တားမြစ်ထားသည့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းကို ပြုစုထုတ်ဝေပေးရန်လိုပြီး အိုင်အယ်(လ်)အို အကြံပြုတိုက်တွန်းချက်အမှတ် (၁၉၀)တွင် အောက်ပါလုပ်ငန်းများကို ထည့်သွင်းရန် အကြံပြုထားပါသည်။

(၁) ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ(သို့) လင်ငိုင်းဆိုင်ရာ အလွဲသုံးစားမှုအတွက် အကာအကွယ်မဲ့စေမည့် အလုပ်အကိုင်

(၂) မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသော မြင့်မားသည့်နေရာများ (သို့)ပိတ်လှောင်ထားသောနေရာများ

(၃) အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများနှင့်(သို့) လူအားဖြင့် တင်ချသယ်ယူပို့ဆောင်ရသော လေးလံသည့်ဝန်စည်များ ပါဝင်သည့်လုပ်ငန်း

(၄) ကျန်းမာရေးနှင့် မည်ညွှတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ – ကလေးသူငယ်များ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သော တုန်ခါမှုများ၊ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ(သို့) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့) လုပ်ငန်းအဆင့်ဆင့်

(၅) အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း (သို့) ညဉ့်ကာလအတွင်း လုပ်ကိုင်ရခြင်း (သို့) အလုပ်ရှင်၏ အဆောက်အအုံဥစာအတွင်း ကလေးသူငယ်များအား ကြောင်းကျိုးမဆီလျော်သော ချုပ်နှောင်ခိုင်းစေခြင်း စသည့်အထူးခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့်အလုပ်များ

အဓိပ္ပာယ်ဖွင့်ဆိုချက်

ကလေးသူငယ်များ လုပ်ကိုင်သမျှ အလုပ်အားလုံးကို ကလေးအလုပ်သမားဟု အတန်းစား မသတ်မှတ်သင့်ပါ။ ILO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကလေးအလုပ်သမားဟူသည် ၎င်း၏ ကလေးဘဝ၊ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုးကို လုပ်ကိုင်နေရသူများကိုဆိုသည်။ ထိုအလုပ်မျိုးသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စာရိတ္တပိုင်းဆိုင်ရာကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး သို့မဟုတ် ၎င်းတို့၏ ပညာသင်ကြားရေးကို ထိခိုက်စေမည့် –

- ကျောင်းတက်ရန် အခွင့်အလမ်းရွေးချယ်နိုင်မှု မရှိခြင်း
- အချိန်မတန်မီ ကျောင်းမှ မဖြစ်မနေ ထွက်ရခြင်း
- ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်ကို အကြောင်းကြောင်းကြောင့် အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်းတို့ ဖြစ်ပါသည်။

တွံတေးမြို့နယ်မှ ဝါးဖြင့် ပြုလုပ်သည့် ထုတ်ကုန်များ ဈေးကွက်ဝင်လာ

တွံတေး ဧနီလဝါရီ ၂၀

တွံတေးမြို့နယ် တံခွန်တိုင်ကျေးရွာတွင် ဒေသထွက် ဝါးတစ်မျိုးကို ဒေသခံလူငယ်များက လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်လျက်ရှိရာ ဝါးဖြင့်ပြုလုပ်သည့် ထုတ်ကုန်များ ဈေးကွက်ဝင်လာကြောင်း သိရသည်။

ဝါးအသုံးပြု လက်မှုပညာအား ကျေးရွာသို့ ယူဆောင်လာခဲ့သူမှာ တံခွန်တိုင်ကျေးရွာ ပေါ်တော်မူကျောင်းတိုက် ဆရာတော် ဦးအရိယာဝံသ ဖြစ်သည်။

ဆရာတော်သည် မိမိကျေးရွာသူ ကျေးရွာသား လူငယ်များ အလုပ်အကိုင်များ ရရှိစေရေး ဒေသထွက် ဝါးကို အသုံးပြု၍ ထုတ်ကုန်ပစ္စည်းများကို ပြုလုပ်ကာ လက်မှုပညာ တတ်ကျွမ်းစေရေးနှင့် အိုးမကွာအိမ်မကွာ ဝင်ငွေ ရလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးတို့ကို ရည်မှန်းခဲ့ကြောင်း သိရသည်။

ဆရာတော်၏ အစီအမံဖြင့် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပုဂံမြို့တို့မှ ဝါးအတတ်လက်မှုပညာရှင်များဖြင့် ကျေးရွာနေ လူငယ်များကို သင်ကြားစေခဲ့သည်။

“ပုဂံမြို့က ယွန်းဆရာကြီးက တော့ အသေးစိတ်ပို ကျတယ်။ နီးထိုးတာ၊ နီးဖြာတာ ကျွန်တော်တို့လည်း ဝါးထွက်တဲ့ အရပ်မှာနေတဲ့သူတွေမို့ နီးထိုး နီးဖြာတတ်ပေမယ့် အခုက အသေးစိတ် ပိုကျတယ်” ဟု ဝါးအသုံးပြုပစ္စည်းများအား လက်တွေ့ လုပ်ကိုင်ပြသနေရင်း ကိုစန်ဦးကရှင်း ပြသည်။

တံခွန်တိုင်ကျေးရွာမှ ဝါးအသုံးပြုလက်မှုပညာဖြင့် လူသုံးအိမ်သုံးပစ္စည်းများ လုပ်ကိုင်သူ လူငယ်လေးများအား ပေါ်တော်မူကျောင်းတိုက်အတွင်းမှာပင် စုဝေးပြုလုပ်စေကြောင်း သိရသည်။

သွားကြားထိုးတံထည့်ဘူး၊ ဖုန်းတင်စင်၊ တိုင်ကပ်နာရီ၊ ဓာတ်ပုံဘောင်၊ လျှပ်စစ်မီးတိုင်၊ ဝါးကွမ်းအစ်၊ ဝါးပေါ်တွင် ရေးထိုးထားသည့်ဘုရားပုံတော်များ၊ ဝါးပုတီးများ၊ အသားပေါင်းခွက်၊ ရာဝင်အိုး ပုံစံဝါးအိုးများ၊ တစ်ရှူးဘောက်၊ လက်ကိုင်ကိုင်းပါ အိုးခွက်များ၊ အုပ်ဆောင်းများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများတွင် အသုံးပြုသည့် ဘဲဥပုံစံလိုက်ပွဲကြီး ဝါးပန်းကန်များကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျောင်းတိုက်အတွင်း ကျေးရွာနေလူငယ်များ ပြုလုပ်ထားသည့် သဘာဝထုတ်ဆပ်ပြာကြမ်း၊ ဆပ်ပြာမွှေး၊ ဆပ်ပြာအရည်များ၊ ဝါးပိုး ဝါးခုတင်၊ ဝါးကုလားထိုင်များကို လည်း တွေ့မြင်ခဲ့ရသည်။

ဝါးအသုံးပြု လက်မှုထုတ်ကုန်များအား ပထမဆုံးအနေဖြင့် ကရင်နှစ်သစ်ကူး ဈေးရောင်းပွဲတော်တွင် ခင်းကျင်းရောင်းချရာ လူကြိုက်များခဲ့ပြီး ၄ွေကျပ် သိန်း ၂၀ နီးပါးရောင်းချခဲ့ရကြောင်းလည်း သိရသည်။

ဝါးအသုံးပြု ထုတ်ကုန်ပစ္စည်းများ ပြုလုပ်ရာတွင် ဒေသအခေါ် ခဲတံဝါး (အထက်အညာအခေါ်) တင်းဝါးဖြင့်သာ ပြုလုပ်ပြီး ယခုအခါတွင် ဆရာတော်၏ ကျေးဇူးဖြင့် ကျေးရွာနေ လူငယ်များ နေရပ်အိုးအိမ်မကွာ သက်မွေးဝမ်းကျောင်း လက်မှုပညာများ လုပ်ကိုင်ခွင့်ရနေပြီ ဖြစ်သည်။

မောင်ယဉ်ဦး(ဒလ)

ဝါးလက်မှုပညာဖြင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

မကွေးမြို့၌ နေ့စဉ်အမှိုက်များ သိမ်းဆည်းပေးနေသော်လည်း စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များကို လိုက်လံရှင်းလင်းနေရဆဲဖြစ်

မကွေး ဧနီလဝါရီ ၂၀

မကွေးမြို့မှ ထွက်ရှိသည့် အမှိုက်တန်ချိန် ခြောက်ဆယ်ခန့်ကို အမှိုက်သိမ်းကား ၁၄ စီးဖြင့် နေ့စဉ်သိမ်းဆည်းနေသော်လည်း စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်ပုံကြီးများကို လိုက်လံရှင်းလင်းနေရဆဲဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြောသည်။

“ပြီးခဲ့တဲ့ သုံးရက်လောက်က အဝေရာလမ်းဘေး မီးရထားလမ်းကူးနေရာက အမှိုက်ပုံကြီးကို စက်ယန္တရားတွေနဲ့ ရှင်းတယ်။ မြေဖို့တယ်။ အမှိုက်မပစ်ရ ဆိုင်းဘုတ်ထောင်တယ်။ မနေ့က ကမ်းနားလမ်းနဲ့ ကင်းရပ်ကွက်အဝင်လမ်းနားက အမှိုက်ပုံကြီးကို ထပ်ပြီးရှင်းလင်းခဲ့ပါတယ်။ မကွေးမှာက တစ်ရက်ကို အမှိုက်၅ဖတန် သိမ်းပေမယ့် ဒီလို အမှိုက်ပုံကြီးတွေ ရှိနေသေးတယ်။ သန့်ရှင်းရေးဌာနစိတ်က လိုက်လံရှင်းပေးနေပါတယ်” ဟု မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံး(စီမံ) ဒုတိယဦးစီးမှူး ဦးအောင်မျိုးသိန်းက ပြောသည်။

မကွေးမြို့ကို ဇုန်ကိုးခုခွဲပြီး ပြည်သူများနေအိမ်ရှေ့အရောက် သိမ်းဆည်းသည့် အမှိုက်သိမ်းယာဉ်ကိုးစီး၊ မြို့၏ အဓိကလမ်းမကြီးများတွင် တံမြက်စည်းလှည်းအဖွဲ့မှ လှည်းကျင်းစုပုံပေးထားသော အမှိုက်များကို သိမ်းဆည်းသည့်ယာဉ်နှစ်စီး၊ မြို့ပေါ်ဈေးငါးဈေးမှ အမှိုက်များ သိမ်းဆည်းရန် ယာဉ်နှစ်စီး၊ စီးပွားရေးလုပ်ငန်းများမှ အမှိုက်များကို အခကြေးငွေဖြင့် လက်ခံသိမ်းဆည်းပေးသည့် ယာဉ်တစ်စီး စုစုပေါင်း အမှိုက်သိမ်းယာဉ် ၁၄ စီးဖြင့် အမှိုက်သိမ်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ လုပ်ဆောင်နေသော်လည်း သိဂ်ါရပ်ကွက်မှ မြို့ရောင်လမ်းအထွက်နေရာ၊ မြသလွန်ဘုရားပွဲတော်ကွင်းအနီး ဇရာဝတီမြစ်ကမ်းဘက် ကျောက်ရိုးစည် ရေကာတာ အောက်ဘက်နေရာနှင့် အခြားနေရာအချို့တွင် အမှိုက်ပုံများရှိနေဆဲဖြစ်ပြီး စည်းကမ်းမဲ့သူများက အမှိုက်ပစ်နေဆဲဖြစ်ကြောင်း သိရသည်။

“ စီးပွားရေးလုပ်ငန်းက ထွက်တဲ့ အမှိုက်တွေကို လုပ်ငန်းရှင်တွေက သုံးဘီးတွေနဲ့ အမှိုက်ကျင်းကို ပစ်ခိုင်းတာ ရှိတယ်။ အဲဒါကို တချို့က ဆီကုန်မှာစိုးလို့ ရောက်အောင်မသွားဘဲ ကျန်းမာရေးတက္ကသိုလ်သွားတဲ့ လမ်းတစ်ဝက်လောက်မှာ ပစ်ခဲ့တာမျိုးတွေ ရှိတယ်။ မြစ်ကမ်းစပ်မှာတော့ ဟိုးအရင်ကတည်းက မိရိုးဖလာ အမှိုက်ပစ်တဲ့ ပုံစံတွေ ရှိနေသေးတယ်။ မြစ်ရေတက်ရင် မျောသွားမှာပဲ ဆိုပြီးတော့ နွေရာသီမှာ ပစ်ထား၊ ပုံထားတယ်” ဟု ၎င်းက ဆက်ပြောသည်။

အမှိုက်သိမ်းယာဉ်များတွင် GPS တပ်ဆင်ကာ အလုပ်တာဝန်များကို စည်ပင်ရုံးမှ ကွပ်ကဲလျက်ရှိပြီး အမှိုက်သိမ်းဆည်းရေးကိစ္စများနှင့် ပတ်သက်ပါက သန့်ရှင်းရေးဌာနစိတ် ရုံးဖုန်း – ၂၀၂၅၀၄၈ နှင့် ဌာနစိတ်တာဝန်ခံ ဖုန်း – ၀၉–၄၃၁၅၆၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

မော်လိုက်မြို့၌ လက်မှုပညာ သင်တန်းဆင်း

မော်လိုက် ဧနီလဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိပြီး တစ်ပိုင်တစ်နိုင် စီးပွားဖြစ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လက်ကိုင်အိတ်၊ လက်ကိုင်ခြင်း၊ ရက်လုပ်ခြင်း သင်တန်းဆင်းပွဲကို ယမန်နေ့က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ခရိုင်ဦးစီးမှူး ဦးသိန်းမင်းက အလုပ်အကိုင်များရရှိပြီး တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ကာ လူနေမှုဘဝများမြင့်တက်လာနိုင်ရေးတို့အတွက် ရည်ရွယ်ကာ သင်တန်းဖွင့်လှစ်ပေးခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

မော်လိုက်သားလေး

ရေဦးမြို့နယ် အနောက်ဘက်အစွန်း ကျေးရွာများတွင် မှုခင်းကျဆင်းရေး ဟောပြော

ရေဦး ဧနီလဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အနောက်ဘက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် အင်းကြီး၊ တောင်ပြင်ငယ်၊ ပလူဇေ၀၊ ခင်ပင်၊ ရွာငယ်ကျေးရွာများတွင် ယမန်နေ့က ကျေးရွာစာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲနှင့် ဌာနဆိုင်ရာလုပ်ငန်းများအကြောင်း အသိပေးရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

အသိပညာပေး ဟောပြောပွဲနှင့် ဌာနဆိုင်ရာလုပ်ငန်းများ ရှင်းလင်းပွဲပြုလုပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းက လွှတ်တော် အတွေ့အကြုံများနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ငန်းတာဝန်များအကြောင်း အပါအဝင် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး၊ လောင်းကစားမှုပယောက်ရေး၊ တရားခံရှာဖွေဖမ်းဆီးခြင်း၊ ခံဝန်ကတိပေးခြင်း၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရခြင်းအကြောင်းနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ အပါအဝင် ပြည်သူများ သိသင့်သိထိုက်သည့် မှုခင်းကျဆင်းရေး၊ တရားဥပဒေဗိုးမိုးရေးနှင့် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

သန်းသန်း (ရေဦး)

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး

ဖျာပုံခရိုင် ဒေါ်ညိမ်းကျေးရွာ၌ ဘက်စုံသုံး အဆောက်အအုံဖွင့်လှစ်

အမာ ဧနှစ်၀၊ရီ ၂၀

ဖျာပုံခရိုင် အမာမြို့ ဒေါ်ညိမ်းကျေးရွာ အုပ်စုပက်ပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၀င်းအတွင်းရှိ ဘက်စုံသုံးအဆောက်အအုံဖွင့်လှစ်ခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ပထမဦးစွာ ဘက်စုံသုံး အဆောက်အအုံအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦး၀င်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဧော်၊ ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာ၀နျရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖျာပုံခရိုင်အတွင်းရှိ တည်ဆောက်ဖွင့်လှစ်ခဲ့သော ဘက်စုံသုံးအဆောက်အအုံ။

သာဘာ၀ဘေး ဖြစ်ပေါ်လာပါက နားခိုစရာ အဆောက်အအုံတစ်ခုရရှိပြီး ဆောက်လုပ်ပြီးစီးသွားသည့်အတွက် ၀မ်းသာမိကြောင်း၊ နားခိုစရာအဖြစ်သာမက ဘက်စုံသုံးဖြစ်သည့်အတွက် ကျန်အချိန်များတွင် ပက်ပြကျေးရွာအလယ်တန်းကျောင်းအတွက်စာသင်ခန်းများ ဖြစ်ကြောင်းနှင့် သာဘာ၀ဘေးကိုကာကွယ်နိုင်စေရေးဒီရေတောအပင်များ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန် လိုအပ်ကြောင်း တာ၀နျရှိသူများက ပြောကြားသည်။

၀င်းမြင့်အောင်(ပြန်/ဆက်)

မင်းဘူး(စကု)မြို့နယ်၌ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၆၅ ခု အကောင်အထည်ဖော် ဆောင်ရွက်မည်

မင်းဘူး ဧနှစ်၀၊ရီ ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရရှိပုံငွေကျပ် ၇၂၇ ဒသမ ၁၀ သန်းဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၆၅ ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၆၅ ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၂၅ ခု၊ စုစုပေါင်းလမ်းအရှည်ပေ ၂ မိုင် ၊ ၅ ဒသမ ၈၅ ဖာလုံအား ခွင့်ပြုငွေကျပ် ၄၈၃ ဒသမ ၁၂ သန်းဖြင့် ပြုပြင်ဆောင်ရွက်ခြင်း၊ ခွင့်ပြုငွေကျပ် ၂၃ ဒသမ ၅၇ သန်းဖြင့် ကွန်ကရစ်တံတား ၁၀ စင်းတည်ဆောက်ခြင်း ၊ ခွင့်ပြုငွေကျပ် ၃၀ ဒသမ ၇၅ သန်းဖြင့် ရေပေးဝေရေးလုပ်ငန်း ၁၁ ခု အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊ ခွင့်ပြုငွေကျပ် ၁၆၄ ဒသမ ၆၆ သန်းဖြင့် အုတ်ရေနုတ်မြောင်း ၁၁ ခု တူးဖော်ဆောင်ရွက်ခြင်း၊ ခွင့်ပြုငွေကျပ် ၂၅ သန်းဖြင့် အခြားလုပ်ငန်းရှစ်ခုတို့ကို စီစဉ်ဆောင်ရွက်နေပါတယ်" ဟုမင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦး၀င်းနိုင်က ပြောသည်။

ရဲ၀င်းနိုင် (ညောင်ဦး)

လယ်မြေ ၄၄ ဧကအား တောင်သူများထံ လွှဲပြောင်းပေးအပ်

ကန်ကြီးထောင့် ဧနှစ်၀၊ရီ ၂၀

ဧရာ၀တီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပိန်းချောင်ကွင်း (၁၇/၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေဧက ၄၄ ဒသမ ၅၀ အား ယခင်အကျိုးတူစိုက်တောင်သူများထံ ပြန်လည် စွန့်လွှတ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦး၀င်းမြင့်က အမှာစကားပြောကြားကာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမိုးအောင်က ပုံစံ (၇) လျှောက်ထားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တစ်ဦးချင်းလုပ်ကွက်မြေပုံကြမ်းနှင့် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၃) တို့ကို အကျိုးတူစိုက်တောင်သူများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

နန်းထိုက် (KGD)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

မြစ်သား ဧနှစ်၀၊ရီ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ယနေ့နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်မားစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆောင်းစုရတီစာပေတိုက်တို့ ပူးပေါင်းပြီး စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပသည်။

ဈေးရောင်းပွဲတော်ကိုခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယ ရဲမှူးကြီးအောင်မြင့်သိန်း၊ စာပေချစ်မြတ်နိုးသူများ အဖွဲ့ဝင်စာရေးဆရာကြီး ဦးအောင်မြင့်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေ၀င်း၊ လယ်ပြကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဒေါက်တာ သင်္ဂီသန်းဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်စောလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ၀န်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက စာအုပ်ရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များအား လေ့လာကြည့်ရှုပြီး မိမိတို့ကြိုက်နှစ်သက်သည့်စာအုပ်များကို ဝယ်ယူအားပေးခဲ့သည်။

သက်မောင် (ကျောက်ဆည်)

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီ၀လုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီ၀လုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်စျေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေ၀င်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ၀င်ရောက်ပါက နာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ၀တ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(စျ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါ၀င်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန

ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကျင်းပ

ငါ့သရောက် ဧနှစ်၀၊ရီ ၂၀

ညောင်ဦးခရိုင် ငါ့သရောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆင်သားမွေးကျေးရွာအုပ်စုဖျောက်ဆိပ်ပင် အခြေခံပညာမူလတန်းကျောင်းတို့ ပူးပေါင်း၍ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကိုဧနှစ်၀၊ရီ ၂၀ ရက်က ဖျောက်ဆိပ်ပင် ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဖျောက်ဆိပ်ပင်ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းထိုက်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်၀င်း၀င်းနုက ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ မြို့ဖွံ့ဖြိုးရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ ပြသပေးရာ ကျောင်းသား ကျောင်းသူများက စိတ်၀င်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

(ပထမ)အကြိမ် ကလေးစာဖတ်သူများ၏ စာပေဆွေးနွေးပွဲ တောင်ငူ၌ ကျင်းပ

တောင်ငူ ဧနှစ်၀၊ရီ ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (ပထမ)အကြိမ် ကလေးစာဖတ်သူများ၏ စာပေဆွေးနွေးပွဲကို တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်ရှေ့ရှိ မြက်ခင်းပြင်၌ ဧနှစ်၀၊ရီ ၁၈ ရက်က ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနာယက ဒေါ်မာမာဝေ (ပါမောက္ခ-ငြိမ်း)၊ ဒေါက်တာ ဘဆွေ (တော်၀င်ဆေးရုံ) နှင့် ဦးဘချစ် (ဥဒေါင်းနည်းပြ) တို့က အမှာစကားပြောကြားကြသည်။

ကလေးစာဖတ်သူများ၏ စာပေဆွေးနွေးပွဲကို အနာဂတ်လူငယ်များ စာဖတ်စွမ်းရည်မြှင့်တင်ပေးနိုင်ရန်နှင့်လိမ္မာယဉ်ကျေး၍ အသိဉာဏ်ပညာတိုးတက်ကောင်းမွန်သော နိုင်ငံ့သားကောင်းရတနာများပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပြီး ဆရာလူထုဦးလှ၏ တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်နှင့် ဗဟုသုတရရှိစေမည့်စာအုပ်များကို စာကြည့်တိုက်အသင်း၀င် ကလေးလူငယ် ၁၅ ဦးတို့အား တစ်လကြိုတင်ဖတ်ရှုလေ့လာစေပြီး စာရေးသူ၏ ရည်ရွယ်ချက်၊ ဖတ်ရှုပြီးစာအုပ်မှရရှိသည့် သင်ခန်းစာအကျဉ်းနှင့် မိမိတို့၏ ထင်မြင်ယူဆချက်များကိုဆွေးနွေးခဲ့ကြသည်။

၀၄၈

လှိုင်သာယာမြို့နယ်၌ ကလေးများအတွက် ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဧနှစ်၀၊ရီ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်၊ တီထွင်စမ်းသပ်လိုစိတ်များဖြစ်ပေါ်လာစေရန်၊ အားလပ်ချိန်များကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ စက္ကူခေါက်၊ ပုံပြင်ပြောနှင့် ဂိမ်းကစားခြင်းပြိုင်ပွဲများကို ယမန်နေ့က မြို့နယ်လူထုအခြေပြုဗဟိုဌာန ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ ၀န်ထမ်းများက ကလေးငယ်များနှင့်အတူ ရောင်စုံစက္ကူဖြင့် ငါးအရုပ်ကလေးများပြုလုပ်ပြီး ဉာဏ်ကောင်းတဲ့ဗျင်းပုံပြင်စာအုပ်ကို ကလေးများအား ဖတ်ပြခဲ့သည်။ ထို့နောက် ကလေးများအား ပဲနို့နှင့် ကိတ်မုန့်များ ကျွေးမွေးခဲ့ပြီး ဂိမ်းကစားခြင်းပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပခဲ့ကြသည်။ ပြိုင်ပွဲတွင် စာကြည့်တိုက်သို့ လာရောက်သောကလေးများက စိတ်ပါ၀င်စားစွာ ပါ၀င်ခဲ့ကြကြောင်း သိရသည်။

မြသန္တာ၀င်း(ပြန်/ဆက်)

ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေး

လှည်းကူး ဧနှစ်၀၊ရီ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဧနှစ်၀၊ရီ ၁၈ ရက်က မအူကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ဒါးပိန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ကိုလတ်က ကျောင်းသား ကျောင်းသူလေးများအား လူကုန်ကူးခံရခြင်းကြောင့် ရရှိနိုင်သော စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ လူကုန်ကူးမှုမခံရအောင် သတိပြုရှောင်ရှားရမည့်အချက်များ၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းစေရန် သတိပြုရှောင်ရှားသင့်သည့်အချက်တို့နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မအူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ တာ၀နျရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

မန်းရွှေစက်တော်ဘုရားကြီး ခြေတော်ရာဖွင့်ပွဲ၊ ကိုးခန်းကြီးတန်ဆောင်းတော်ကြီး ဖွင့်ပွဲနှင့် အထက်စက်တော်ရာ ထီးတော်တင်ပွဲ ကျင်းပမည်



မန်းရွှေစက်တော် ဘုရားအား ဖူးမြင်ရစဉ်။

မင်းဘူး ဧနှစ်ဝါရီ ၂၀

၂၀၂၀ ပြည့်နှစ် မန်းရွှေစက်တော်ဘုရား ခြေတော်ရာဖွင့်ပွဲကို တပို့တွဲလဆန်း ၅ ရက်(ဧနှစ်ဝါရီ ၂၉ ရက်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ခြေတော်ရာဖွင့်ပွဲနှင့် အတူ ကိုးခန်းကြီးတန်ဆောင်းတော်ကြီး ဘက်စုံပြုပြင်ခြင်းဖွင့်ပွဲနှင့် အထက်စက်တော်ရာ ရွှေထီးတော်၊ ၄က်မြတ်နားတော် တင်လျှူပူဇော်ပွဲတို့ကိုလည်း တစ်နေ့တည်း ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးထံမှ သိရသည်။

"မန်းရွှေစက်တော်ဘုရားပွဲတော်ကို ဧနှစ်ဝါရီ ၂၉ ရက်နံနက်ပိုင်းမှာ ဖွင့်ပွဲကျင်းပသွားမှာဖြစ်ပါတယ်၊ အထက်စက်တော်ရာက ကိုးခန်းကြီးတန်ဆောင်းကြီး ဖွင့်ပွဲနှင့် အထက်စက်တော်ရာ ရွှေထီးတော်၊ ၄က်မြတ်နားတော် တင်လျှူပူဇော်ပွဲတို့ကိုလည်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်၊ ဖွင့်ပွဲကို သီတဂူဆရာတော် ဒေါက်တာ အရှင်ဥာဏိသာရက ဖွင့်လှစ်ပေးပြီး ညပိုင်းမှာ ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားပေးမှာဖြစ်ပါတယ်"ဟု မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။ ဖွင့်ပွဲကျင်းပမည့် ကိုးခန်းကြီးတန်ဆောင်းတော်ကြီးအား ငွေကျပ်သိန်းပေါင်း ၅၆၀၀ ခန့် အကုန်အကျခံကာ အနုစိတ်လက်ရာများဖြင့် ဘက်စုံပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခြေတော်ရာဖွင့်ပွဲ အကြိုနေ့ ဧနှစ်ဝါရီ ၂၈ ရက် ညပိုင်းတွင် နိုင်ငံကျော်တေးသံရှင် အဆိုတော်မာမာအေး၊ ရန်ပိုင်စိုး၊ ဗညားဟန်၊ စိုးစန္ဒာထွန်းနှင့် မြန်မာအိုင်ဒေါလ် ပြိုင်ပွဲဝင်များဖြစ်သည့် အက်စတာနှင့် အေးမြဖြူတို့အပါအဝင် အဆိုရှင်များကလည်း တေးဂီတများဖြင့် ဖျော်ဖြေဧည့်ခံသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဝင် ဦးမြင့်နိုင်ထံမှသိရသည်။

ယခုနှစ် ဘုရားပွဲတော်မှာ တည်းခိုခန်းခတွေ စျေးမကြီးအောင် လေလံဆွဲမယ့်လုပ်ငန်းရှင်တွေကို ကြမ်းခင်းစျေးသတ်မှတ်ချက်အတိုင်း မဲနှိုက်ပြီး ချထားပေးခဲ့ပါတယ်၊ ပွဲတော်မှာ ရာဇဝတ်မှုတွေပြဿနာတွေ မကျူးလွန်နိုင်အောင် ပွဲတော်အတွင်း အဆင့်မြင့် CCTV ကင်မရာ အလုံး ၅၀ လည်း တပ်ဆင်ထားပါတယ်၊ ပွဲတော်ကာလအတွင်းမှာ လုံခြုံရေးဝန်ထမ်း ၃၀ ကလည်း ပွဲတော်အတွင်း လှည့်လည်တာဝန်ထမ်းဆောင်ရင်း ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်အောင် အတတ်နိုင်ဆုံး တာဝန်ထမ်းဆောင်ကြမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

မန်းရွှေစက်တော် ဘုရားပွဲသည် မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများဖြင့် နှစ်စဉ်နှစ်တိုင်း အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်ကြောင်းနှင့် မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို ယခုနှစ်တွင် ဧနှစ်ဝါရီ ၂၉ ရက်မှ မတ် ၁၈ ရက်အထိ နှစ်လနီးပါး ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရား ဂေါပကအဖွဲ့မှ သိရသည်။

မေသူလွင်(မကွေး)

မြင်းခြံမြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်

မြင်းခြံ ဧနှစ်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကို ဧနှစ်ဝါရီ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းတွင်ပို့ချသော သင်ခန်းစာများကို စိတ်ပါဝင်စားစွာ သင်ကြားကြစေလိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းသို့ သင်တန်းသားများအဖြစ် မြင်းခြံမြို့နယ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုကူညီရေးအဖွဲ့အစည်းများမှ အသင်းသားများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာမွန်ဦးက ပြောကြားသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကျီခါးမြို့ ကလေးစာပေပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် ဆုရရှိသူများအား ဆုပေးပွဲကျင်းပ

ကျီခါး ဧနှစ်ဝါရီ ၂၀

ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျီခါးမြို့ ကလေးစာပေပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧနှစ်ဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် ကျီခါး အထက်ကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ပိတ်ပွဲတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ရိုးရာအကပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်(အင်္ဂလိပ်စာ)ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်(မြန်မာစာ)ပြိုင်ပွဲနှင့် အလယ်တန်းနှင့် မူလတန်းအဆင့် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်၊ ကျီခါးမြို့အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်၊ ခရိုင်ပညာရေးမှူးဒေါ်မာလာရီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပုမ်ခန့်နွမ်၊ ဟားခါးကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာလျန်ဇုပ်၊ ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျိန်ဝိုက်မန်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကလေးစာပေပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းလုပ်ကိုင်ပေးခဲ့ကြသော အလှုရှင်များအား ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က ဂုဏ်ပြုလွှာများပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

မိုးကောင်းမြို့ စည်ပင်သာယာဈေးဌ၌ မီးငြိမ်းသတ်မှု သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်

မိုးကောင်း ဧနှစ်ဝါရီ ၂၀

မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် မိုးကောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာအဖွဲ့တို့ ပူးပေါင်း၍ မီးငြိမ်းသတ်မှု သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ဧနှစ်ဝါရီ ၁၉ ရက်က မိုးကောင်းမြို့မဈေးကြီး၌ ကျင်းပခဲ့သည်။

မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုကို သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်စဉ်။

သရုပ်ပြလေ့ကျင့်မှုတွင် မိုးကောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးလဝွန်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ စည်ပင်သာယာ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်မှုကို သဏ္ဌာန်တူ လက်တွေ့ သရုပ်ပြခဲ့ကြပြီး ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် အဝတ်စိုဖြင့် ဖုံးအုပ် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့ပြသ လေ့ကျင့် ငြိမ်းသတ်စေခဲ့သလို မီးဘေးကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက သိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ မီးငြိမ်းသတ်မှု သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့် သရုပ်ပြပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှစိုး၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ ပါဝင်ခဲ့ကြသည်။

ဝင်းနိုင်(ကချင်မြေ)

တပ်ကုန်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲပြုလုပ်

တပ်ကုန်း ဧနှစ်ဝါရီ ၂၀

နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို ဧနှစ်ဝါရီ ၂၀ ရက်က အဆိုပါ ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်က ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိကျောင်းစာကြည့်တိုက်တာဝန်ခံ ဆရာ ဆရာမ ၄၃ ဦး တက်ရောက်၍ စာပေ လေ့လာဖတ်ရှုမှု တိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ စာကြည့်တိုက်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စာကြည့်တိုက်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကျော်လွှားနိုင်မည့်နည်းလမ်းများနှင့် ကလေးစာဖတ်ခန်းမများ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ခေါင်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်း ဆွေးနွေးခဲ့ကြသည်။

တင်စိုးလွင်

မိုးနဲမြို့နယ်၌ မြန်မာ့သိုင်း၊ ကာယဗလနှင့် အလေးမ လေ့ကျင့်ရေးရုံ တည်ဆောက်မည်

မိုးနဲ ဧနှစ်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် သန်း ၃၀ ဖြင့် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ တစ်ထပ်(Steel Structure) အဆောက်အအုံကို မြို့နယ်ပြည်သူ့အားကစားကွင်းဝင်းအတွင်း၌ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အဆောက်အအုံကို မြန်မာ့သိုင်း၊ ကာယဗလနှင့် အလေးမ လေ့ကျင့်ရေးရုံအဖြစ် အသုံးပြုသွားမည်ဖြစ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေသည့် အခြေအနေများကို မြို့နယ်အရည်အသွေး စစ်ဆေးရေးကော်မတီ အတွင်းရေးမှူး ဦးကျော်မျိုးထက်နှင့် အဖွဲ့ဝင်များက ဧနှစ်ဝါရီ ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

ပုဂံမြို့ လောကနန္ဒာဘုရားအနီးမှ ပုဂံရောက်အမှတ်တရအဖြစ် ဘုရားဆင်းတုတော်များကို ပြည်တွင်းဘုရားဖူးများ ဝယ်ယူမှုများပြားနေ

ပုဂံ ဧန်နဝါရီ ၂၀

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ပြည်တွင်းဘုရားဖူးဧည့်သည်များသည် ပုဂံဒေသ အမှတ်တရအဖြစ် ပုဂံမြို့ လောကနန္ဒာဘုရားအနီး၌ ဈေးသည်များရောင်းချနေသည့် ဆင်းတုတော်များကို အကြိုက်တွေ့ကာ ဝယ်ယူအားပေးမှုများနေကြောင်း ဈေးသည်များထံမှ သိရသည်။

"ခရီးသွားရာသီချိန်ဖြစ်လို့ ခုရက်ပိုင်း ပုဂံရောက်အမှတ်တရ ဘုရားဆင်းတုတော်တွေ ရောင်းရပြီး လုပ်ငန်းအဆင်ပြေပါတယ်။ ဒီကိုလာတဲ့ ပြည်တွင်း ဘုရားဖူးဧည့်သည်တွေဟာ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတွေကို အများဆုံး သွားရောက် ဖူးမြော်ကြတာများပြီး ဘုရားဖူးပြီးရင် အိမ်အပြန်လက်ဆောင်အဖြစ် ပုဂံ အမှတ်တရ ဘုရားဆင်းတုတော်တွေကို ဝယ်ယူကြပါတယ်။ ဘုရားဆင်းတုတော်တွေကို လောကနန္ဒာဘုရားအပြင် သမိုင်းဝင် တန်ခိုးကြီးဘုရားတွေမှာလည်း ရောင်းပါတယ်။ ပုဂံရောက် အမှတ်တရ ဆင်းတုတော်တစ်ဆူကို အနည်းဆုံး ငွေကျပ် ၅၀၀ ကနေ အများဆုံးငွေကျပ် ၁ သိန်းတန်အထိ ရောင်းချပါတယ်။ ပြီးခဲ့တဲ့လကဆိုရင် ဘုရားဖူးဧည့်သည်တစ်ဦးကို ၁ သိန်းတန် ဘုရားဆင်းတုတော်တစ်ဆူ ရောင်းချလိုက်ရသေးတယ်။ အများဆုံးရောင်းချရတဲ့ ဘုရားဆင်းတုတော်တွေကတော့ အလိုတော်ပြည့် ဘုရားဆင်းတုတော်ဖြစ်ပြီး အနည်းဆုံးငွေကျပ် ၂၀၀၀ ကနေ အများဆုံးငွေကျပ် ခြောက်သိန်းတန်အထိ ရှိပါတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

လောကနန္ဒာစေတီတော်အနီးမှ ဘုရားဆင်းတုတော်များရောင်းချသည့် ဆိုင်တစ်ဆိုင်

ပုဂံရောက်အမှတ်တရ လက်ဆောင်ပစ္စည်း ရောင်းချသူများအနေဖြင့် ဘုရားဖူး ခရီးသွားဧည့်သည်များကို အမှီပြုပြီး ဈေးရောင်းရခြင်းဖြစ်၍ ဘုရားဖူးဧည့်သည်များ အလာများသည့် နှစ်သစ်ကူးရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်နှင့် နေ့ထူးနေ့မြတ် အခါကြီးရက်ကြီးများတွင် ပို၍ ဈေးရောင်းကောင်းပြီး အခြား ပုဂံရောက် အမှတ်တရ လက်ဆောင်ပစ္စည်းများထက် ပုဂံရောက်အမှတ်တရ ဘုရားဆင်းတုတော်များကို ပို၍ ရောင်းချနေကြရကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ကျေးရွာ အလကကျောင်းကို အထကအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

စလင်း ဧန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သနပ်ကုန်းကျေးရွာအုပ်စု သနပ်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဧန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးတာ၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီးလွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးကံဦး၊ အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ခရိုင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က အမှာစကားပြောကြားပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံများကို ကျောင်းတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ အဆိုပါအထက်တန်းကျောင်းတွင် ဆရာ ဆရာမ ၂၀ က ကျောင်းသား ကျောင်းသူ ၄၉၅ ဦးအား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မောင်လွင်(ပြန်/ဆက်)

ရှမ်းရိုးရာစာပေကို မြှင့်တင်သောအားဖြင့် နမ့်ခမ်းမြို့၌ ရှမ်းရိုးရာပုရပိုက် စာတမ်းဖတ်ပွဲကျင်းပ

နမ့်ခမ်း ဧန်နဝါရီ ၂၀

စာဆိုတော်နေ့အကြို အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ရှမ်းရိုးရာပုရပိုက်စာပေများကို ထိန်းသိမ်းမြှင့်တင်သောအားဖြင့်လည်းကောင်း ပထမအကြိမ် ရှမ်းရိုးရာပုရပိုက် စာတမ်းဖတ်ပွဲကို ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ ဇေယျသုခကျောင်းတိုက်၌ ဧန်နဝါရီ ၁၉ ရက်က ကျင်းပခဲ့သည်။

ရှမ်းရိုးရာပုရပိုက် စာတမ်းဖတ်ကြားခဲ့ကြသည့် ရှမ်းစာပေပညာရှင်များ

အခမ်းအနားတွင် မန့်ဟောင်းကျောင်းတိုက်ဆရာတော် ဦးဥတ္တမသာရက ရှေးဟောင်းပုရပိုက်ကို ပင့်ဆောင်ကာ ဖယောင်းတိုင်ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဇေယျသုခကျောင်းတိုက်ဆရာတော် ဒေါက်တာ အရှင် ဝိနယာစာရ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) က ဩဝါဒချီးမြှင့်သည်။ ယင်းနောက် ပန်းဒကာ (ဘိသိက်ဆရာ)အဖွဲ့ ဥက္ကဋ္ဌ စိုင်းမောဝ်ခမ်းက ဂုဏ်ပြုထောမနာပြောကြားပြီး ပန်းဒကာခုနစ်ဦးစီ ပါဝင်သော အဖွဲ့ လေးဖွဲ့ခွဲ၍ နံနက်ပိုင်း နှစ်ဖွဲ့၊ ညနေပိုင်း နှစ်ဖွဲ့ဖြင့် ဇာတ်တော်များ၊ ဗုဒ္ဓတရားတော်များ၊ ဝိပဿနာများ၊ ဝေါဟာရများ၊ လက်ီဘဖွဲ့နည်းနှင့် သမိုင်းကြောင်းများကို ရေးဖွဲ့ပြုစုထားသော ရှမ်းစာပေပုရပိုက်စာတမ်းကို အလှည့်ကျ ရွတ်ဖတ်ခဲ့ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် ဒေါက်တာ အရှင်ဝိဇယာ ဘိပါလနှင့် သံဃာတော်များ၊ နမ့်ခမ်းမြို့နယ် ဩဝါဒါစရိယဆရာတော်များ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် သံဃာတော်များ ၊ရှမ်းစာပေယဉ်ကျေးမှု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းရိုးရာ စာပေပုရပိုက် ရေးသားပြုစုကြသည့် ရှမ်းစာပေနှင့် ပညာရှင်များ၊ ပန်းဒကာ (ဘိသိက်ဆရာ)များနှင့် ရပ်ကွက်/ကျေးရွာများမှ ရပ်မိရပ်ဖများ စုစုပေါင်း ၅၀၀ ကျော်တက်ရောက်ခဲ့သည်။

ဉာဏ်မင်း(နမ့်ခမ်း)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြော

ဂန့်ဂေါ ဧန်နဝါရီ ၂၀

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ အထကကျောင်း၌ ဧန်နဝါရီ ၁၉ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေရွှေလွင်က အမှာစကားပြောကြားပြီး မင်းရွာ ရဲကင်းစခန်းမှူး ရဲအုပ်မင်းမင်းကျော်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောသည်။

အလားတူ တိုက်တာသန်းကျေးရွာ မူလတန်းကျောင်း၌လည်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်မျိုးလွင်က အမှာစကားပြောကြားကာ တောင်ခင်ရန်းရဲကင်းစခန်းမှူး ဒုရဲအုပ် ကျော်မင်းထွန်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲများသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

(၁၄၄)

ညောင်ဦးမြို့နယ်မှ ကျေးလက်မြစ်ရေတင်လုပ်ငန်းများနှင့် ရေစက်ရုံများကို ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဧန်နဝါရီ ၂၀

ညောင်ဦးမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးနေသည့် ကျေးလက်မြစ်ရေတင်လုပ်ငန်းများနှင့် ရေစက်ရုံများကို မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုးသန်းနှင့် တာဝန်ရှိသူများက ဧန်နဝါရီ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ရေစက်ရုံများကို တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးနေစဉ်။

တိုင်းဒေသကြီး ဦးစီးမှူးသည် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ငွေနှင့် မြို့နယ်ဦးစီးမှူး ဦးတေဇာထွန်းတို့နှင့်အတူ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး ရေစက်ရုံ ကျေးလက်မြစ်ရေတင် ရေပေးဝေရေးလုပ်ငန်းမှ မြို့နယ်အတွင်း ဒေသခံပြည်သူများအတွက် ရေဖြန့်ဝေပေးနေမှု အခြေအနေများနှင့် ၄က်ပစ်တောင် ရေစက်ရုံရှိ ရေမော်တာပန့်များ ကြိုခိုင်ကောင်းမွန်မှု ရှိ/မရှိကို လည်းကောင်း၊ ရေစုကန်မှ သန့်ရှင်းသော သောက်သုံးရေများကို ကျေးရွာများသို့ ဖြန့်ဝေပေးနေမှု အခြေအနေများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အတွက် လည်းကောင်း၊ ပွင့်လင်းရာသီအချိန်ဖြစ်၍ မီးဘေးအန္တရာယ်ကို အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာ ကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ညောင်ဦးမြို့နယ် အပူပိုင်းဒေသ ကျေးလက်ရေရှိရေးစီမံကိန်း(JICA) ရုံး၌ သင်တန်းသား အိပ်ဆောင် အဆောက်အအုံ ဆောက်လုပ်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ဆောက်လုပ်ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်

မင်းတပ် ဧန်နဝါရီ ၂၀

မင်းတပ်မြို့၌ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်၍ အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှု အရည်အသွေးမြင့်မားရေးသင်တန်းကို ဟိုတယ်မင်းတပ်ခန်းမ၌ ဧန်နဝါရီ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ချင်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးအောင်ဖြိုးက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် အမှာစကား ပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါ သင်တန်းကို ဧန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ မင်းတပ်မြို့ပေါ်ရှိ ဟိုတယ်နှင့် ဧည့်ရိပ်သာများ၊ မြို့ပေါ်နှင့် ကျေးရွာများရှိ စားသောက် ဆိုင်များမှ သင်တန်းသား ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

ခရာစေ့တွင်းကျ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ရန်ကုန်မှ မော်တော်ကားဖြင့် လာပါက ပဲခူးမြို့ထဲအဝင် မီးရထားခုံးတံတားကြီးကိုကျော်ပြီးသည်နှင့် ညာဘက်တွင် ရပ်ကွက်ကြီးတစ်ခုတွေ့နိုင်ပါသည်။ ထိုရပ်ကွက်ကို ဓိုင်းဂနိုင်းတောင်ပိုင်းဟုခေါ်၍ မီးရထားဘူတာရုံရှိရာဘက်ကိုဓိုင်းဂနိုင်းမြောက်ပိုင်းဟု ခေါ်ပါသည်။ ဓိုင်းဂနိုင်း တောင်ပိုင်းရပ်ကွက်သည် စာရေးသူ မွေးဖွားရာ ဇာတိဖြစ်ပါသည်။ ထိုရပ်ကွက်တွင် ထူးခြားချက်တချို့ ရှိပါသည်။ မြန်မာ့ဘောလုံးလောက ထွန်းပေါက်စဉ်က ပဲခူးတိုင်းဒေသကြီး လက်ရွေးစင်၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ခဲ့သည့် ရပ်ကွက်တစ်ခုဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တက္ကသိုလ်လက်ရွေးစင်ဘောလုံးသမား ဦးကျော်ဖေ၊ ပဲခူးတိုင်းဒေသကြီးနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမား ဦးတင်စိန်နှင့် ဦးစံအေး၊ ပဲခူးတိုင်းဒေသကြီးလက်ရွေးစင်ဘောလုံးသမား ဦးဝင်းမြင့် စသူတို့သည် ထိုရပ်ကွက်သားများ ဖြစ်ကြပါသည်။

အထက(၃)ကျောင်းထွက်များဖြစ်ကြ

လွန်ခဲ့သော နှစ် ၄၀ ခန့်က မောင်ဗမာ မောင်ဝင်း ဆိုသူသည်လည်း အလားတူဖြစ်ရာ ၁၉၆၀ ပြည့်နှစ်ကျော်ကာလတစ်ခုက အဆိုပါပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲလုပ်ခဲ့သည်ကို အမှတ်ရမိပါသည်။ ရပ်ကွက်အတွင်းရှိ ဆေးပေါ့လိပ်ခုံပိုင်ရှင်တစ်ဦးက နာမည်ကျော် ရေဒီယိုတေးသံရှင်များကို ဖိတ်ခေါ်ကာ ခမ်းနားစွာ ဂုဏ်ပြုပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ တစ်ဖန်နိုင်ငံကျော် စာရေးဆရာမကြီးဒေါ်မြတ်လေး၊ စာရေးဆရာကြီးဒေါက်တာကျော်စိန်တို့သည်လည်း အဆိုပါ ရပ်ကွက်သူ ရပ်ကွက်သားများဖြစ်ကြပါသည်။ ဆရာကြီးဒေါက်တာကျော်စိန်နှင့် စာရေးသူတို့မှာ တစ်လမ်းတည်းနေကြသူများဖြစ်ကြပြီး ဆရာကြီးက စာရေးသူထက် အသက်ကြီးပါသည်။ ဆရာကြီးသည် ပညာရေးဝန်ကြီးဖြစ်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။၂၀၀၆ ခုနှစ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းတွင် ကျင်းပစဉ်က ဆရာကြီး ဒေါက်တာကျော်စိန်နှင့် တွေ့ဆုံစကားပြောခွင့်ရခဲ့ ပါသည်။ ထိုစဉ်ကစာရေးဆရာနှင့် သတင်းစာဆရာကြီး မောင်ဝံသနှင့်ပါ စကားလက်ဆုံ ကျခဲ့ပါသည်။ ဆရာမောင်ဝံသသည်လည်း စာရေးသူနှင့်အတူ ပဲခူးအထက(၃)ကျောင်းထွက်များ ဖြစ်ကြပါသည်။

ပဲခူးအထက(၃)ကို ယခင်က အမျိုးသားတန်းမြင့်ကျောင်းဟု ခေါ်ပါသည်။ ၁၉၂၀ ပြည့်နှစ်ကျောင်းသားသပိတ်ကြီးမှ ပေါ်ထွက်လာခဲ့သည့် ကျောင်းကြီး ဖြစ်ပါသည်။ စာရေးသူခြောက်တန်းကျောင်းသားဘဝ ၁၉၆၅ ခုနှစ်လောက်က တော်လှန်ရေးကောင်စီအစိုးရက ပြည်သူ့ပိုင်သိမ်းခဲ့သည်ကို အမှတ်ရ မိပါသည်။ ဆရာမောင်ဝံသသည် စာရေးသူထက် အသက်အတော်ကြီးသူ ဖြစ်ပါသည်။ ဆရာက ပဲခူးလိပ်ပြာကန်ရပ်ကွက်မှာနေသည်ဟု ကြားဖူးပါ သည်။ ဆရာ ဒေါက်တာ ကျော်စိန်၊ ဆရာမောင်ဝံသနှင့် စာရေးသူတို့ စကားလက်ဆုံကျနေခဲ့ကြသည်ကို အမှတ်တရဖြစ်ခဲ့ပါသည်။

မြန်မာမှု လက်ရာတစ်ခု

ဆရာတို့က ပဲခူးနှင့် စာရေးဆရာများ အကြောင်းပြောကြရင်း ထိုစဉ်ကဥသာ ဆရာအိုဟူ၍ မြန်မာမှုများကိုအထူးအလေးပေး စာရေးသားနေသည့် ဆရာကြီးတစ်ဦးသည်လည်း အဆိုပါဓိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်တွင် ရှိနေသေးကြောင်း ပြောပြကြပါသည်။ ဆရာကြီး၏ အမည်မှာ ဦးအောင်ဥာဏ် ဖြစ်ပြီး အထက်တန်းပြ မြန်မာစာဆရာကြီးတစ်ဦးဖြစ်သည်ဟု သိရပါသည်။ ထိုစဉ်က ဆရာကြီး၏စာများကို မကြာခဏဖတ်မှတ်ခဲ့ဖူးပါသည်။ မိမိတို့ ရပ်ကွက်မှဖြစ်သည်ဟု သိရသဖြင့် ပိုမိုဝမ်းမြောက်ဂုဏ်ယူမိပါသည်။ စာရေးသူမှတ်သားစုဆောင်းထားခဲ့သော စာများတွင် ဆရာကြီး၏ဆောင်းပါးအချို့ ရှိခဲ့ပါသည်။ ယင်းတို့ကို လှန်လှောဖတ်ရှုရင်း စိတ်ဝင်စားဖွယ်ဆောင်းပါးတစ်ပုဒ်ကို တွေ့ရပါသည်။ “ ခရာစေ့တွင်းကျ”ဟု ခေါင်းစဉ်တပ်ရေးသားထားပါသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလ၊ မြန်မာတိုင်း(မဲ)ဂျာနယ်တွင် ဆရာကြီးရေးသားခဲ့ခြင်းဖြစ်သည်။ ယခုအခါဆရာကြီးလည်း ရှိနိုင်မည်မထင်တော့ပါ။ သို့သော် ဖတ်မှတ်စရာကောင်းသည့် ပဲခူးသားစာရေးဆရာကြီး၊ ကျောင်းဆရာကြီးတစ်ဦး ၏ မြန်မာမှုလက်ရာတစ်ခုကို စာရှုသူတို့ လေ့လာနိုင်စေရန်၊ “ ခရေစေ့တွင်းကျ”နှင့် “ ခရာစေ့တွင်းကျ” တို့ ကွာခြားပုံကိုပါ သိရှိနိုင်ရန် ဖော်ပြလိုပါသည်။ အချိန်အခါ တို့နှင့် ပတ်သက်၍လည်း လိုရင်းကို ဖော်ပြထားပါသည်။ ရှေးမြန်မာတို့၏ အချိန်သတ်မှတ်ပုံမှ အစပြုရေးသားထားသည်ကို ဤသို့ တွေ့ရပါသည်။

ရှေးကမြန်မာ့အချိန်များခေါ်ဝေါ်သတ်မှတ်ပုံကိုအောက်ပါအတိုင်းတွေ့ရပါသည်။

မျက်တောင်	(၁၀)	ခတ်	= (၁)နရ
	(၄)	နရ	= (၁)ခဏ
	(၁၂)	ခဏ	= (၁)ခရာ
	(၁၀)	ခရာ	= (၁)ပြန်
	(၆)	ပြန်	= (၁)ဗီဇနာ
	(၁၆)	ဗီဇနာ	= (၁)ပါဒ်
	(၄)	ပါဒ်	= (၁)နာရီ
	(၆၀)	နာရီ	= (၁)ရက်

မြန်မာတစ်နာရီသည် ယခုခေတ်စက်နာရီ ၂၄ မိနစ်နှင့် တူညီသည်ဟု ဆိုပါသည်။ တစ်နေ့လျှင် ပဟိုရ်စည် ရှစ်ကြိမ်တီးသဖြင့် တစ်ပဟိုရ်နှင့် တစ် ပဟိုရ်အကြား၊ မြန်မာနာရီ ၇ နာရီနှင့် ၂ ပါဒ်ခြားသည်။ နေ့လေးပဟိုရ်၊ ညလေးပဟိုရ် ဖြစ်သည်။ နံနက်နေထွက်ချိန် မန္တလေးရွှေမြို့တော် ပဟိုရ်စင်ပေါ်မှ စည်သံ ၄၄ ချက်ကြားရလျှင် ညအချိန်ကုန်ဆုံးပြီဟု သိနိုင်ကြသည်။ စက်နာရီ နံနက် ၉ နာရီတွင် ၁၁ ချက်တီးသည်။ နံနက် ၁ ချက်တီးရှိပြီဟုခေါ်ကြသည်။ မွန်းတည့်လျှင်၂၂ ချက်တီးရာ ယင်းကို နေ့ ၂ ချက်တီးဟုခေါ်သည်။ ညနေ စက်နာရီ ၃ နာရီတွင် ၃၃ ချက်တီးရာ မွန်းလွဲ ၃ ချက်တီးဟုခေါ်ကြသည်။ နေဝင်ချိန်တွင် ၄၄ ချက်တီးပြန်ရာ နေ့အချိန်ကုန်ဆုံးပြီဟုသိကြသည်။ ညအခါရောက်သော် ၁၁ ချက်၊၂၂ ချက်၊ ၃၃ ချက် စသည်ဖြင့် အစဉ်လိုက်တီးကာ နေထွက်ချိန်ရောက်သော် ၄၄ ချက်တီးပါသည်။ ယင်းတို့သည် ရှေးမြန်မာ့အချိန်နာရီသတ်မှတ်ပုံအဖြစ် မှတ်သားရပါသည်။

“စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊
မှန်ရွှေပြတင်းရယ်က၊ မယ်ခုမျှော်၊
သုံးချက်စည်တော်၊ ရိုက်ဆော်ညှင်းတယ်လေ၊

လင်းလုပ္ပေါ်နော်” ဟူသည့် လှိုင်ထိပ်ခေါင်တင်ထိပ်ထား၏ ဘောလယ်တွင်ပါရှိသော “ သုံးချက်စည်တော်” သည် ၃၃ ချက်တီးသော၊ ည ၃ ချက်တီး အချိန်ဖြစ်သည်ဟု သိရသည်။ အဆိုပါ ပဟိုရ်စည်သံသည် နေပြည်တော်လေးပြင်လေးရပ်လောက်သာကြားနိုင်သဖြင့် တောရွာများတွင် ကြက်တွန်သံကိုပင် ပဟိုရ်စည်သံကဲ့သို့ သဘောထားရကြောင်းကို-

“ ရွှေပဟိုရ်စည်သံများကိုလ မကြားရကြာချေပြီ၊
လေးလရာသီ၊ တိုင်းဌာနီမဟုတ်ကယ်ပါပြီမို့
ကြက်တွန်သံ ပဟိုရ်ပြုရတယ်၊ တောသူရွာမို့” ဆိုသည့်အတိုင်း ကြက်တွန်သံ နာခံပြီး သူငယ်တိတ်ဆိတ်၊ သက်ကြီးခေါင်းချ၊ သန်းခေါင်ကြက်၊ ကြက်ဦးတွန်၊ အရုဏ်တက်၊ လင်းကြက် စသည်ဖြင့် သတ်မှတ်သုံးစွဲခဲ့ကြကြောင်း သိရပါသည်။

အခါအကြောင်းဆက်ရေး

အိမ်တစ်အိမ်တွင် သားအဖနှစ်ယောက် ညဘက်အိပ်နေကြရာ ဖခင်ကကြက်တွန်သံကြားသဖြင့် ဘာကြက်လဲဟုမေးရာ သားက စစ်တကောင်းကြီးဟုဖြေလေသည်။ ဖခင်က အချိန်ကိုမေးတာဟု ဆိုလေရာ သားက တစ်ပိသာကျော်မှာပေါ့ဟု ဖြေပြန်သဖြင့် ဖခင်ဖြစ်သူ ဦးနောက်ခြောက်သွားကာ ဆက်မမေးတော့ဟုလည်း ရေးသားထားပါသည်။ အချိန်အကြောင်း ထိုမျှသာ ဖြစ်ပြီး အခါအကြောင်း ဆက်ရေးပါသည်။ အချိန်ပြီး အခါဖြစ်ပါသည်။

စာဆိုကြီးစလေဦးပုညသည် မင်းတုန်းမင်းကြီး လက်ထက်တော်အခါက “ မင်းလှသခ်ီယာ”အမည်ရဘွဲ့ဖြင့် ရွာစည် ရွာကိုအပိုင်စားရသည့် စာဆိုတော်လည်းဖြစ်၊ မင်းမှုထမ်းစာဆိုလည်း ဖြစ်သည်။ မြင်းကွန်းနှင့် မြင်းခုန်တိုင် မင်းသားတို့ ပုန်ကန်ရာတွင် အခါပေးမိသဖြင့် ရာဇဝတ်သင့်ကာ မြို့ဝန်ဦးသာအိုထံတွင် အကျယ်ချုပ်နှင့် နေခဲ့ရသည်။

ဦးပုညပေးခဲ့သောအခါပေးပုံမှာ-သာနွေမွန်းတိ၊ တနင်္ဂနွေနှင့် သောကြာနေ့များ၌ နေမွန်းတည့် အခါကောင်း။

ငါ-ရှင်သုံးချက်တီး။ တနလင်္ဟာနှင့် ဗုဒ္ဓဟူး ညနေပိုင်း (ရာဟု)ညနေ သုံးချက်တီး အခါကောင်း။

ဆွေ-ပြည်တက်တုံးခါ၊ အင်္ဂါနှင့် ကြာသပတေး နေတက်ချိန် နံနက်ကာလအခါကောင်း။

နံ-လာ-နေထွက်ဝင်။ စနေနှင့် ဗုဒ္ဓဟူးနေ့များ နေထွက် တစ်ခါ၊ နေဝင် တစ်ခါ၊ အခါကောင်း စသည်ဖြင့် ဖြစ်သည်။

အကျယ်ချုပ်နေရစဉ် ဦးသာအိုက ဦးပုညကို သူ့မယားငယ်များနှင့် သင်္ကာမကင်း၊ သမုတ်ကာ သတ်ပစ်လိုက်သည်ဟု သိရသည်။ မင်းတုန်းမင်းကြီးသိတော်မူရာ “ လူကိုခွေးသတ်တယ်” ဟူသောစကားဖြင့် စာဆိုကြီး ဦးပုညဏ်၏ ဘဝဇာတ်လမ်းဇာတ်သိမ်းသွားရရှာပါသည်။

အချိန်နှင့် အခါအကြောင်း လေ့လာပြီးလျှင် “ ခရာ” ဆိုသည်ကိုလည်း လေ့လာရန် ရှိပါသေးသည်။ “ ခရာ” ဆိုသည့် အချိန်သည် ခဏအားဖြင့် ၁၂ ခဏ၊ နရအားဖြင့် ၄၈ နရ၊ မျက်တောင်ခတ်အားဖြင့် ၄၈၀ ရှိသည်။ မျက်တောင် တစ်ခတ်အချိန်သည် အလွန်တိုတောင်းလှသဖြင့် မျက်တောင် ၁၀ ခတ္တရနှင့် မျက်တောင်အကြိမ် ၄၀ ခတ် ခဏတို့ကို ယူကြည့်ရာ ယင်းကလည်း အလုပ်မဖြစ်။ လုပ်ငန်းတစ်ခုကိုပြီးစီးနိုင်ဖို့ လုံလောက်သော အချိန်ရစေရန် အခါပေးပုဂ္ဂိုလ်များက ခရာအထိလောက်သာ သတ်မှတ် တွက်ချက်ကာ အချိန်ပေးလေ့ရှိကြသည်။ ခရာနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပါသည်။

အခါပါအချိန်အတိုင်း တိတိကျကျစိုက်

ရှေးအခါက ဘုရင်တစ်ပါးသည် နန်းတော်တည်ဆောက်ရာတွင် အရေးပါသော နန်းတော်ဦးရှုတိုင် တည်ဆောက်ရန်အတွက် ဗေဒင်ပညာရှိများထံ အခါတောင်းလေသည်။ ပညာရှိများကတွက်ချက်၍ ဘယ်လ၊ ဘယ်ရက်၊ ဘယ်နာရီ၊ ဘယ်ပါဒ်၊ ဘယ်ဗီဇနာ၊ ဘယ်ပြန်၊ ဘယ်ခရာ စသည်တို့သည် အခါ တော်ပါ ဘုရားဟု အခါပေး လျှောက်တင်ကြသည်။ ဗေဒင်ပညာရှိများက မိမိတို့ပေးထားသော အခါပါ အချိန်အတိုင်း တိတိကျကျ ဦးရှုတိုင်ကိုစိုက်မိပါက ကျွန်းတိုင်ကြီးသည် ရွှေတိုင်ကြီးဖြစ်သွားပါလိမ့်မည်ဘုရားဟုလည်း ရဲရဲအာမခံလျှောက်တင်ကြ၏။ ဘုရင်ကြီးလည်း ဗိသုကာပညာရှင် အကျော် အမော်များနှင့် အခါတော်ပေးနှင့်အညီ ရှုတိုင်ကို အသင့်တူးထားသော ကျင်းထဲသို့ ခရာ အချိန်စေ့သည်နှင့် ချနိုင်အောင် စီမံလေသည်။ အချိန်စေ့သည်နှင့် ရွှေနန်းတော်မှ ပဟိုရ်စည်တီးစေပါသည်။ စည်သံကြားသည်နှင့် ရှုတိုင်ကိုချီမတ်ကြရာ မျက်စိတစ်မှိတ်အတွင်း မပြီးစီးနိုင်ဘဲ အချိန်အနည်းငယ်နောက်ကျပြီးမှ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့သည်။ ကျွန်းတိုင်ကြီးကား ရွှေတိုင်ကြီး ဖြစ်မလာခဲ့ပါ။ သို့နှင့် တစ်နှစ်ခန့်ကြာသောအခါ ကျေးတောသားတစ်ဦးသည် ရွှေဌက်ပျောခိုင်တစ်ခိုင်ကို ထမ်းလျက် ဘုရင့်ရှေ့တော်မှောက် ခစားလေသည်။

ဘုရင်- အဘယ်အရေးကြောင့် ရှေ့တော်မှောက်ရောက်လာပါသလဲ မောင်မင်း။

ကျေးတောသား- မှန်လှပါ၊ ကျွန်တော်မျိုးခြံမှ ထူးခြားမွန်မြတ်လှစွာသော ရွှေဌက်ပျောခိုင်ကြီးသီးလာ၍ အရှင်မင်းမြတ်အား ဆက်သရန် လာရောက်ကြောင်းပါ ဘုရား။

ဘုရင်- ထူးခြားပေစွ၊ အနို့သည်လို ရွှေဌက်ပျောခိုင်ကြီး သီးလာအောင် မည်သို့ မည်ပုံစိုက်ရသည်ကို လျှောက်တင်ပါဦး။

ကျေးတောသား- မိရိုးဖလာပါပဲဘုရား။

ဘုရင်- မိရိုးဖလာစိုက်လျက်နဲ့ဘာလို့ဒီလိုရွှေဌက်ပျောခိုင်သီးရတာလဲ မောင်မင်း။

ကျေးတောသား- မိရိုးဖလာ စိုက်သော်လည်း ထူးခြားချက်တစ်ခုတော့ ကြုံခဲ့ရပါသည်ဘုရား။ သည်ဌက်ပျောပင်စိုက်သည့် နေ့က ဌက်ပျောခေါင်း မြေကျင်းထဲသို့ ထည့်လျှင် ထည့်ချင်း၊ ရွှေနန်းတော်ကြီးမှ ပဟိုရ်စည်တီးသံကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရပါသည်။ ဘယ်လ၊ ဘယ်ရက်၊ ဘယ်အချိန်ကပါဘုရား။

ဘုရင်- (ပေါင်ကိုပုတ်လျက်) ဟုတ်ပြီ၊ ဟုတ်ပြီ မင်းကြီးများ အဖြေ ပေးကြစမ်းဗျား။

အမတ်ကြီးများ- ဌက်ပျောခေါင်းမြေကြီးနှင့် ထိသောအချိန်သည် ပဟိုရ်စည်သံကြားရချိန်နှင့် တစ်ထပ်တည်းဖြစ်ရာ “ ခရာစေ့တွင်းကျ” ဖြစ်သောကြောင့် ရွှေဌက်ပျောခိုင်ကြီး သီးရခြင်းဖြစ်ကြောင်းပါဘုရား။

ထိုအခါမှစ၍ “ခရာစေ့တွင်းကျ” ဟူသော ဝေါဟာရသည်မြန်မာမှုနယ်ပယ်၌ တွင်ကျယ်လာပြီး ယခုအခါအချို့က “ခရေစေ့တွင်းကျ”ဟု သုံးနေကြပါသည် စသည်ဖြင့်ရေးသားထားသည်ကို မှတ်သားဖွယ် တွေ့ရပါသည်။ “ ခရေစေ့တွင်းကျ” မဟုတ်၊ “ ခရာစေ့တွင်းကျပါလား ”ဟူ၍ မှတ်သားမိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

“ မြန်မာတစ်နာရီသည် ယခုခေတ်စက်နာရီ ၂၄ မိနစ်နှင့် တူညီသည်ဟု ဆိုပါသည်။ တစ်နေ့လျှင် ပဟိုရ်စည်ရှစ်ကြိမ် တီးသဖြင့် တစ်ပဟိုရ်နှင့် တစ် ပဟိုရ်အကြား၊ မြန်မာနာရီ ၇ နာရီနှင့် ၂ ပါဒ်ခြားသည်။ နေ့လေးပဟိုရ်၊ ညလေးပဟိုရ် ဖြစ်သည်။ နံနက်နေထွက်ချိန် မန္တလေးရွှေမြို့တော် ပဟိုရ်စင်ပေါ်မှ စည်သံ ၄၄ ချက်ကြားရလျှင် ညအချိန်ကုန်ဆုံးပြီဟု သိနိုင်ကြသည်။ စက်နာရီ နံနက် ၉ နာရီတွင် ၁၁ ချက်တီးသည်။ နံနက် ၁ ချက်တီးရှိပြီဟုခေါ်ကြသည်။ မွန်းတည့်လျှင်၂၂ ချက်တီးရာ ယင်းကို နေ့ ၂ ချက်တီးဟုခေါ်သည်။ ညနေ စက်နာရီ ၃ နာရီတွင် ၃၃ ချက်တီးရာ မွန်းလွဲ ၃ ချက်တီးဟုခေါ်ကြသည်။ နေဝင်ချိန်တွင် ၄၄ ချက်တီးပြန်ရာ နေ့အချိန်ကုန်ဆုံးပြီဟုသိကြသည်။ ညအခါရောက်သော် ၁၁ ချက်၊၂၂ ချက်၊ ၃၃ ချက် စသည်ဖြင့် အစဉ်လိုက်တီးကာ နေထွက်ချိန်ရောက်သော် ၄၄ ချက်တီးပါသည်။ ယင်းတို့သည် ရှေးမြန်မာ့အချိန်နာရီ သတ်မှတ်ပုံအဖြစ် မှတ်သားရပါသည်”

ဒလမြို့နှင့် ကော့မှူးမြို့နယ်ကို ဆက်သွယ်သည့် သခွပ်မြစ်ကူးတံတား တည်ဆောက်လျက်ရှိ

ဒလ ဧနှစ်၀၊ရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ကို ဆက်သွယ်သည့် သခွပ်မြစ်ကူး တံတားအသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁၁) က ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှစတင်၍ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါတံတားသည် ဒလ - သခွပ် - လက်ခုပ်ကုန်း - ကညင်ကုန်း လမ်းကြောင်းပေါ်ရှိ ကော့မှူးမြို့နယ်ကို အဓိကဆက်သွယ်ရာ တံတားဖြစ်ကြောင်း သိရသည်။

လူသွားလမ်းပါရှိ

တံတားအမျိုးအစားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်အမျိုးအစား ဖြစ်ပြီး တံတားအရှည်မှာ ၁၅၀ ဒသမ ၈၆ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၂ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၂၉ ဒသမ ၂၆ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၁ မီတာ ရှိသည်။ တံတားပေါ်တွင် ၁ ဒသမ ၀၆ မီတာအကျယ်ရှိ လူသွားလမ်းတစ်ဖက်စီလည်း ပါရှိမည် ဖြစ်သည်။

သခွပ်မြစ်ကူးတံတား တည်ဆောက်ရာတွင် ဘေးအန္တရာယ်များ ကင်းဝေးစေရန် ရည်ရွယ်လျက် ယခုလ ၁၉ ရက်က ဆရာတော်သံဃာတော်ကြီးများအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြောင်းလည်း သိရသည်။ သခွပ်မြစ်ကူးတံတားအသစ်ကို ယခင်တံတားဟောင်းအနီးတွင် ဆောက်လုပ်လျက်ရှိသည်။ (ဝဲပုံ)

သခွပ်မြစ်ကူးတံတားအသစ်ကို နိုင်ငံတော်မှ တည်ဆောက်ပေးသည့် အတွက် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိနေကြောင်း သိရပြီး ကုန်စည်စီးဆင်းမှု လွယ်ကူအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မောင်ယဉ်ဦး(ဒလ)
လှထွန်း(ဒလ)

၂၀၁၉ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၂၂၄၁၇ ဦး ဝင်ရောက်

မုံရွာ ဧနှစ်၀၊ရီ ၂၀

၂၀၁၉ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြည်တွင်းခရီးသွား ဧည့်သည် ၁၉၃၇၄၅ ဦးနှင့် ပြည်ပခရီးသွားဧည့်သည် ၂၈၆၇၂ ဦး စုစုပေါင်း ခရီးသွားဧည့်သည် ၂၂၂၄၁၇ ဦး ဝင်ရောက်ခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးအတွင်း လူထုအခြေပြု ခရီးသွားလုပ်ငန်းအနေနဲ့ ဧလုံတောင်ဒေသ၊ နွယ်ငြိမ်းဒေသနဲ့ အင်ဒေါင်းဒေသတို့မှာ ဖော်ဆောင်လျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။

၂၀၁၉ ခုနှစ်အတွင်း လူထုအခြေပြု ခရီးသွားလုပ်ငန်းဖြစ်သည့် ဧလုံတောင်ဒေသကို ပြည်တွင်းခရီးသွားဧည့်သည် ၈၅၂ ဦး၊ နွယ်ငြိမ်းဒေသကို ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၇၂၇ ဦးနှင့် အင်ဒေါင်းဒေသတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၂၄၉ ဦး ဝင်ရောက်ခဲ့၍ မင်းကွန်းဒေသသို့ ပြည်ပခရီးသွားဧည့်သည် ၁၆၁၀၃၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၁၃၂၈၉၃ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၁၆၂၂၅၇ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၁၉၆၉၂၉ ဦး ဝင်ရောက်ခဲ့ကြောင်း ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ တိုးတက်လာသည်နှင့်အမျှ တည်းခိုနေထိုင်ရေး အဆင်ပြေစေရန်အတွက် ၂၀၁၉ ခုနှစ်တွင် ဟိုတယ်၊ တည်းခိုရိပ်သာ ၅၁ လုံးနှင့် အခန်းပေါင်း ၁၇၇၇ ခန်းကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည့် အပြင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအတွက် သင်တန်းသား၊ သင်တန်းသူ ၅၉၇ ဦးနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အတွက် သင်တန်းသား၊ သင်တန်းသူ ၂၃၂ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မွေးကြူဇင်

ယောပညာသင်ထောက်ပံ့ရေးအဖွဲ့မှ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေးပေးအပ်

မန္တလေး ဧနှစ်၀၊ရီ ၂၀

ယောနယ်ဒေသမှ ပညာထူးချွန်ပြီး ငွေကြေး အခက်အခဲရှိသူများကို ပညာဆုံးခန်းတိုင်သည်အထိ တက်ရောက် သင်ကြားနိုင်စေရန် အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည့် ယောပညာသင်ထောက်ပံ့ရေးအဖွဲ့၏ ဆဋ္ဌမအကြိမ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ လမ်းနှင့် ၂၉ လမ်းကြား ၇၇ လမ်းရှိ Memory Hotel ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ရာ ယောပညာသင် ထောက်ပံ့ရေးအဖွဲ့ ဥက္ကဋ္ဌ အင်ဂျင်နီယာမှူးကြီး - (ငြိမ်း) ဦးခင်မောင်တင့်က အဖွဲ့ပေါ်ပေါက်လာပုံနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ရန်ရွေးချယ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အလှူရှင်များနှင့် ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများက တစ်ဦးချင်း မိတ်ဆက်စကားများ ပြောကြားကြပြီး နောက် ဒေါက်တာသွင်ကျော်ကျော် (အရေပြား အထူးကုဆရာဝန်ကြီး)၊ ဦးမျိုးအောင် (ဌာနမှူး-ငြိမ်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ)နှင့် ဒေါက်တာသိန်းကြွယ်တို့က ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်ခွန်အား တိုးတက်မြင့်မားစေရန် အားပေးစကားများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းနိုင်က အဖွဲ့၏ဘဏ္ဍာငွေ တိုးမြှင့်ရရှိရေး ဆောင်ရွက်ချက်များကိုလည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ ယောပညာသင် ထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ယောနယ်အသီးသီးမှ ပညာထူးချွန်ပြီး ငွေကြေးအခက်အခဲရှိသူ ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော ဆေးတက္ကသိုလ်ဝင်ခွင့်ရ သုံးဦး၊ နည်းပညာတက္ကသိုလ်ဝင်ခွင့်ရ ငါးဦး၊ ပညာရေးတက္ကသိုလ်ဝင်ခွင့်ရ ငါးဦး၊ စီးပွားရေးတက္ကသိုလ်ဝင်ခွင့်ရ နှစ်ဦး၊ ကွန်ပျူတာတက္ကသိုလ် ဝင်ခွင့်ရ တစ်ဦး၊ ပညာရေးကောလိပ်ဝင်ခွင့်ရ နှစ်ဦး၊ အစိုးရစက်မှုလက်မှုသိပ္ပံ ဝင်ခွင့်ရ နှစ်ဦး၊ သူနာပြုနှင့်သားဖွား သင်တန်းကျောင်းဝင်ခွင့်ရ တစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

တင်မောင်(မန်းကိုယ်ပွား)

ယောပညာသင်ထောက်ပံ့ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် Myanmar Kindness Foundation တို့ ပူးပေါင်းမှုဖြင့် အမေရိကန် အခြေစိုက် Rotary Clubs မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိအခမဲ့ စမ်းသပ်စစ်ဆေးပေးပြီး မျက်မှန်များလှူဒါန်းပေးခြင်းကို ဧနှစ်၀၊ရီ ၂၀ ရက် နံနက် ၈ နာရီ မှစတင်၍ ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကွင်းဌ အခမဲ့ဆောင်ရွက်ပေးစဉ်။

ဖုန်ကန် (ပူတာအို)

မရမ်းကုန်းမြို့နယ်၌ ပျော်ဘွယ်သုခမ္မာခမ္မစကူးလ် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧနှစ်၀၊ရီ ၂၀

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ပိုင်းဘုရားလမ်း ပျော်ဘွယ်သုခမ္မာခမ္မစကူးလ် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် ရက်မှန်ဂုဏ်ပြု ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို အဆိုပါဘုန်းကြီးကျောင်းတိုက်၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါသင်တန်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် သင်တန်းဆင်းပွဲတွင် ပျော်ဘွယ်သုခမ္မာဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော်က သင်တန်းသား ကလေးသူငယ်နှင့် ကလေးမိဘများအား ကျောင်းတက်မှန်ဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဟသံ်ာတအသင်း နွေသံဃဒါန ဆွမ်းလောင်းသွားကြမယ်

ဟသံ်ာတအသင်းမှကြီးမှူး၍ နွေသံဃဒါန ဆွမ်းလောင်းလှူပွဲကို ၁-၂-၂၀၂၀ ရက်နှင့် ၂-၂-၂၀၂၀ရက်များတွင် ဇာတိမြေဟသံ်ာတမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

၃၁-၁-၂၀၂၀ရက် နံနက် ဖိနာရီတွင် ရန်ကုန်မြို့၊ ၄၅လမ်း၊ ဟသံ်ာတအသင်းတိုက်မှ မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်ပြီး ၂-၂-၂၀၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။ လိုက်ပါလိုသူ အသင်းသူ/ အသင်းသားများနှင့် ဟသံ်ာတနွယ်ဖွားများသည် ၂၅-၁-၂၀၂၀ရက် နောက်ဆုံးထား၍ ဟသံ်ာတအသင်းတိုက် ဖုန်း-၀၁-၈၃၉၈၇၁၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
ဟသံ်ာတအသင်း(ရန်ကုန်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် လုပ်ငန်းစာရင်း စည်းကမ်းချက်အသေးစိတ်တို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် (၂၂-၁-၂၀၂၀)ရက်မှ (၂၁-၂-၂၀၂၀)ရက်ထိ တင်ဒါအဆိုပြုလွှာများကို ရောင်းချပေးမည်ဖြစ်ပါသဖြင့်-ဖုန်း-၀၄၃-၂၀၂၄၅၃သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၁။ တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၂၂-၂-၂၀၂၀ရက် နံနက် (၁၀:၀၀)နာရီ
၂။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၃-၂-၂၀၂၀ရက် နံနက် (၉:၀၀)နာရီ
၃။ တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
၄။ တင်ဒါအဆိုပြုလွှာစိစစ်ရွေးချယ်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

ဒါရိုက်တာအဖွဲ့ဝင် ပြောင်းလဲခန့်အပ်ကြောင်း အများသိစေရန်

ကျွန်ုပ်တို့ Early Dawn Microfinance CompanyLimitedမှ ဒါရိုက်တာ တစ်ဦးဖြစ်သော Ms.Radhika Jayant Shroff သည် တာဝန်ပြီးဆုံးသဖြင့် ၎င်း၏နေရာတွင် Mr.John H.Fischer အား ၁၉ ရက် ဒီဇင်ဘာ ၂၀၁၉ ရက်တွင် အစားထိုးပြောင်းလဲခန့်အပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Early Dawn Microfinance Company Limited

ဖြန့်ဖြူးသူအမည်ပြောင်းလဲကြောင်းကြော်ငြာစာ

Limin Chemical Co.Ltd မှထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေး၏ မှတ်ပုံတင်ခြင်းနှင့်ဖြန့်ဖြူးခြင်းလုပ်ငန်းများအား Limin Chemical Co.Ltd မှ Grand Agrocare Co.Ltd သို့လွှဲပြောင်းခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြိုကုန်း၊ အင်းစိန်မြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှစပြီး ၁၄ရက် အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်း	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်
၁	Farmercynil 25WP	Cymoxanil 25%WP	Provisional	P 2017-4026

LIMIN CHEMICAL(MYANMAR)CO.,LTD
No.156, 1st Floor, Mahabandoola Road, Pazundaung Township,Myanmar
Telephone: +86-15951881546, +86-15852290297
GRAND AGROCARE CO.LTD
No.93, Thuya Street, 9 Ward, South Okkalapa Township, Yangon,Myanmar
Telephone: +95-251889853, +95-251889863, +95-31485868

ဦးညီညီလွင်(ဘ)ဦးဆန်းမောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မမန(နိုင်)၀၀၀၈၆၆ ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၂၈-သုမင်္ဂလာရပ်၊ အမှတ် ၁၄စနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိစိုး(ဘ)ဦးစိုးထွန်း သိန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မမန(နိုင်)၀၀၈၈၉၄၉ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးညီညီလွင်နှင့် အများ သိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်သီရိစိုးနှင့် ဦးညီညီလွင်တို့သည် တရားဝင်အကြင်လင်မယားဖြစ်ကြပြီး ၎င်းတို့ လက်ထပ် ပေါင်းသင်းစဉ် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်(၆)၊ စေးမြောက်လမ်း၊ ဦးပိုင်အမှတ်(၇၀-က)၊ မြေယာအမှတ် (337-A)၊ မြေဧရိယာ၀ဒသမ၀၂၂ဧကရှိ အိမ်ခြံမြေနှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၀၄)၊ မြေယာအမှတ်(၉၅)၊ မြေဧရိယာ ၁ဒသမ၀၆ဧကရှိမြေထဲမှ အလျား ပေ၄၀ x အနံ ပေ၁၈၀ အကျယ်အ၀နံးရှိမြေတို့ကို စပ်ဆက်စာချုပ်များနှင့် လင်းမယားနှစ်ဦး ရှာဖွေစုဆောင်းထားသော ငွေကြေးများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သော လက်ထပ်ပွဲပစ္စည်းများ ဖြစ်ကြပါသည်။

အဆိုပါ မြေများနှင့် ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိစိုး သိရှိခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ ဦးညီညီလွင်နှင့် အခြားတစ်စုံတစ်ဦးကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲတရား ဥပဒေများနှင့် အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးညီညီလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်သီရိစိုး
၉/မမန(နိုင်)၀၇၀၉၄၉

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သန်း၊ (စဉ်-၁၁၀၈၁)
(တရားလွှတ်တော်ရှေ့နေများ)
ဦးနိုင်ဝင်း (စဉ်-၁၅၅၂)
ဒေါ်ဇင်မာအောင် (စဉ်-၄၈၇၈၀)
(အထက်တန်းရှေ့နေ)

ဘီ-၁၁၊ ဝိုင်အမ်စီအေတိုက်တန်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၀၂၅၆၅၇၁၉

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်ခင်လေးစားရပါသော **အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာကျော်စော** (စာပန်းအိမ်-ပြင်ဦးလွင်)၏ ချစ်ဇနီး **သုဓမ္မသီဂီ ဒေါ်မေမျိုးမြတ်** သည် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသီဂီဘွဲ့** တံဆိပ်တော်ကို ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါသည်။

1985-86 မန္တလေးတက္ကသိုလ်(ရတနာဘုမ္မိနယ်မြေ)စန်းရိပ်ငြိမ်မှ ချစ်ညီမများ

ဦးလှဝင်း-ဒေါ်သီသီလွင် **ဦးကျော်နိုင်ထွန်း - ဒေါ်ချိုဝေလွင်(ကျောက်မဲ)**
ဒေါက်တာအေးဖေ-ဒေါ်နွဲ့နွဲ့သင်း(မန္တလေး) **ဦးမောင်သင်း - ဒေါ်သန်းသန်းအေး(နေပြည်တော်)**
ဒေါက်တာသက်လွင်-ဒေါ်မျိုးမျိုးသန်း **ဦးလွမ်းမိုး-ဒေါ်ပြုံးစန္ဒာဝင်း**
ဗိုလ်မှူးအောင်သီဟ(ငြိမ်း)-ဒေါ်တင်ဌေးမော်

CLAIMS DAY NOTICE
M.V VIKING EMERALD VOY : NO (13)

Consignees of cargo carried by MV VIKING EMERALD VOY : NO (13) are here by notified that vessel will arrive on about 22-01-2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from(08:00) AM to (11:20) AM and (12:00)NOON to (04:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိ တို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ် များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-
-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မုံရွှေ+ ကြေးမုံ အထက (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ မုံရွာမြို့နယ် မုံရွှေ+ကြေးမုံ အထက၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၆-၁-၂၀၂၀ ရက်(တနင်္ဂနွေနေ့) တွင် အဆိုပါ ကျောင်းရှေ့ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကိုထွန်းတင့်ဝင်း(ရန်ကုန်) ဖုန်း-၀၁-၂၅၅၄၇၀၂၅၅၊ ကိုအောင်စိုး ၀၉-၂၅စဝ၆စ၃၁၊ ကိုဝင်းမြင့် ၀၉-၄၀၀၄၁၄စ၅၂၊ ကိုနိုင်စိုး ၀၉-၂၅၈၅ဖ၈ဂ၇နှင့် ကိုမျိုးမင်းသူ ၀၉-၄၄စ၂၂၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

ဦးမိုးဇော်မင်း ၁၂/မရက(နိုင်)၁၄၉၅၂၅
အထွေထွေမန်နေဂျာ၊Global Ohnmar Construction Co.,Ltd
(ယခင်နေရပ်လိပ်စာ-၆၇/တန်ဆောင်းကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်း၊ ရန်ကုန်တိုင်းဒေသကြီး)
(ယခုနေရပ်လိပ်စာ-မသီ)သိစေရန် ကြေညာလိုက်သည်

ဧရာ၀တီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းပိုင်မြေအတွင်း လူကြီးမင်းဆောက်လုပ်ဆဲဖြစ်သော အားကစားခန်းမ (၁၄၀x၆၀)ပေ Steel Structure တစ်ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆက်လက်ဆောက်လုပ်လိုခြင်းရှိ-မရှိ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဧရာ၀တီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် လာရောက်တွေ့ဆုံပြန်ကြားရန် ကြေညာအပ်ပါသည်။

သတ်မှတ်ရက်အတွင်းလာရောက်တွေ့ဆုံခြင်း အကြောင်းတင်ပြခြင်းမရှိပါက စာချုပ်ဖျက်သိမ်း၍ စာချုပ်ပါစည်းကမ်းအတိုင်း ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေရန်ကြေညာအပ်ပါသည်။ **ဧရာ၀တီတိုင်းဒေသကြီးပညာရေးမှူး**

မွေးသက္ကရာဇ်အမှန်

ထီးချိုင့်မြို့နေ(ဘ)ဦးစောမောင်၏ သား ဦးအောင်ကျော် ၅/ထခန(နိုင်) ၀၂၄ဖေဖေ၏မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁-၁၉၆၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့နယ်၊ အထက(တန်ဖရဲ) (အောင်) နဝမတန်းမှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၁/မကန(နိုင်) ၂၃၁၁၈၂ ဖြစ်ပါကြောင်း။

ဦးမောင်နိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်နေ မောင်ရဲစင်အောင် ၉/မခန(နိုင်) ၂၄၇၉၉၁၁၏ မိခင် ဒေါ်စန္ဒာ ၉/မခန(နိုင်) ၂၃၅၇၅၂(ခ)ဒေါ်ဗျာပု(ခ) ဒေါ်ကေသီဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်စန္ဒာ(ခ)ဒေါ်ဗျာပု(ခ)ဒေါ်ကေသီဝင်း

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်းရုံးသုံးဆောင်းများပြောင်းရွှေ့ခြင်း အတွက်အလုပ်သမား နှင့် တားစီးဝိုင်းပေးသည်။
အမှတ်-၁၈၃၊မြေယုံအိမ်ရာ၊လေးထောင့်ကန်လမ်းမ။
09254009334,
09254009335,
09254009336

ဖခင်အမည်မှန်

မိုးကုတ်မြို့၊ ကျပ်ပြင်စျေး အထက နဝမတန်း(B)မှ မရတနာဦး၏ မိဘ အမည်မှန်မှာ ဦးသက်နိုင်ဦး ၉/မကန(နိုင်) ၀၇၂၁၈ -ဒေါ်ဆာလာမီး ၉/မကန(နိုင်) ၀၈၅၈၃၁ဖြစ်ပါကြောင်း။

ဦးသက်နိုင်ဦး-ဒေါ်ဆာလာမီး

အမည်ပြောင်း

စစ်တွေမြို့၊ အမက(၁၅)မူလွန် ပြည်တော်သာ ဆဋ္ဌမတန်းမှ(ဘ) ဦးဇော်မင်းအောင် ၁၁/စတန(နိုင်) ၀၄၃၀ဖေ၏ သား မောင်ဥာဏ်လင်း ဆက်အားမောင်ကောင်းခန့်ကျော်ဇောဟုပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းခန့်ကျော်ဇော**

ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ရွာသစ်(နှ) အထက အဋ္ဌမတန်းမှ မပပဝင်း ခင်၏ ဖခင်အမည်မှန်မှာ ဦးညွှန့်ဝင်း ၉/ပဘန(နိုင်) ၀၅၉၈၈၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ဓောင်းချမ်း တောင်ကျေးရွာ အမက (မူလွန်) ဆဋ္ဌမတန်းမှ မနဒီစိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းထိုက်စိုး ၉/ပဘန(နိုင်) ၂၄၁၁၉၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ကြို့ကုန်း ကျေးရွာ (အထက) ဆဋ္ဌမတန်းမှ မောင်ဟိန်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးလင်း ၉/ပဘန(နိုင်) ၁၅၅၃၃ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ်၊ Star City ဥယျာဉ်အိမ်ရာ၊ B-5 အခန်းအမှတ် (1223) ၊ ကွန်ဒို တိုက်ခန်းကို ကျွန်တော် ဦးကျော်သူရ ၇/ပတန(နိုင်)၀၈၄၇၇၈က တိုက်ခန်းပိုင်ရှင် ဒေါ်မိုးမိုးဆွေ ၁၄/ ဘကလ(နိုင်)၁၄၆၉၈၃ ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန်ကွက်လိုသူများရှိပါက တရားဝင်နိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှခုနှစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သူရ
ဖုန်း-၀၉-၄၃၀၁၃၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွာမရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်ရင်ရင်ကြည် ၁၂/တမန(နိုင်) ၀၄၃၁၈၂ (ဘ) ဦးမောင်မြိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(၀-၃၄၅၀၄)ကို နေ ပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၆၇၉/၂၀၁၄ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးမာမိုက်ကျဲ ၁၃/ကခန(နိုင်) ၀၁၉၀၄၄ (ဘ) ဦးမာဗူးအန်း မှ ဦးကျော်သူ ၇/ကဝန(နိုင်) ၁၁၀၈၄၀နှင့် မှတ်ပုံတင်အ ရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားနိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆိုလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈)
မိတ္ထီလာခရိုင်တရားရုံးတော်၌
၂၀၂၀ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၆

ဒေါ်ဝိုင်းခင်---------- လျှောက်ထားသူ

ကွယ်လွန်သူ ဦးညွှန့်လှိုင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့် မိတ္ထီလာမြို့၊ အောင်ဆန်းမြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(စ၃၃-ဃ-မြို့သစ်ရပ်)၊ ဦးပိုင်အမှတ်(၁၃၃/၁၉၉၅-၉၆)၊ ဧရိယာ ၀ဒသမ၀၅၅မြေကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညွှန့်လှိုင်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့်လျှောက်ထားသူ ဒေါ်ဝိုင်းခင်ကအမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ပြည့်နှစ် ဧနန၃၀ရီ ၃၀ရက်(၁၃စာခုနှစ် တပို့တွဲလဆန်း ၆ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးညွှန့်လှိုင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ပြည့်နှစ် ဧနန၃၀ရီ ၃၀ရက်(၁၃စာခုနှစ် တပို့တွဲလဆန်း ၆ရက်)နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံ ခြင်းအက်ဥပဒေပုဒ်မ-၂၁စနှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ဝိုင်းခင်၏လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် ဧနန၃၀ရီ ၁၇ရက်၌ ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီထွန်း)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ ရန်ကုန်(ကမ္ဘာအေး)ရှိ ကျောက်မျက်ဓာတ်ခွဲခန်းတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါရာထူးများအား လျှောက်ထားနိုင်ပါသည်-

(က) ကျောက်မျက်ပညာရှင် **(Gemologist)** (၆) ဦး
(ခ) **Admin Assistant** (၁) ဦး
(ဂ) **Account** (၁) ဦး
(ဃ) **Computer Staff** (၁) ဦး
(င) **Computer IT Staff** (၁) ဦး
(စ) **သန့်ရှင်းရေးဝန်ထမ်း** (၁) ဦး

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(ဂ) စိတ်ရောကိုယ်ပါကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) သက်ဆိုင်ရာ ရာထူးအလိုက် သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူဖြစ်ရမည်။

၃။ စာပိုဒ် ၁ ပါရာထူးများအတွက် လျှောက်ထားသူသည်

(က) **Gemologist**
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်ပညာရပ်ဆိုင်ရာ ဒီပလိုမာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ဘူမိဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အင်ဂျင်နီယာဘွဲ့ရသူများအား ဦးစားပေးခန့်ထားမည်။ **(Color-Blind)** မဖြစ်သူဖြစ်ရမည်။

(ခ) **Admin Assistant**
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး **HR Diploma**ရရှိထားသူဖြစ်ရပါမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ် ရှိရပါမည်။ **HR Management** နှင့်ပတ်သက်သော **Knowledge** ရှိပြီး **HR Function** များကို တာဝန်ယူလုပ်ဆောင်နိုင်ရမည်။ **English(or) Chinese** စကားကောင်းမွန်စွာ ပြောဆိုနိုင်ပြီး အသက်(၃၅)နှစ်အောက် ဖြစ်ရပါမည်။ **Problem solving Skill** နှင့် **Interpersonal skill** ကောင်းမွန်ရပါမည်။ **Microsoft Office** ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။

(ဂ) **Account**
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး **LCCI Level 2,3** ရရှိထားသူဖြစ်ရပါမည်။ **Accounting** နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရပါမည်။ **Accounting Software** နှင့်ပတ်သက်သော **Knowledge** ရှိပြီး **Accounting Function** များကို တာဝန်ယူလုပ်ဆောင်နိုင်ရမည်။ **English** စကားကောင်းမွန်စွာပြောဆိုနိုင်ပြီး အသက်(၃၅)နှစ်အောက် ဖြစ်ရပါမည်။ အသင်းအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရပါမည်။ **Microsoft Office** ကောင်းမွန်စွာ အသုံးပြုနိုင်ရပါမည်။ လုပ်ငန်းလိုအပ်ချက်အရ အမျိုးသမီးများ ဦးစားပေးပါမည်။

(ဃ) **Computer Staff**
- တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး **Computer Diploma (or) Certificate** ရရှိပြီးသူဖြစ်ရမည်။ **Photography, Photoshop & Graphic Design** နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ် ရှိရပါမည်။ **English** စကားကောင်းမွန်စွာပြောဆိုနိုင်ပြီး အသက်(၃၅)နှစ်အောက်ဖြစ်ရပါမည်။ အသင်းအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရပါမည်။ **Microsoft Office** ကောင်းမွန်စွာ အသုံးပြုနိုင်ရပါမည်။ လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများ ဦးစားပေးပါမည်။

(င) **Computer IT Staff**
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး **Computer IT Diploma(or)Certificate** ရရှိထားသူဖြစ်ရပါမည်။ **IT And Computer** နှင့်ပတ်သက်သောလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရပါမည်။ **English** စကားကောင်းမွန်စွာ ပြောဆိုနိုင်ပြီး အသက်(၃၅)နှစ်အောက် ဖြစ်ရပါမည်။ **Problem solving Skill** နှင့် **Interpersonal Skill** ကောင်းမွန်ရပါမည်။ **Computer Hardware** ပိုင်းဆိုင်ရာများကို ကျွမ်းကျင်စွာပြုလုပ်နိုင်ရပါမည်။

(စ) **သန့်ရှင်းရေးဝန်ထမ်း**
- သတ်မှတ်နေရာများအား သန့်ရှင်းသပ်ရပ်စွာ လုပ်ဆောင်နိုင်သူ ဖြစ်ရပါမည်။ လုပ်ငန်းလိုအပ်ချက်အရ အမျိုးသမီးများ ဦးစားပေးပါမည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာတွင် လျှောက်ထားသည့်ရာထူးကို ဖော်ပြ၍ အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်။
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်နှင့်အသက်
(ခ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(ဂ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်နှင့်နေရပ်လိပ်စာ
(ဃ) မျှော်မှန်းလစာ
(င) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပြည့်စုံစွာ ပူးတွဲတင်ပြလျှောက်ထားရပါမည်။
(က) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းတို့၏ တစ်လအတွင်း ထောက်ခံချက်မူရင်း။
(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ တစ်လအတွင်းဆေးစစ်ချက်မူရင်း
(ဂ) အမှတ်စဉ်(က)(ခ)(ဂ) ရာထူးများအတွက် ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်)ဘွဲ့ရရှိကြောင်း ထောက်ခံချက်မူရင်း
(ဃ) (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကဒ်ပြားမိတ္တူ

၆။ ကျောက်မျက်ပညာရှင်များအား (၁၅-၂-၂၀၂၀)ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် လူတွေ့စစ်ဆေးခြင်း၊ (၁၆/၁၇-၂-၂၀၂၀)ရက်နေ့များတွင် လက်တွေ့စစ်ဆေးခြင်းနှင့် အခြားဝန်ထမ်းများအား (၁၈-၂-၂၀၂၀)ရက်နေ့တွင် လူတွေ့စစ်ဆေးမှုများကို မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ(ကမ္ဘာအေး)တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်လွှာများကို (၁၀-၂-၂၀၂၀)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ အောက်ဖော်ပြနည်းလမ်းများဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

မူရင်းလျှောက်လွှာများကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ၊ အောက်ပါအတိုင်း ပေးပို့နိုင်ပါသည်။
(က) ဦးခိုင်မိုး(ရုံးအဖွဲ့မှူး) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(နေပြည်တော်) ၀၆၇-၄၃၂၃၅၅ **Mail : mgjea.npt@gmail.com**
(ခ) ဦးနေလင်း(ဌာနမှူး) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ရန်ကုန်) အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၆၃၀၈၀ ၀၉- ၉၇၀၄၉၅၃၄၄ **Mail : info@mgjea.org**

အသေးစိတ်အချက်အလက်များအား **Myanmar Gems and Jewellery Entrepreneurs Association Facebook Page** နှင့် **https://www.mgjea.org** တွင် အချိန်နှင့် တစ်ပြေးညီဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ခုတင်(၅၀၀)ဆံ့အထွေထွေ ရောဂါကုဆေးရုံကြီး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစာတင်ရောင်းချမည့်ရက် - ၂၀-၁-၂၀၂၀ရက် (တနင်္လာနေ့)
တင်ဒါပုံစံ ဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ - အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက်အချိန် - ၁၉-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီ

၂။ အသေးစိတ်သိရှိလိုပါက အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့(ဖုန်း-၂၅၆၃၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူစီစစ်ရေးကော်မတီ
အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့
ဧရာဝတီတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
တင်ဒါကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် သုံးခွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားသော အမှတ်(၅)ရပ်ကွက်၊ မြို့ဦးကန်အနီး (၁၀)ဧကမြေနေရာ ရေကန်တူးဖော်ခြင်းနှင့် အမှတ်(၉)ရပ်ကွက်၊ အောင်မင်္ဂလာပိုင်းအနီး (၈)ဧက မြေနေရာ ရေကန်တူးဖော်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစာရွက်စာတမ်း အပြည့်အစုံကို ၂၇-၁-၂၀၂၀ရက်မှစတင်၍ သုံးခွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်-
(က) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၂-၂၀၂၀ရက် နံနက် (၉:၀၀)နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၂-၂၀၂၀ရက်(နံနက် (၁၀:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်နေရာ** - သုံးခွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၃။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသော အချက်များကို သုံးခွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း -၀၉-၄၅၀၀၁၃၀၆၂ ၀၉-၄၃၀၃၉၂၅၅၊ ၀၉-၅၈၀၃၃၆၆၆ဖိုသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန

အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ အောင်ဆိပ်ကျေးရွာနေ ဦးကျော်ထွန်း၀ေ၀ါသမီး မတင်သူဝင်းအား မချိုချိုသက်ဟု ပြောင်းလဲခေါ် ပါရန်။

မချိုချိုသက်

မွေးသက္ကရာဇ်အမှန်

မြေပုံမြို့နယ်၊ ကြက်ရေကြီးကျေးရွာ အုပ်စု၊ ကြက်ရေကြီးကျေးရွာနေ ဦးမောင်သာထွန်း၏သမီး မစန်းစန်းဌေး ၁၁/မပတ(နိုင်)၁၀၁၅၅၉၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ၁၈-၄-၁၉၉၅ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်တွေမြို့၊ ပြည်တော်သာ ရပ်ကွက်နေ၊ စစ်တွေတက္ကသိုလ် ရက္ခဒေဝ(နေ့ဂက်ဆုံး) နှစ် ဖြေဆိုအောင်မြင်ပြီးသော ဦးတွန်းတွန်း စိုး၏ သမီး မယုယုအောင် ၁၁/စတန(နိုင်) ၁၀၆၇၁၁နှင့် မယုအမရာအောင်မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပေါက်တောမြို့၊ အထက၊ Grade-6(A) မှ မောင်မင်းသန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းချောထွန်း ၁၁/ပတန(နိုင်) ၀၆၀ ၃၃၆ဖြစ်ပါကြောင်း။

ဦးဝင်းချောထွန်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရုပ်ကွက်အမှတ် ၁၀/မြို့မခြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဦးမြင့်ကျော် ၉/ကဆန(နိုင်) ၀၈၉၃၅၅ (ဘ) ဦးညွန့်ရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(၀-၂၂၀၀၅)ကို နေ ပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၉၃၈/၂၀၁၆ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ဆွေဆွေမြင့် ၉/အမ၈(နိုင်) ၀၁၁၁၅၂ (ဘ) ဦးအောင်ကျော်မြင့်မှ ဦးအောင်ကျော်မြင့် ၁၃/နဆန(နိုင်)၀၀၃၇၂၂ / ဦးနေလင်းအောင် ၈/တတက(နိုင်) ၁၁၁၂၉၇ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓ၊လုပ် ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဒဏ်မြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ခိုင်ရှေ၀ါလမ်း၊ တိုက်အမှတ်(၆၅၀)၊ အခန်းအမှတ်(B1)၊ (မြေညီထပ်/ ဘယ်ခန်း)
တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးမြင့်လွင် ၁၂/မရက(နိုင်) ၀၅၀၃၃၉(ကန်ထရိုက်တာ)၊ ပုဂ်ပြည်သားဆောက်လုပ်ရေးကုမ္ပဏီမှ ထင်ဆောက်လုပ်ပိုင်ဆိုင်ကြောင်းနှင့် မြေရှင်ထံမှ အကျိုးခံစားခွင့်ရရှိထားသော တိုက်ခန်းဖြစ်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချထားပြီးဖြစ်ရာ ၎င်းအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဝေထွန်း(LL.B,D.B.L)
(တရားလွှတ်တော်ရှေ့နေ)စဉ်-၁၀၉၄၇
တိုက်(၉/၁၁)၊ အခန်း-၃၀၆၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၄၆၇၅၄၊ ၀၉-၇၈၅၀၄၆၇၅

ရွှေတောင်းရှည်ကုမ္ပဏီ၊ ပိုင်ပြည့်ဖြိုးကုမ္ပဏီနှင့်
အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်၊ ဘုရားကိုးဆူလမ်း၊ အမှတ်(၉၉) နေ့ ဦးအောင်တင်ဝင်း(R.S.E Construction) ၆/မမန(နိုင်) ၁၁၈၀၀၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်တင်ဝင်းသည် ရွှေတောင်းရှည်ကုမ္ပဏီနှင့်လည်းကောင်း၊ ပိုင်ပြည့်ဖြိုး ကုမ္ပဏီနှင့်လည်းကောင်း မည်သို့မျှ ပါဝင်ပတ်သက် ဆက်နွယ်ခြင်းမျိုး လုံးဝမရှိပါ။

ယင်းသို့မရှိပါလျက် Ministry of Construction ၏ (၁၇-၁-၂၀၂၀)ရက်စွဲပါ Facebook စာမျက်နှာတွင် Black List စာရင်းထည့်သွင်းသော ကုမ္ပဏီများတွင် ရွှေတောင်းရှည်ကုမ္ပဏီတာဝန်ရှိသူ အမည်နေရာတွင် ဦးအောင်တင်ဝင်း (B.E,Civil) ဟုလည်းကောင်း၊ ပိုင်ပြည့်ဖြိုး ကုမ္ပဏီ၏ တာဝန်ရှိသူအမည်နေရာတွင် ဦးအောင်တင်ဝင်း (B.Tech,Civil)ဟုလည်းကောင်း ဖော်ပြထားသည်ကို လူမှုကွန်ရက် စာမျက်နှာတွင် တွေ့ရှိရပါသည်။

ထိုသို့ ကျွန်ုပ်၏မိတ်ဆွေနှင့် အဆိုပါ ရွှေတောင်းရှည်ကုမ္ပဏီနှင့် လည်းကောင်း၊ ပိုင်ပြည့်ဖြိုးကုမ္ပဏီနှင့်လည်းကောင်း မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိပါလျက် ကုမ္ပဏီ၏တာဝန်ရှိသူအမည်နေရာများတွင် ကျွန်ုပ်၏မိတ်ဆွေအမည်အား ဖော်ပြရေးသားထားသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ၌များစွာ ဂုဏ်သိက္ခာကျဆင်းနစ်နာခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ရွှေတောင်းရှည်ကုမ္ပဏီနှင့် ပိုင်ပြည့်ဖြိုးကုမ္ပဏီတို့အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း သတင်းစာတွင် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ မပျက်မကွက်တာဝန်ယူဖြေရှင်းပေးပါရန်နှင့် နောက်နောင် ကျွန်ုပ်၏မိတ်ဆွေအမည်ကို အလွဲသုံးစားအသုံးပြုခြင်းများ ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူမာညွန့် (LL.B,LL.M,C.B.L)
(စဉ်-၈၄၈၀)
တရားလွှတ်တော်ရှေ့နေ
၁၁၅၊ မြို့ပတ်လမ်း၊ အောင်သုခရပ်၊ မြိတ်တောင်၊ မြိတ်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၆.၈၊ မြေကွက်အမှတ် (၃၃-ကေ)၊ ဝဒသမ၅၀၀ဧက၊ မြေကွက်တည်နေရာ ဦးသိန်းလွင်၊ ဒေါ်အေးအေးအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းလွင်သည် ၆-၈-၂၀၁၅ရက်တွင် ကွယ် လွန်ခဲ့သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးအေး ၁၂/ဗဟန(နိုင်) ၀၅၄၄၁၉(CJ-၀၃၅၁၃၄)က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် အဆိုပါမြေကွက်၏(၅ပုံ ၀ပုံ)အား သားဖြစ်သူ ဦးမြင့်ဇော်လွင်နှင့် ချွေးမ ဒေါ်အေးအေး၀ေတို့အား မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၁၅၈၂/၂၀၁၅အရ ပေးကမ်းပြီးဖြစ်၍ မြေကွက်ကြီး၏ (၅ပုံ၄ပုံ)အား ဦးသိန်းလွင်နှင့် ဒေါ်အေးအေးတို့မှ ပိုင်ဆိုင်ခဲ့ရာ ဦးသိန်းလွင်ကွယ်လွန်သဖြင့် ဇနီး ဒေါ်အေးအေးမှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းမှလွှဲ၍ အခြားဇနီးတစ်ဦးတစ် ယောက်မျှမရှိကြောင်း ၂၇-၁၂-၂၀၁၉ ရက်စွဲဖြင့် ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် -၇၅၁၄/၂၀၁၈ (၁၆-၇-၂၀၁၈)ဖြင့် ရရှိသူ ဦးသိန်းဇော်လွင် ၁၂/ဗဟန(နိုင်)၀၈၇၇၃၆၊ ဒေါ်အေးအေး လွင် ၁၂/ဗဟန(နိုင်)၀၅၄၁၆၆၊ ဦးမြင့်ဇော်လွင် ၁၂/ဗဟန(နိုင်)၀၅၅၉၁၄ တို့က ၂၇-၁၂-၂၀၁၉ရက်စွဲဖြင့်ကျန်းကျိန်ဆိုထားသော ကျန်းကျိန်လွှာတစ်စောင်၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်ပါ၀ါမရှုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတစ်စောင်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ရုံးအမှတ်(၃) ရှေ့မှောက်ရှိ တရားမကြီးမှုအမှတ် (၈၅/၂၀၁၅)အား တရားလို/ တရားပြိုင်များတို့အကြား ညှိနှိုင်းပေးပြီမိုးကြခြင်း သဘောတူကတိစာချုပ်အား ၂၇-၅-၂၀၁၈ရက်စွဲဖြင့် ချုပ်ဆိုထားသော သဘောတူစာချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားမကြီးမှုအမှတ် ၈၅/၂၀၁၅အား ၁၆-၅-၂၀၁၉ရက်တွင် ချမှတ်ခဲ့သော ဒီကရီ၊ အမည်ပေါက်စာချုပ်၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တရားရုံး အမိန့်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒါန
ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးခရီးစဉ်များ
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားရှိုးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀၀ /–
ထွက်ခွာမည့်နေ့ရက်များ ☛ ဖေဖော်ဝါရီ ၂၊ ၉၊ ၁၆၊ ၂၃၊ မတ် ၁၊ ၁၅၊ ၂၂၊ ၂၉၊ ဧပြီ ၆ (သင်္ကြန် အထူးခရီး)။
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားရှိုးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀၀ /–
ထွက်ခွာမည့်နေ့ရက်များ ☛ ဖေဖော်ဝါရီ ၂၊ ဧပြီ ၅။
သီရိလင်္ကာ ဘုရားရှိုးခရီးစဉ် (ဟိုတယ် တည်း / စား) (၇ ရက်) 1270 USD
ထွက်ခွာမည့်နေ့ရက်များ ☛ ဖေဖော်ဝါရီ ၂၀၊ မတ် ၁၉။
[သာသနာ၀င်များအား ငါးသောင်းကျပ် လျှော့ပေးပြီး ခရီးသည် (၁၀) ဦး တစ်ပြိုင်တည်း စာရင်းပေးသွင်းနိုင်ပါက (၁) ဦး အခမဲ့ ထပ်မံ လိုက်ပါခွင့်ရှိပါသည်။]
(ခရီးစဉ်တင် ထွက်ခွာမည့်နေ့ မတိုင်မီ ၄၅ ရက် ကြိုတင်၍ စရံနှင့်တကွ စာရင်းပေးသွင်းပါက ၃၀၀၀၀ / - လျှော့ပေးပါမည်။)
(မိသားစုနှင့်အတွဲအစည်း သီးသန့် ဟိုတယ်ခရီးစဉ်အဖြစ် သွားရောက်လိုပါက စိတ်တိုင်းကျညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပါသည်။)
■ ဓါနဗုဒ္ဓဂယာ ထုရားပူးအဖွဲ့ – တိုက် ၂၅၊ အခန်း –၃၀၃၊ တထပ်၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ ဖုန်း – ၅၃၆၃၄၈၊ ၅၃၇၇၀၇၊ ၅၃၇၇၀၈၈၊ ၀၉ ၅၀၀ ၁၇၆၃၊ ၀၉ ၅၀၁၃၃၇၂၇၊ ၀၉ ၂၅၆၁၇၄၄၁၄၊ ၀၉ ၂၅၆၃၁၈၀၄၃၊ ၀၉ ၅၁၆ ၄၆၆၄

အဆီများ၍ ဝိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်
သတ္တိမောင်
အမှတ်တံဆိပ်
ရှားဆောင်းလက်ပမ် ဝမ်းပျော့ဝမ်းမှန်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012605(0320)
တဆဝက စာနယ်ဇင်း ၂၂၃/၀၈၁၈
ပင်ရင်း စိုစေတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၁၄/၁၉၊ မဇ္ဈလမ်း၊ စက်မှုဇုန်၊ ပုသိမ်မြို့။
ဖုန်း ၀၉ ၄၉၂၃၅၈၀ ၊ ၀၉ ၂၆၁၉၉၃၆၅ ၊ ၀၉ ၄၂၂၄၄၃၈၄၅

သွေးတိုးကျ သွေးတိုးကျ
သန့်သာ
ကြော်ငြာခွင့်မြှုပ်ချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
သွေးတိုးကျ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012355 (0919)
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

ကလေးနာမည်ပေး ဆရာကြီး
ရာဓာဓော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်ဆိမ်ရောင်းထွက်ဖို့ထိပေါက်မပေါက် 01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်စားဆောင်ရွက်ရေး တိုက်အမှတ်(၉)ခုထပ်၊ စဉ်လမ်းမင်္ဂလာတောင်ဆွန့်ရန်ကုန်မြို့

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရိုးစဉ်မျိုးစုံအတွက် (၄၅၂၃၃၊ ၂၄၂၈၊ ၁၄ ၁၀၊ ၅)ယောက်စီးနှင့် Saloon,Vanကားမျိုးစုံ ငှားနိုင်ပါသည်။ လစျပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်မြှုပ်ချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/ဝမ၁၈
GENEVA GOLD STAR FOR QUALITY
ဆီးချိုကျ-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
LONDON QUALITY CROWN QC 100
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဝိုလ်တဆောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်မြို့မြို့နယ်၊ ကုန်းဓောင်းကျေးရွာ(အထက) ကျောင်းဝင်အမှတ်(က-၅၀၉၂)၊ နေ့ဝတန်းမှ မသွားလိသမ်ဓ ၏ ဖခင်အမည်မှန်မှာ ဦးလှိင်ဝင်းနှင့်ဦးဘိုလှိုင် ၈/ပဖန(နိုင်)၀၈၂၄၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးလှိုင်ဝင်း(ခ)ဦးဘိုလှိုင်

ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ မြို့မ(အထက) အဌမတန်း(C)မှ မောင်လွင်မိုးထက်၏ ဖခင်အမည်မှန်မှာ ဦးရဲမင်း ထွဋ် ၇/ရတန(နိုင်)၀၈၁၄၅ ဖြစ်ပါကြောင်း။

ဦးရဲမင်းထွဋ်

အမည်မှန်

ပေါင်မြို့၊ ကဒါရပ်ကွက်နေ မင်းတင်ထွန်း၏သား အထက(ခွဲ) မင်းတန်း သတ္တမတန်းမှ မင်းနိုင်လင်းထွန်း၏ အမည်မှန်မှာ မင်းနိုင်မင်းထွန်း ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ကျိုက်မရောမြို့နယ်၊ ကျွန်းရွာဟောင်း အမက(လွန်)ကျောင်း G-6 တန်းမှ မမ္ပိုင်စားမွန်း၏ မိဘအမည်မှန်မှာ ဦးလှမျိုး ၁၀/ ခဆန(နိုင်) ၁၆၄၅၀၁နှင့် ဒေါ်အေးလှ ၃/ကဆက(နိုင်)၀၃၁၉၆ ဖြစ်ပါသည်။

အမည်မှန်

မောင်တောမြို့နယ်၊ မြင်းလွတ်ကျေးရွာနေ(ဘ)ဦးဆွေတာမိန်၏သား နော်ဝေမူ ဒိန်(ခ)ဇော်နူအူဒင် ၁၁/ မတန(နိုင်) ၀၀၆၄၂၄ ၏ အမည်မှန်မှာ နော်ဂျီမိုဒိန် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(စ)၊ အကွက် အမှတ်(၁၀/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၂၀၃)၊ မြေယာအမှတ်(203)၊ မြေဧရိယာ(၀ဒသမ၀၂စ) ဧကရှိ မြေကွက်အား ဦးစောနိုင်ထွန်းမှ မြေငှား ဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေးနှင့် ဦးပိုင်အမှတ်(၂၀၄)၊ မြေယာအမှတ်(204)၊ မြေဧရိယာ (၀ဒသမ၀၂စ)ဧကရှိ မြေကွက်အား ဦးစိုးမောင်မှ မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး တို့အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ– ၂၀)
မြိတ်ခရိုင်တရားရုံး
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် –၃၇

၁။ ကိုဝင်းသန်းစိုး နှင့် ၁။ ဦးသောင်းရွှေ
၂။ မသူဇာနိုး ၂။ ဒေါ်သန်းသန်းကြူ
တရားလိုများ တရားပြိုင်များ

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ဘုရားကိုင်ရပ်ကွက်၊ ဓီးသွေးဖောင်းလမ်း၊ အမှတ် ၆၉နေ တရားပြိုင် ဒေါ်သန်းသန်းကြူ(ဘ)ဦးသိန်းကြယ်(ယခုနေရပ်လပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ကိုဝင်းသန်းစိုး၊ မသူဇာနိုးတို့က အိမ်နှင့်မြေကိုအပြီးသတ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ်ပြီး လက်ရောက်ပေးအပ်စေလိုမှု(သို့မဟုတ်)အိမ်နှင့် မြေအတွက် ယူထားသော စရန်ငွေကျပ်သိန်း(၁၀၀)၏ နှစ်ဆကျပ်သိန်း(၂၀၀)ကို ပေးလျော်စေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရင်းရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ (၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက် (၁၃၈၁ ခုနှစ် တပေါင်းလဆန်း ၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုများ၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ဖျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အဓိပ္ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးမော်)
ခရိုင်တရားသူကြီး
မြိတ်ခရိုင်တရားရုံး

အမည်ပြောင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံ စက်မှုဇုန်နေ ဦးအောင်စည်သူဦး၏ သမီး ILBC Primary III(E) တက်ရောက်နေသော မပန်းမြတ်အိန္ဒြေ အား မမုဒြာရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိုးကောင်းမြို့၊ နောင်ကိုင်တော်ရပ်နေ ကျွန်မ ဒေါ်အန္နီးဖာ(WMDY –၃၁၂၇၈၈)၏သား မောင်မျိုးဆွေ ၁/ မကတ(နိုင်) ၀၆၄၄၉၉ သည် ကျွန်မ အပေါ် စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်–ဒေါ်အန္နီးဖာ

ပတ်စ်ပို့ ပျောက်

ကျွန်တော်မောင်ကျော်မိုးနိုင် ၁/၀မန(နိုင်)၁၀၈၁၅၇၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ၀၉–၄၄၀၆၈၂၁၄၄

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ (၂)ရပ်ကွက်၊ ဖေဇီရှာနေ ဒေါ်ဆေတာရာနှင့် အများသိစေရန်

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ (၂)ရပ်ကွက်၊ ဖေဇီရှာ၊ ငါးခူရကွင်း၊ အမှတ်(၁၀၄–က)၊ ဦးပိုင်အမှတ်(၈၄–က/၂)၊ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်၏ မိတ်ဆွေနူလမ်မူဟာမက်(Noor Mohamed) ၁၂/မဂ၁ (နိုင်) ၀၈၃၇၈၅ က(၅–၁၁–၁၉၈၈)ရက်တွင် ဝယ်ယူပိုင်ဆိုင်ထားခဲ့သည့် ပစ္စည်းအရပ်ရပ် ဖြစ်ပါသည်။ ယင်းပစ္စည်းပေါ်၌ ကျွန်ုပ်မိတ်ဆွေ၏ညီဖြစ်သူ ဒီလမ်မူဟာမက် (ကွယ်လွန်)နှင့် လူကြီးမင်းတို့မိသားစုအား ကျွန်ုပ်၏ မိတ်ဆွေက မေတ္တာဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားခဲ့ပါသည်။ သို့ဖြစ်ရာ ယင်းပစ္စည်း အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်းသဘောတူ ညီမှုမရရှိဘဲ ရောင်းချခြင်းအပါအဝင် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲမှုများ မပြုလုပ်ပါရန် သတိပေးတားမြစ်လိုက်ပါသည်။

လွှဲအပ်ချက်အရ–
ဦးတင်အေး(တရားလွှတ်တော်ရှေ့နေ)(စဉ်–၆၈၅၈)
၁၄၅၊ လမ်း(၄၀)၊ (၉)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉–၅၀၅၇၈၅၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ၂၃၀+၂၃၁ မော်ဘီမြို့မ၊ အစိုးရမရမ်းတောကွင်း+မရမ်းတလင်းကွင်း၊ ကွင်းအမှတ်-၅၈၇+၅၈၉၊ ဦးပိုင်အမှတ်-၆၉/ ၂+၆၃/ ၁+၆၈/ ၂+၁၁၊ လန-၃၉+၃ယျာဉ်ခြံမြေ၊ ဧရိယာ (၅. ၂၁) ဧကအား မူလပိုင်ရှင် ဒေါ်ငွေးရီမြင့် (၁၃/တခလ (နိုင်) ၀၀၁၆၉၆) ထံမှ ဝယ်ယူလက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်စိန်စိန်မြင့် (၁၂/မဘန (နိုင်) ၀၆၉၆၇၅) မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန် စရံငွေတစိတ်တဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ သို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကိုကိုနိုင် (LL.B) ဦးကျော်မိုး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၁၀) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၈၄)
ဖုန်း - ၀၉ ၄၂၀ ၂၅၆ ၂၅၆ ဖုန်း - ၀၉ ၄ ၂၀၁ ၄ ၆ ၃ ၀ ၉ ၉
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့နယ်၊ အောင်သပြေရွာနေ တက္ကသိုလ်ဝင်တန်းအောင် မဆုမွန်ကျော် ၉/တသန(နိုင်)၂၃ဖ၈၂၃ ၊ သပွတ်ပင် တဲ အထက(ခွဲ)နေ့ဝတန်းမှ မအေးသူဇာမြင့်၊ ဆဌမတန်းမှ မောင်ထက်အာကာဦးတို့၏ဖခင် ဦးကြယ်နီ(ခ)ဦးတင်ဦး ၉/ တသန(နိုင်)၁၄၂၁၄၉ နှင့် မိခင် ဒေါ်ရွှေ(ခ)ဒေါ်ခွေး ၉/တသန(နိုင်)၁၅၀၀၈၇တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာ၊ ကွင်းအမှတ်(၁၀၆၃)၊ ကွင်းအမည်(အင်းတိုင်ကွင်း)၊ ဦးပိုင်အမှတ်(၁၂၄/၁)၊ ဧရိယာ(၅၁'၁၀၇၀') ပေရှိသော ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရှင် ဒေါ်မြကြည် ၁၂/လကန(နိုင်)၁၃၂၇ဖ၇ထံမှ ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှခုနစ် ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးမြတ်မွန်ထွေး ၁၂/တမန(နိုင်)၁၀၂၄၁၀
အမှတ်(၅၄)၊ သမ္မာဒီဠ်လမ်း၊
ဌေးကြွယ်(က)ရပ်ကွက်၊ တာမွေ၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၀၅၈၁၀၁၊ ၀၉–၉၇ဖ၈၉၃၀၄ဖ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ– ၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် –၇၇၂

ဒေါ်တင်တင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဘို(ခ)ဦးဘိုဘို) နှင့်
၁။ ဒေါ်ဇီးဆာသလင်း
၂။ ဒေါ်စောပြည့်ချမ်းသာ
၃။ ဒေါ်စောမြတ်ရတနာ
၄။ ဦးတင်မျိုးမြင့်
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀၊ ၃၀x၃၁လမ်းကြား၊ မန္တလေး အိမ်ရာတိုက်ခန်းများ၊ (L)အဆောင်၊ ဒုတိယထပ်(အနောက်–မြောက်)ထောင့်နေ ၁။ဒေါ်ဇီးဆာသလင်း၊ ၂။ ဒေါ်စောပြည့်ချမ်းသာ၊ ၃။ ဒေါ်စောမြတ်ရတနာ(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်တင်တင် [၎င်း၏ကိုယ်စားလှယ်စာရသူ ဦးဘို(ခ)ဦးဘိုဘို]က အကွက်(၁၇၅)၊ ဦးပိုင်(၁၂–ဃ) ဘိုးဘွားပိုင်မြေနှင့်နှစ်ထပ်တိုက်ကို အမွေဆိုင်သူ ဒေါ်တင်တင်မှ တောင်ဘက်ခြမ်း(တစ်ဝက်)တိတိကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရင်းရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၈၁ ခုနှစ် တပို့တွဲလ ပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ဖျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အဓိပ္ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့ နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရန်ကုန်) တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေနိုင်ငံတော်ဘတ်ဂျက်ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကိုဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရန်ကုန်)

Lot(1) ဆရာ/မ ဆောင် RC(၄)ခန်းတွဲ (၄ထပ်)(၇၈'x၉၄')(၁)လုံး(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain ရေလှောင်ကန် ၆၀၀၀ဂါလန်အပါအဝင်)

Lot(2) ဥက္ကလာပဆောင်အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၂-၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)

တင်ဒါလျှောက်လွှာရောင်းချ မည့်အချိန် - ရုံးချိန်အတွင်း

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၄-၂-၂၀၂၀ ရက် (တနင်္လာနေ့) ညနေ ၄:၀၀နာရီ

တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ - နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရန်ကုန်)

တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၅-၂-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ (တင်ဒါဖွင့်မည့်ရက်/အချိန် ပြောင်းလဲပါကအချိန်မီအသိပေး အပ်ပါမည်။)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရန်ကုန်)၊ (၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၇၈၉၄၂၅၄၅၊ ၀၉-၄၄၄၄၃၃၇၉

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

